
စိတ်ကူးချိုချိုအနုပညာ

# ပီ–မိုးနှင်းစာပေပေါင်းချုပ်

## ပထမတွဲ



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရှိစဉ်က
အလွန်ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့်
စီစဉ်စုစည်းထုတ်ဝေခဲ့သော
ဆရာကြီးပီ–မိုးနင်း၏ စာပေါင်းချုပ် ၃ တွဲမှာ
ယခုအခါ ရှာမရအောင်ရှားပါးနေပြီး
အဆိုပါစာအုပ်မျိုးတို့မှာ
စာအုပ်စင်တိုင်းတွင် အမြဲရှိနေသင့်သော
မပျောက်ကွယ်သင့်သည့်
စာအုပ်ကောင်းများလည်းဖြစ်ပါသဖြင့်
စိတ်ကူးချိုချိုစာအုပ်တိုက်မှ
ပြန်လည်ရိုက်နှိပ်ဖြန့်ချိလိုက်ပါသည်။

pmn0038
4000.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - မုတ်သုန်
၂၀၁၃၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀ ကျပ်

၈၀၈·၈၄

ပီ-မိုးနင်းစာပေါင်းချုပ်ပထမတွဲ
ပီ-မိုးနင်း၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၃၊
စာမျက်နှာ ၃၄၆ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ပီ-မိုးနင်းစာပေါင်းချုပ်ပထမတွဲ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပီ-မိုးနှင်းစာပေါင်းချုပ်

## ပထမတွဲ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ပထမအကြိမ်ရိုက်နှိပ်စဉ်က
ဦးစိုးညွန့် (ဆရာထိလာစစ်သူ)၏
ဥယျောဇဉ်

# စာပေကဝိကြီး ဆရာကြီးပီမိုးနင်း၏စာပေများ စုစည်း၍ စာပေကျောက်စာတိုင်ကြီးများအဖြစ် တည်တံ့နေရေးအားထုတ်ချက်

မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာစာရေးဆရာများ၊ ကဗျာဆရာများသည် အကျိုးပြု စာပေ၊ ယဉ်ကျေးမှုများကို ရေးသားပြုစုခဲ့ကြကြောင်း ဖတ်ရှုတွေ့ရှိရသဖြင့် အဆိုပါ စာပေကဝိကြီးများကို မြန်မာလူမျိုးအားလုံးက ဂုဏ်ပြုကျေးဇူးတင်ကြကြောင်း ရေးသားလိုက်ပါသည်။ မြန်မာစာပေယဉ်ကျေးမှုသည် များစွာကျယ်ပြန့်နက်ရှိုင်းလှကြောင်း၊ စာပေသုတေသနပညာရှင်များက ထုတ်ဖော်ရေးသားထားကြောင်း ဖတ်ရှုရပေသည်။ ဤစာပေယဉ်ကျေးမှုတွင် မြန်မာရာဇဝင်သမိုင်း၊ မြန်မာ စာပေသမိုင်း၊ မြန်မာကဗျာ၊ လင်္ကာပျို့၊ ချောင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ အိုင်ချင်း၊ ဒွေးချိုး၊ လေးချိုး၊ မြန်မာစကားပြေ၊ မြန်မာဝတ္ထုကြီးများ၊ မြန်မာဇာတ်ကြီး၊ ဝတ္ထုကြီးများ၊ မဟာဝင်၊ ဗုဒ္ဓဝင်များ၊ ပိဋကတ်သုံးပုံ ဗုဒ္ဓ ဘာသာစာပေကျမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ခေါင်းလောင်း စာများ၊ ပုရပိုက်စာများ စသည်တို့ အကျုံးဝင်ပေသည်။

စာပေခေတ်များသည် အမြဲတစေပြောင်းလဲဖြစ်ပေါ်နေသည့်အလျောက် တစ်ခေတ်နှင့် တစ်ခေတ် ထွန်းကားပေါ်ပေါက်နေကြောင်း သတိပြုမိသည်။ လူ့လောကကြီးတွင် နိုင်ငံအသီးသီး တည်ရှိနေလေရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စာပေ၊ ယဉ်ကျေးမှု၊ ကူးလူးဆက်ဆံမှုလည်း အစဉ်မပြတ်ရှိကြောင်း ဖော်ပြလိုပေသည်။ သာဓကအဖြစ် တင်ပြရသော် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ၊ (ယခင် သီဟိုဠ်နိုင်ငံ) တို့သည် ထေရဝါဒ၊ ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံ ရောက်ရှိလာခြင်းသည် စာပေယဉ်ကျေးမှု၊ ကူးလူးဆက်ဆံမှု၊ အထင်အရှား အထောက်အထားပင် ဖြစ်ပေသည်။ ဂေါတမ



mgyoe.com

မြတ်စွာဘုရား၏ အဆုံးအမဒေသနာတော်တရားများဖြစ်သော ပိဋကတ်သုံးပုံကျမ်းစာအုပ်များသည် ဘာသာရေးရာ အဆုံးအမများ ဖြစ်နေသည့်အပြင် စာပေအားဖြင့်လည်း အဆုံးအစ မရှိသော ကျယ်ပြန့်ကြီးမားလှသော စာပေ၏ယဉ်ကျေးမှုများလည်းဖြစ်ကြောင်း တွေ့ရသည်။

ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံကျမ်းများကိုပါ ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုဖြန့်ဖြူးလိုက်သောအခါ မြန်မာစာပေသည် ပိုမိုကြွယ်ဝချမ်းသာလာသည်ကို စိစစ်တွေ့ရှိပေသည်။ တစ်ဖန် ကျောက်စာ၊ မင်စာ၊ ခေါင်းလောင်းစာများ၊ ပေစာ၊ ပုရပိုက်စာတို့အဆင့်မှ ပုံနှိပ်စာစက္ကူစာအုပ်များဖြင့် ဖြန့်ချိဆောင်ရွက်သည့်ခေတ်သို့ ရောက်လာသောအခါ မြန်မာစာပေ တိုးတက်အောင်မြင်မှု၊ ကျယ်ပြန့်ပျံ့နှံ့မှုသည် ပိုမိုကောင်းမွန်လာကြောင်း တွေ့ရပြန်လေသည်။ စာပေပုံနှိပ်ဖြန့်ချိမှု စာပုံနှိပ်စက်များ အသုံးချလာချိန်တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စာပေများ ကူးလူးဆက်သွယ်မှုအတိုင်းအတာလည်း လွန်စွာများပြားကာ ကျယ်ပြန့်လာပေသည်။ ပါဠိဘာသာဖြင့် စာပေများ မြန်မာပြည်သို့ ရောက်လာသည့်နည်းတူ အင်္ဂလိပ်ဘာသာဖြင့်လည်း နိုင်ငံတကာမှ စာပေများလည်း ရောက်ရှိလာကြောင်း စိစစ်တွေ့ရှိကြရသည်။ ဤကား လူ့ယဉ်ကျေးမှုစာပေနယ်ပယ် ပြန့်ကျယ်လာမှု အနေအထားအခြေအနေတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာပေသမိုင်း၌ ပုံနှိပ်စက်များ ပေါ်လာသောခေတ်၌ စာရေးဆရာကြီးများ၊ ကဗျာဆရာကြီးများလည်း ထွက်ပေါ်နေလေရာ လက်တီပဏ္ဍိတ ဦးမောင်ကြီး၊ သခင်ကိုယ်တော်မှိုင်း၊ ပီမိုးနင်း၊ မဟာဆွေ၊ သခ်ါ၊ ရဲထွဋ်၊ ဦးပဂိုငို၊ ဦးဖိုးကျား၊ ရန်အောင်၊ ဒဂုန်ဦးစန်းငွေ၊ ဒဂုန်ဦးထွန်းမြင့်၊ ရွှေစကြာ၊ ဒဂုန်နတ်ရှင်၊ ရွှေပြည်ဦးဘတင်၊ ဒဂုန်ခင်ခင်လေး၊ သခင်ဘသောင်း၊ စစ်ကိုင်းဦးဖိုးသင်း၊ ရွှေလင်းယုန် (ဂျာနယ်ကျော် ဦးချစ်မောင်)၊ နန္ဒ၊ ဦးဖေမောင်တင်၊ ဒေါက်တာဘဟန်၊ သိပ္ပံမောင်ဝ၊ ဒေါက်တာ လှဘေ၊ ဝဇီရာ၊ ရွှေပိန်သောင်း၊ သိပ္ပံကျော်ထင်၊ ဇေယျ၊ ဇဝန၊ သိန်းဖေမြင့်၊ သတင်းစာဆရာဦးသိမ်းမောင်၊ တက်ထွန်း၊ ဉာဏ၊ ဦးလတ်၊ ဂျိမ်း(စ်)လှကျော်၊ ဦးကြီး၊ မောင်ဘသင် စသောစာပေပညာရှင်များ တွေ့ရှိရပေသည်။ ဤစာရေးဆရာကြီးများသည် မြန်မာဝတ္ထုများ၊ ဇာတိသွေး၊ ဇာတိမာန်စာအုပ်များ၊ ကဗျာကျမ်းများ၊ လူမှုရေးကျမ်းများ စသည် စာအုပ်များစွာတို့ကို ရေးသားပြုစု၍ မြန်မာစာပေ၌ စကားပြေအရေးအသား ထွန်းကားလာကြောင်း သတိပြုမိသည်။

ဤကဗျာစာရေးဆရာကြီးများအထဲတွင် စာရေးဆရာကြီးပီမိုးနင်း (၁၈၈၃–၁၉၄၀) သည် ၁၉၂၀– ပြည့်နှစ်ပတ်ဝန်းကျင်၌ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (၁၈၇၉–၁၉၃၉) ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃) တို့နှင့်အတူ ဝတ္ထုရေးဆရာကြီးအဖြစ် ထင်ရှားလာကြောင်း ဘက္ကသိုလ်ဝင်းမွန်ပြုစုသော ဝတ္ထုရှည်သမိုင်းစာတမ်း (၁၉၇၉) ခုနှစ်ဖတ်ပွဲ၌ တင်သွင်းဖတ်ကြားသည်ကို မှတ်တမ်းတင်ထားပါသည်။ ထိုစာတမ်းတွင် စာရေးဆရာကြီး ပီမိုးနင်း၏စာပေအတွေးအမြင်၊ စိတ်ကူးစိတ်သန်း၊ ရည်ရွယ်ချက်၊ စေတနာတရား၊ ကြိုးပမ်းအားထုတ်ချက်များကို တင်ပြထားရာ ဖော်ပြလိုက်ပါသည်။

*"နော်ဗယ်ခေါ် ကာလပေါ်ဝတ္ထုတွင် ဇာတ်လမ်း၊ လူ့သဘာဝအဖွဲ့၊ ကာလဒေသ(ဝါ) နောက်ခံ*

ကား ဟူ၍ အင်္ဂါသုံးရပ် အနည်းဆုံး ပါတတ်ပါသည်။ ကာလပေါ် ဝတ္ထုမည်သည် ထိုအင်္ဂါသုံးရပ်ကို အပြေပြစ်ဆုံး စီရင်ထားသောစာဖြစ်ပါသည်။ ခံစားမှုအတွေ့အကြုံဖြင့် လူ့လောကအမှုအရာတို့ကို သရုပ်ဖော်ရသော စာဖြစ်ပါသည်။ ထိုသဘော လက္ခဏာသရုပ်တို့ကို ပီမိုးနင်းနှင့်ရွှေဥဒေါင်းတို့၏ ဝတ္ထုများတွင် တွေ့မြင်ရပါသည်။

ပီမိုးနင်းသည် ဘိုအေမောင်တင့်နှင့် ကချေသည် မယ်မြင့် (၁၉၁၅)၊ ပွဲစားကြီးသားအဖနှင့် မြမြ (၁၉၁၈) ဝတ္ထုတို့ကို ရေးသားပြီးနောက် (၁၉၂၀) ခုနှစ်တွင် သနားဖွယ်၊ ထင်ယောင်မှား၊ ဟေမဝန်ဗွေ၊ နေညိုညို၊ နေရီရီ၊ ဘားမားဒေး ဝတ္ထုများကိုလည်းကောင်း၊ ၁၉၂၁– ခုနှစ်တွင် မယ်ယက္ခဝတ္ထု၊ ၁၉၂၂– ခုနှစ်တွင် လွမ်းဆွတ်သူ၊ ရန်သူနှင့်ရင်သွေး စသော ဝတ္ထုများကိုလည်းကောင်း၊ ပီမိုးနင်း၊ ပိုက်ဆံကြီးကလောင်အမည်တို့ဖြင့် ဆက်တိုက်ရေးဖွဲ့ခဲ့ပါသည်။

ထိုဝတ္ထုများမှာ သာမန်အချစ်ဝတ္ထုများဟု ဆိုနိုင်သော်လည်း လူမှုရေး၊ နိုင်ငံရေးဦးတည်ချက်၊ စေတနာပါရှိကြောင်း တွေ့မြင်ရပါသည်။ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားအောက်တွင် အမှုထမ်းသော မြို့အုပ်၊ မြို့ပိုင်တို့ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည် မေ့လျော့တတ် အထင်သေး တတ်သည့်အဖြစ်ကိုလည်းကောင်း၊ လူကုံထံပွဲစားကြီးတို့ ကိုယ်ကျင့်တရားပျက်၍ မိန်းမလိုက် စားကြသည့်အဖြစ်ကိုလည်းကောင်း၊ တောသူ တောင်သားတို့၏ ရိုးသားမှုအပေါ်တွင် လူရှုပ်လူ ပွေတို့ အခွင့်ကောင်းယူကာ ဒုက္ခပေးတတ်သည့်အဖြစ်ကိုလည်းကောင်း၊ အရင်းရှင်အိမ်ထောင်ရေး စနစ်၌ ရာထူး၊ ရာခံ ဂုဏ်ပကာသနတို့ကို ရှေ့တန်းတင်ကြပုံ၊ မေတ္တာစစ်၊ မေတ္တာမှန်မရှိပုံ၊ ယုတ်မာ ဖောက်ပြန်တတ်ပုံတို့ကိုလည်းကောင်း၊ စက်ဆုပ်စရာ၊ ဆင်ခြင်စရာဖြစ်လာအောင် သရုပ်ဖော်ရေး ဖွဲ့ထားသည်။ ဖောက်ပြန်ပျက်စီးနေသော လူတန်းစားအလွှာတို့ကို မြန်မာစာဖတ်ပရိသတ် သတိ ပြုမိအောင် ရေးဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။

တို့မြန်မာလွတ်လပ်ရေးအခြေခံ ဟုမ်းရူးလ်ရဖို့ရန်အတွက် ဘိလပ်သို့ ဒုတိယအကြိမ်သွားဖို့ ရန်အတွက် ရန်ပုံငွေရှာသည့်ပွဲတော်ကို ဇာတ်လမ်းနောက်ခံထားသော ဘားမားဒေးဝတ္ထုတွင် လူမှု ရေး၊ နိုင်ငံရေးဦးတည်ချက်များမှာ အခြားဝတ္ထုတို့ထက် ပို၍ထင်ရှားပေါ်လွင်နေပါသည်။ ထိုဝတ္ထု တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်သော သတိပေးနှိုးဆော်ချက်များ၊ ဝေဖန်အကြံ ပေးချက်များကို ဆိုင်သင့်ရာရာ ထည့်သွင်းရေးဖွဲ့ထားသည်ကို တွေ့မြင်ရပါသည်။

ပီမိုးနင်းသည် ဝတ္ထုများရေးဖွဲ့ရာ၌ အင်္ဂလိပ်ဝတ္ထုဆရာတို့၏ဝတ္ထုများကို မှီး၍ ရေးလေ့ရှိ ကြောင်း၊ ရေးသည့်ဝတ္ထုများမှာလည်း ဇာတ်လမ်းအသားပေးဝတ္ထုများသာဖြစ်ကြောင်း၊ လူ့သဘာဝ အဖွဲ့၌မူ အားနည်းတတ်ကြောင်း၊ ထို့ပြင် ဇာတ်လမ်း၌ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်နှင့်မကိုက်ညီသော အနောက်တိုင်းဆန်သည့် ချွတ်ယွင်းချက်၊ ဟာကွက်များကို တွေ့ရကြောင်း၊ သုတေသီအများပင် ထုတ်ဖော်ရေးသားကြပါသည်။ ထို့အတူ ပီမိုးနင်း၏ဝတ္ထုများ ကြောင့် ကာလပေါ်ဝတ္ထုပုံသဏ္ဌာန်မှာ ပို၍ပီပြင်လာသည့်အဖြစ်ကိုလည်း သုတေသီများပင် တညီ တညွတ်မှတ်ချက်ချပါသည်။

ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုပုံသဏ္ဌာန် ပို၍ပီပြင်အောင် ကြိုးပမ်းအားထုတ်ခဲ့သူအဖြစ်



mgyoe.com

mgyoe.com

*ထင်ရှားရုံမက ကိုယ်ပိုင်ဉာဏ်ကို သုံးပြီး လွယ်ကူရှင်းလင်းသောအရေးအသားဖြင့် ရေးသားသည့် စကားပြေအရေးအသား သစ်ထွန်းလာအောင် ဦးဆောင်ကြိုးပမ်းခဲ့သူအဖြစ်လည်း ထင်ရှားပါသည်"*

စာရေးဆရာကြီးမောင်ထင်ကလည်း ဘဝသရုပ်ဖော်မြန်မာဝတ္ထုရှည်စာတမ်း (၁၉၇၉) ခုနှစ် ဖတ်ပွဲ၌ စာရေးဆရာကြီးပီမိုးနင်း၏ မြန်မာဝတ္ထုများနှင့် စပ်လျဉ်း၍ ဝေဖန်သုံးသပ်ထားသည်ကို ဖတ်ရှုရပြန်သည်။ ဆရာကြီးပီမိုးနင်းသည် မြန်မာစာပေလောကအတွက် အထူးကြိုးပမ်းအားထုတ်၍ ဘဝကို စာပေ၌မြှုပ်နှံလျက် ဆောင်ရွက်လုပ်ကိုင်ထားသော စာပေရှင်ကြီးတစ်ဆူဖြစ်သည်ဟု ဆိုလိုက်ပါသည်။ သူသည် ဝတ္ထုအတတ်ပညာဖြင့်သာမက မြန်မာလူမျိုး၏ ကြီးပွားတိုးတက်ရေး၊ စိတ်ဓာတ်မြင့်မားကြံ့ခိုင်ရေးတို့အတွက်ပါ စာအုပ်ပေါင်းများစွာ ရေးသားခဲ့ကြောင်း တွေ့ရသည်။ ယင်းထက် ကျမ်းစာအုပ်များအကြောင်းလည်း ဆက်လက်ဖော်ပြပါဦးမည်။ ယခု စာရေးဆရာကြီး မောင်ထင်၏ ဝေဖန်သုံးသပ်ချက်ကို ကောက်နုတ်၍ ဖော်ပြလိုက်ပါသည်။

*"ပထမကမ္ဘာစစ်မဖြစ်မီ နှစ်အနည်းငယ်အတွင်းဝယ် မောင်ကျော်ညွန့်ဆိုသူ လူငယ်တစ်ဦးသည် သတင်းစာလောကထဲသို့ ဝင်ရောက်၍ မောင်ကျော်၊ ပိုက်ဆံကြီး၊ ဦးလေပွေ၊ ပီမိုးနင်း ဟူသော ကလောင်အမည် အမျိုးမျိုးတို့ဖြင့် ဆောင်းပါးနှင့်ဝတ္ထုတို/ရှည် မြောက်များစွာတို့ကို ရေးသည်။ ဘီအေမောင်တင့်နှင့်ကချေသည်မယ်မြင့် (၁၉၁၆) ကို မောင်ကျော် အမည်ဖြင့် ရေးစဉ်က လူသိမများသေး။ သို့သော် ထိုဝတ္ထုသည် မြန်မာကာလပေါ် ဝတ္ထုရှည်အဖွဲ့သစ်၏ခေတ်ကို လမ်းခင်းပေးသည်။ ပီမိုးနင်းအမည်ဖြင့် နေညိုညိုကို ရေးသောအခါ ထိုအဖွဲ့သစ်ကို ဦးဆောင်သော ကိုယ်ပိုင်ဉာဏ်ဖြင့် အသစ်ထွင်သည့်ဝါဒကို ယတိပြတ် ချမှတ်လိုက်သည်။ ဘဝသရုပ်ဖော်ခြင်း၌မူ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်သည် နေညိုညိုထက် ပေါ်လွင်သည်။ ရှေးခေတ် ရန်ကုန်ကောလိပ်ကျောင်းသားကြီးတို့၏ စရိုက်၊ ကျောင်းသားနှင့် အငြိမ့်သမတို့ သမုဒယနှောင်ကြိုး ငြိတွယ်ကြပုံ စသည်တို့ကို သရုပ်ဖော်ရာ၌ ပြောင်မြောက်သည်။ ဇာတ်လမ်း၏ အနှစ်မှာ ကချေသည်နှင့်ရွှေမင်းသားတို့၏ လူတန်းစားဆက်ဆံရေး သဘာဝဖြစ်သည်။ တကယ့်အဖြစ်ကို မှီး၍ ရေးခြင်းကြောင့် တကယ့်လောက၊ ဒိဋ္ဌလောကနှင့်နီးစပ်သည်။ စာရေးဆရာသည် အငြိမ့်သမကို အောက်ကျနောက်ကျ လူတန်းစားအဖြစ်မှ ကယ်တင်၍ လူရာဝင်အောင် ဖန်တီးသည်။ သို့သော် အငြိမ့်သမကို အနုပညာရှင်အဖြစ်ဖြင့် မြှောက်စားခြင်းကိုမပြု။ အငြိမ့်သမဘဝမှ လူကုံထံသားသမီးဘဝသို့ ရောက်အောင်သာ မြှင့်တင်ပေးသည်။ ပီမိုးနင်း နာမည်ကြီးလာသောအခါ မြင့်မြတ်သော စိတ်ဓာတ်ဖြင့် ချစ်ခြင်းမေတ္တာကို တန်ဖိုးထားစေလိုသော ဆန္ဒ၊ ချစ်မေတ္တာကို အကြောင်းပြု၍ ယောကျ်ားတံခွန် လူရည်ချွန်က မိုးစွန်တမွတ်၊ ကြယ်ကို ဆွတ်သောသဘာဝ၊ လူ့ဘုံခန်းဝါ၌ ဒုက္ခကို အရင်းတည်ရသော ဓမ္မတာ စသည်တို့ကို ကောင်းစွာသရုပ်ဖော်သည်။ ဟေမဝန်ဆွေ၊ တစ်ကိုယ်တော်၊ သဲမြဉ္စာတို့သည် ဘဝနှင့်ရင်ဆိုင်ခြင်းကို သရုပ်ဖော်ရာ၌ ပြောင်မြောက်သည်"*

mgyoe.com

ဝတ္ထုစာပေပြုစုဝေဖန်ရေးသားသူ မလိခသည် မြန်မာဝတ္ထုအညွှန်းစာအုပ်အမည်ဖြင့် မြန်မာ

စာပေလောကတွင် စာရေးဆရာကြီး အသီးသီးတို့၏ ထင်ရှားအောင်မြင်သော ဝတ္ထုကြီးမှ သင့်နိုးရာရာဝတ္ထုကြီးတစ်ပုဒ်စီ တစ်ပုဒ်စီကို ထုတ်နုတ်၍ ဝတ္ထု၏ဇာတ်ဆောင်နှင့် ဇာတ်လမ်း၊ ဝတ္ထုနှင့် ဝတ္ထုရေးသူ ခေါင်းစဉ်တပ်၍ ရေးသားခဲ့သည်ကို ဖတ်ရသည်။ စာရေးဆရာကြီး ပီမိုးနင်း၏ဝတ္ထုများစွာအနက် နေရီရီ (၁၉၂၀) ဝတ္ထုအကြောင်းကို ရေးသားသည်။ ထိုရေးသားချက်ကို ထုတ်နုတ်ဖော်ပြပါဦးမည်။ မြန်မာဝတ္ထုလောကတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာကြီး ပီမိုးနင်းတို့ (၃) ဦးသည် မြန်မာစာပေလောကအတွက် များစွာကျေးဇူးပြုခဲ့ကြသူများ ဖြစ်ကြကြောင်း၊ ထိုသူတို့၏စာပေများ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ဝေဖန်ရေးဆောင်းပါးများ၊ ကြီးပွားတိုးတက်ရေးကျမ်းများက သက်သေ သာဓကပြုကြလျက် ရှိပါသည်။

သူတို့၏စာများသည် မည်သည့်အချိန်ဖတ်ဖတ် မရိုးနိုင်။ အဆင့်အတန်းနိမ့်ကျ၍ မသွားနိုင်။ ကောင်းမွန်မြဲကောင်းမွန်လျက် ရှိနေပြီး မြန်မာစာ စာပေလောက၏ဂုဏ်ကို ဆောင်လျက်ရှိကြောင်း စိစစ်သုံးသပ်ရရှိနေပေသည်။ သူတို့၏စာပေများသည် သူတို့ခေတ်ကာလ၏စာပေမှတ်တိုင်ကြီးများဖြစ်သည့်နည်းတူ မြန်မာစာပေလောသမိုင်း၏ ခိုင်ခန့်တည်မြဲသော စာပေမှတ်တိုင်ကြီးများအဖြစ် ရပ်တည်လျက်ရှိသည်ဟု ဆိုလိုက်ပါသည်။ သူတို့၏ဦးနှောက်အတွင်းမှ ယိုစီးကျလာသော စာပေအတွေးအခေါ် အယူအဆအရေးသားများ၊ စိတ်ကူးစိတ်သန်းရည်ရွယ်ချက်များ၊ စေတနာတရား မေတ္တာတရားများသည် မြန်မာစာပေယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက် အကျိုးပြုရာ၌ အတိုင်းမသိ အောင်မြင်ပါပေသည်ဟု ချီးကျူးထောပနာ ပြုလိုက်ပါသည်။ မလိခ၏ ဝေဖန်သုံးသပ်ချက် နေရီရီ (၁၉၂၀) ဝတ္ထုအကြောင်းကို ဖတ်ရှုကြည့်ကြပါစို့။

## ဝတ္ထုနှင့်ဝတ္ထုရေးသူ

*"ကျုပ်နာမည်ကလည်း နေဝင်း၊ မင်းနာမည်ကလည်း ရီရီ၊ သည်ဘဝမှာ အေးချမ်းသာယာတဲ့ အထိမ်းအမှတ်ကို အစွဲပြုပြီး မင်းနဲ့ကျုပ်အကြောင်းကို 'နေရီရီ' ဆိုတဲ့ ဝတ္ထုကြီးဖြစ်အောင် ပညာအလင်းက ဆရာပိုက်ဆံကြီးထံ သွား၍ပြောပြီး တောင်းပန်ကြည့်ရလျှင် မကောင်းဘူးလား" ဟူသော မောင်နေဝင်း၏ ဇာတ်သိမ်းပိုင်းစကားသည်ပင် ပိုက်ဆံကြီး အမည်ခံ ပီမိုးနင်းအဖို့ ထိုဝတ္ထုဖြစ်ပေါ်လာရသည်ဟု ဆိုလိုဟန်ရှိပေသည်။*

*ဤသို့လျှင် မြန်မာဝတ္ထုပုံစံသည် နှစ်ဆယ်ရာစုနှစ် ပထမပိုင်းကာလမှာပင် ပြောင်းလဲတိုးတက်လာသော အရေးအဖွဲ့ပုံစံကို ရှေးရှုလာခဲ့ပြီဟု ဆိုရပေမည်။ ဝတ္ထုရေးသူသည် သူ့ကိုယ်တွေ့ကို ကိုယ်တွေ့တစ်ဆင့်ကြား ဖြစ်ရပ်ဟန်အသွင်ဖြင့် နိဂုံးချုပ်လိုဟန်ရှိပေသည်။ မှန်သည်။ ပီမိုးနင်းသည် စာပေလေ့လာမှု အကျယ်အပြန့်ရှိခဲ့သော စာရေးဆရာဖြစ်သည်။ အတွေ့အကြုံလည်း များခဲ့သည်။ သူသည် မြန်မာဝတ္ထုကို ကမ္ဘာ့ဝတ္ထုပုံစံသို့ ချဉ်းကပ်လာအောင် ဆွဲဆောင်ရာ၌ အထိရောက်ဆုံး စွမ်းဆောင်ခဲ့သော စာရေးဆရာဖြစ်သည်ဟု ဆိုရပေမည်။*



mgyoe.com

mgyoe.com

စင်စစ် နေရီရီသည် ပီမိုးနင်း၏ ထင်ရှားသောဝတ္ထုဖြစ်စေကာမူ ပီမိုးနင်း၏ပင်ကိုယ်ရေးဝတ္ထုကား မဟုတ်ပေ။ ချားလ်စ်ဂါးဗစ်၏ဂျတ်စ်အဂဲ မည်ရှိ အင်္ဂလိပ်ဝတ္ထုကို မှီငြမ်းပြု၍ရေးထားသောဝတ္ထုဖြစ်ပေသည်။ သို့ရာတွင် မှီငြမ်းပြုရာ၌ တတ်နိုင်သမျှ မြန်မာအငွေ့အသက် ပါဝင်အောင် မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့လူ့စရိုက်နှင့် ဟပ်မိစေအောင် အားထုတ်ရေးသားခဲ့သည်ကို တွေ့ရ၏။ ပုံစံပြရလျှင် ရီရီတစ်ယောက်တည်း မောင်နေဝင်းကို တွေ့ရန်လာသောအခန်းသည် အနောက်ဓလေ့စရိုက်အနေနှင့် မဆန်းကြယ်လှပေ။ မြန်မာဓလေ့ မြန်မာ့စရိုက်တွင်မူ ရီရီ၏အပြုအမူကို ယုတ္တိတန်စေရန် ရီရီ၏စိတ်ဝေဒနာကိုလည်းကောင်း၊ ရီရီ၏စရိုက်အမူအကျင့်ကိုလည်းကောင်း၊ အတော်ပင် အလေးပေးဖော်ပြထားသည်ကို တွေ့ရလေသည်။ သို့စေကာမူ မိဘများမရှိသည့်နောက် တစ်ယောက်တည်းသော မိန်းမပျိုသူဌေးမလေးအဖြစ် တစ်ကိုယ်တည်းနေထိုင်ခြင်း၊ ခရီးသွားလာခြင်းများကား မြန်မာလောကတို့တွင် တွေ့ရခဲသော အခြေအနေမျိုးဖြစ်၏။

ဇာတ်လမ်းသဘောအရ အလင်းအမှောင်၊ အနိမ့်အမြင့်သဘောကို အကွက်ဆင်ထားသည်မှာ ထင်ရှားသည်။ အကွက်ဆင်သမားရိုးကျဇာတ်မျိုး၊ ဇာတ်လမ်းအသားပေးဝတ္ထုမျိုးဖြစ်လေသည်။

သို့သော် မြန်မာ့ဝတ္ထုပေါ်ဦးစကာလတွင်ကား ထူးခြားသော ဇတ်လမ်းမျိုးဟုဆိုရပေမည်။

ဇာတ်ဆောင်တို့ကို ဖော်ပြရာ၌ စာရေးဆရာသည် စရိုက်ကို ပီပြင်ရန် အားထုတ်ဟန်ရှိသော်လည်း အားရကျေနပ်လောက်ဖွယ် မရှိပေ။ စာရေးဆရာသည် သူ့ဇာတ်ကောင်တို့၏အမူအကျင့်ကို ဖော်ပြရာ၌ စရိုက်ပီမှုကို ကျားကန်သည့်သဘော အပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့၌ မလစ်မဟာစေရန် ဖန်တီးထားစေကာမူ မူလဝတ္ထု၏ဇာတ်လမ်းအားဘက်သို့ ယိမ်းညွှတ်ပေးရမှုကြောင့်၊ တစ်နည်းဆိုရလျှင် ဇာတ်နာစေရန် ဖန်တီးပေးရမှုကြောင့် ဇာတ်ဆောင်သရုပ်ဆောင်မှု ကျေနပ်လောက်ဖွယ်ရာ မတွေ့ရခြင်းဖြစ်သည်ဟု သဘောရပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာဝတ္ထုလမ်းကြောင်းတွင် ဇာတ်ဆောင်သရုပ်ဖော်မှုအပိုင်းကိုလည်း အထူးအာရုံပြုလာကြသည့်သဘောကိုလည်း တွေ့ရလေသည်။

ဝတ္ထု၏အခြေခံဦးတည်ချက်အဖြစ် စိတ်စေတနာကောင်းထား၍ ကြီးပွားမှုလမ်းကြောင်းသို့ ရှေးရှုပေးထားသည်ကိုလည်းကောင်း၊ စေတနာမှန်၊ မေတ္တာမှန်ပါက စေတနာအကျိုး၊ မေတ္တာအကျိုး ခံစားရသောသဘောကိုလည်းကောင်း ဦးတည်ချက်ပြုထားသည်ဟု သဘောရပါသည်။

နေရီရီသည် မြန်မာဝတ္ထုပြုစုပျိုးထောင်ကြသော ရှေ့ဆောင်ရှေ့ရွက်ဝတ္ထုများတွင် တစ်ပုဒ်အပါအဝင်ဖြစ်သည်။ ပင်ကိုယ်ရေးဝတ္ထုမဟုတ်စေကာမူ မြန်မာဝတ္ထုဖွံ့ဖြိုးရေးကို၊ တစ်နည်း မြန်မာဝတ္ထုအင်အား တိုးတက်ရေးအတွက် အားဖြည့်ရာ၌ မြန်မာစရိုက်၊ မြန်မာဓလေ့နှင့်စပ်ဟပ်သော မြန်မာမှုပြုဝတ္ထုများသည် အရေးပါသောအစိတ်အပိုင်းတွင် ပါဝင်ခဲ့သည်ကိုကား ငြင်းပယ်၍ မရနိုင်ပေ။ ဤနေရာတွင် အထူးသဖြင့် ပီမိုးနင်း၏အားထုတ်ခဲ့မှုများသည် အထူးပင်လေးစားအပ်သည်ဟု သဘောရပါသည်။ မြန်မာဝတ္ထုလမ်းကြောင်းကို ပိုမိုပီသစေရန် အားထုတ်ရာ၌ ပီမိုနင်းသည် အရေးပါသော စွမ်းဆောင်နိုင်သော စာရေးဆရာအဖြစ် သတ်မှတ်ရမည်သာ ဖြစ်ပေသည်။

ပီမိုးနင်းသည် ဝတ္ထုဇာတ်လမ်းသဘောအရလည်းကောင်း၊ ဝတ္ထုအရေးပုံစံအရလည်းကောင်း၊

mgyoe.com

*တိုးတက်သောလက္ခဏာကို ဆောင်ခဲ့သည်သာ မဟုတ်ပေ။ စာပေအရေးအသား၊ အထုံးအဖွဲ့အားဖြင့်လည်း ခေတ်သစ် မြန်မာဝတ္ထုနှင့်တကွ မြန်မာစာအရေးအသားကို ဦးဆောင်ပြုခဲ့သည် ဆိုရပေမည်။ ပီမိုးနင်း မတိုင်မီ လင်္ကာစကားပြေ ရောထွေးသော အရေးမျိုး၊ လွန်ကဲသော အဖွဲ့အနွဲ့ဖြင့် တန်ဆာဆင်ရေးဖွဲ့နည်းမျိုး၊ ဝါကျရှည်အရေးအသားမျိုးမှ လမ်းခွဲ၍ အမြင်ရှင်း၊ အတွေးရှင်း၊ အရေးရှင်း စကားပြေအရေးအသားကို လမ်းသစ်ထွင် ဦးဆောင်မှုများတွင် ပီမိုးနင်း မည်သို့ ဦးဆောင်ခဲ့သည်ကိုလည်း ဤဝတ္ထုပုံစံဖြင့်ပြ၍ ထင်ရှားစေနိုင်လေသည်။*

*ပီမိုးနင်းသည် ဝတ္ထုများသာမဟုတ်၊ ကျမ်းစာအုပ်အများကိုလည်း ရေးခဲ့၏။ များစွာသော ပီမိုးနင်း၏ပညာပေးကျမ်းများတွင် လောကီမှုတက်ကျမ်းများသည် ထင်ရှား၏။ ပီမိုးနင်းသည် ကျွန်ဘဝရောက် မြန်မာလူငယ်လူရွယ်တို့၏ စိတ်နေသဘောထား၊ အကြံအစည်၊ စရိုက်မှော်မှန်းချက်တို့ကို ပုံကိုင်ရာ၌ ထင်ရှားသူတစ်ဦးဖြစ်ပေသည်။ ပီမိုးနင်း၏အခြားထင်ရှားသော ဘားမားဒေး ဝတ္ထုများသည် အမျိုးသားရေး အားမာန်ကို သရုပ်ဖော်လှုံ့ဆော်ရာ၌ ထိရောက်သလိုပင်၊ ယခုဝတ္ထု၌လည်း လူတော်လူကောင်းတစ်ယောက်၏ စရိုက်စိတ်နေကို အခါအခွင့်သင့်သလို လှုံ့ဆော်ထားသည်ကို တွေ့ရပေသည်။*

*ဤသို့လျှင် နေရီရီသည် ဝတ္ထုသဘောအရလည်းကောင်း၊ ထိုခေတ် မြန်မာတို့၏ လူ့အဖွဲ့အစည်း၌ လိုအပ်သော စိတ်နေသဘောထား၊ လှုံ့ဆော်မှုအပိုင်းအရလည်းကောင်း၊ ထိုခေတ်ကာလအတိုင်းအတာအားဖြင့် အောင်မြင်တိုးတက်သောအဆင့်တွင် တည်ရှိခဲ့သည်ဟု ဆိုရပေမည်။ ဤသို့ဖြင့် နေရီရီသည် မြန်မာဝတ္ထုလောကတွင် ထင်ရှားခဲ့ရသည်ဟုလည်း ဆိုရပေမည်။*

*နေရီရီကို ပထမအကြိမ်အဖြစ် ၁၉၂၀ ခုနှစ်တွင် ပိုက်ဆံကြီး ကလောင်မည်ဖြင့် ထုတ်ဝေခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၅၀ ခုနှစ်တွင် တတိယအကြိမ် အသီးသီး ထုတ်ဝေခဲ့၏။*

ဆရာကြီးပီမိုးနင်းသည် ဗြိတိသျှကိုလိုနီခေတ် မြန်မာစာပေသမိုင်းတွင် စာပေယဉ်ကျေးမှုလောက၌ ဦးဆောင်ဦးရွက်ပြုသော စာပေကဝိတစ်ဆူဖြစ်ပါသည်။ သူသည် စာရေးဆရာကြီး၊ သတင်းဆရာကြီး၊ ဘာသာပြန်ဆရာကြီး၊ ကျမ်းပြုဆရာကြီးအဖြစ် ရပ်တည်၍ စာပေကျမ်းများ၊ ဝတ္ထုဆောင်းပါးများရေးသားလျက် ကွယ်လွန်သည်အထိ မြန်မာလူမျိုးတို့၏အကျိုးကို သယ်ပိုးသွားသူ စာပေပညာရှင်ကြီးဖြစ်ကြောင်း စာပေပညာရှင်အသီးသီးက တလေးတစားဖြင့် အသိအမှတ်ပြုကြပါသည်။ ဤစာပေပညာရှင်ကြီး၏ ကျေးဇူးတရားသည် မြန်မာစာပေလောကတွင် ကြီးမားလှပါသည်။

မြန်မာဘုရင်တို့၏ ပဒေသရာဇ်အုပ်စိုးမှုမှ ဗြိတိသျှဘုရင်တို့၏ ကိုလိုနီအုပ်စိုးမှု ပြောင်းလဲလာသောအခါ ခေတ်စနစ် စာပေ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ အနုပညာရေး၊ ယဉ်ကျေးမှု၊ တွေးခေါ်မြော်မြင်မှု စသည်တို့လည်း ပြောင်းလဲလာရကြောင်းတွေ့ရှိပေသည်။

မည်သို့ပင် ခေတ်စနစ်အကြောင်းပြု၍ အခြေအနေသစ်များ ဖြစ်ထွန်းပြောင်းလဲလာစေကာမူ မူလရှိပြီးသောယဉ်ကျေးမှုနှင့် ဇာတိသွေး၊ ဇာတိမာန် မျိုးချစ်စိတ်ဓာတ်တို့သည်ကား တည်တံ့ခိုင်



mgyoe.com

မြလျက် မြန်မာလူမျိုးတို့၏ ရင်တွင်းဝယ် အစဉ်ကိန်းအောင်း၊ ရှင်သန်ကြီးထွား၊ အမြဲရှင်သန် ကြီးပွားနေသည်ကိုလည်း နယ်ချဲ့ဆန့်ကျင်ရေး၊ အရေးတော်ပုံအသီးသီးက သာဓက ပြလျက်ရှိကြောင်း ဖော်ပြနေပေသည်။ သူတစ်ပါးလက်အောက် ကျွန်သဘောက်ဘဝတွင် မြန်မာလူမျိုးတို့သည် လွတ်လပ်ရေးရရှိရန်အတွက် မျိုးရိုးစဉ်ဆက်အလိုက် တိုက်ပွဲဝင် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားများ ပညာရေးစနစ် အက်ဥပဒေတိုက်ပွဲ၊ ၁၉၃၀–၁၉၃၂ ခုနှစ် ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံတိုက်ပွဲ၊၁၉၃၈–၁၉၃၉ ခုနှစ် ဗိုလ်အောင်ကျော် ကျောင်းသားအရေးတော်ပုံတိုက်ပွဲ ဤတိုက်ပွဲများနှင့်အတူ ဆရာကြီး ပီမိုးနင်းသည် အတူလိုက်ပါလာကာ သူကိုင်စွဲသော ကလောင်လက်နက်ဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ သူ၏စာများ၊ ဝတ္ထုများ၊ ဆောင်းပါးများ၌ ဖတ်ရှုသိရှိရပေသည်။ ထိုစာများအနက် ပီမိုးနင်း နှစ်ကိုးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော ပီမိုးနင်းဘဝနှင့် စာပေစာအုပ်မှ စာရေးဆရာ မင်းကျော်၏ ပီမိုးနင်း၏မျိုးချစ်စိတ်ဓာတ်ဆောင်းပါး၊ ဘာမားဒေးနံပါတ် ၁။ ၂။ ဝတ္ထုများပါ အချက်အလက် အချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

*"ထိုထက်သော်ကား ဆရာကြီး၏အကြောင်းအရာ၊ ဘားမားဒေး၌ ဆရာကြီးသည် ဗီးလတ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် ခရီးစရိတ်ရရန် ဘားမားဒေး ဈေးဝင်းကြီးဖွင့်ခဲ့ပုံ၊ ဤဈေးခင်း၌ မြန်မာဖြစ်အထည်များကို ရောင်းချ၍ ခရီးစရိတ် ရန်ပုံငွေရှာပုံတို့ကို ဖော်ပြခဲ့၏။ ယင်းတွင် အမျိုးသမီးများကိုယ်တိုင်က မိမိတို့ ဈေးရောင်း၍ရသော ငွေကို စရိတ်ပြုပြီး ဗီးလတ်သို့ သွားရောက်ကာ မြန်မာ့လွတ်လပ်ရေးကို အရေးဆိုရန်အားထုတ်ပုံ ဓာတ်လမ်းဖွဲ့ထားသည်ကိုလည်း တွေ့ရပါသည်။*

*ဆရာကြီး၏ဝတ္ထုအများကို လေ့လာကြည့်ပါ။ ဆရာကြီးသည် မြန်မာအမျိုးသမီးများ ခေတ်မီတိုးတက်ရေး၊ လောက၊ ဘဝအရေးကိစ္စများတွင် ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်ရေးနှင့်နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရေး၊ လှုံ့ဆော်အားပေးရေးသားချက်များကို တွေ့ရတတ်လေသည်။ ဆရာကြီး၏ ဝတ္ထုများက အမျိုးသမီးဓာတ်ဆောင်များမှာ ဆရာကြီးဖြစ်စေလိုသော မြန်မာအမျိုးသမီးများဖြစ်နေတတ်သည်ကို တွေ့နိုင်လေသည်။*

*ယခု ဘားမားဒေးတွင် တွေ့ရသော အမျိုးသမီးဓာတ်ဆောင်များသည် ဆရာကြီး၏ အခြားအခြားသောဝတ္ထုများ၌ တွေ့ရတတ်သော အမျိုးသမီးဓာတ်ဆောင်များဖြစ်လေသည်။ ဆရာကြီးသည် သူ၏ဝတ္ထုများ၌ အမျိုးသားလွတ်မြောက်ရေးနှင့်ပတ်သက်သော ဆရာကြီး၏အခြေခံသဘောထားကိုလည်း အခွင့်သင့်သလို ထည့်သွင်းဖော်ပြတတ်လေသည်။ ဤအချက်မှာ အမျိုးသားစီးပွားရေး ထူထောင်မှုဖြစ်ပေသည်။ ဘားမားဒေးသည် အမျိုးသားစီးပွားရေးလုပ်ငန်း အခြေခံဝတ္ထုဖြစ်လေသည်။*

*ဆရာကြီး၏ဝတ္ထုများတွင် ဘားမားဒေးသည် အစောပိုင်းဝတ္ထုများ၌ ပါဝင်၏။ ၁၉၂၀ ပြည့်နှစ်၊ အမျိုးသားရေးလှုပ်ရှားမှု အရှိန်အဟုန်နှင့်ယှဉ်၍ ပေါ်ပေါက်လာသော ဝတ္ထုဖြစ်လေသည်။*

*၁၉၃၈– ၃၉ ကာလသည် မြန်မာတို့၏လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန်မြင့်မားလာသောကာလဖြစ်သည်။ အမျိုးသားရေးလှုပ်ရှားမှု အရှိန်အဟုန်အမြင့်မားဆုံးကာလလည်း ဖြစ်ပေသည်။ ထိုအချိန်မြန်မာတို့၏မျိုးချစ်စိတ်၊ နိုင်ငံရေးလှုပ်ရှားမှုနှင့် လုပ်ရပ်များကို အခြေခံ၍ ဆရာကြီးသည် ဟသ်ာကိုးသောင်းဇာတ်ကို ပုံဆောင်၍ ဇာတ်တူသား မစားရေးနှင့် ညီညွတ်ရေးအင်အားကို ဖော်ပြခဲ့၏။*

*ဇာတ်လမ်းသဘောမှာ ဤသို့ဖြစ်သည်။ အိုင်–စီ–အက် ဦးထွန်း၏ညီ အောင်တင်သည် ဘီအေ အောင်ပြီးနောက် နိုင်ငံရေးလုပ်ငန်းကို လုပ်နေသည်။ ရှေ့နေကြီးသမီး မယ်လှနှင့်လည်း ရင်းနှီး၏။ ထိုအခြေအနေတွင် မယ်လှကို တစ်ဖက်သတ် ကြိုက်နေသော ရာဇဝတ်ဝန်ထောက်လူပျိုကြီး ဦးဘိုးမြက မကျေနပ်။ အကြောင်းကား သူ မယ်လှကို ပိုးနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဦးဘိုးမြသည် အောင်တင် အစ်ကို အိုင်–စီ–အက် ဦးထွန်းကို ညီဖြစ်သူ နိုင်ငံရေးလုပ်နေသည်ကို သတင်းပို့၏။ ထိုအခါ အစ်ကိုက ညီကို ရိုက်သည်။ ထိုအချိန်မှစ၍ အောင်တင်သည် လျှို့ဝှက်နိုင်ငံရေးလုပ်ငန်းကို လုပ်လေသည်။ အောင်တင်၏တရားပွဲတစ်ခု၌ ပုလိပ်နှင့်အရပ်သားများ အဓိကရုဏ်းဖြစ်သည်။ ဤအရေးတွင် သေခဲ့ရာ ပုလိပ်က အောင်တင်ကို လူသတ်မှုတရားခံလုပ်လိုက်သည်။ အောင်တင် ဝရမ်းပြေးဖြစ်၏။ ဝရမ်းပြေးဘဝနှင့်အောင်တင် နိုင်ငံရေးလုပ်သည်။ ဦးဘိုးမြက အောင်တင်ကို လိုက်ဖမ်းသည်။ နှစ်ဦးရင်ဆိုင်တွေ့၍ ထိုးကြကြိတ်ကြရာတွင် ဦးဘိုးမြ သေလေသည်။*

*ဤအခါ၌ အောင်တင်နှင့်မယ်လှမှာ ချစ်နေကြပြီဖြစ်၏။ အောင်တင်သည် ရုပ်ဖျက်နေရသောအခြေအနေရောက်နေ၏။ အောင်တင် သေပြီဟု သတင်းဖြစ်နေသည်။ ထိုအခါ မယ်လှကိုယ်. ..န် အောင်တင်တို့၏နိုင်ငံရေးလှုပ်ရှားမှုထဲသို့ ဝင်လာ၏။ အမျိုးသားစီးပွားရေး ထူထောင်မှုလုပ်ငန်းမ.. း လုပ်၏။ လှုံ့ဆော်မှုများလုပ်၏။ နိုင်ငံခြားစီးပွားရေး လုပ်ငန်းများ ပြိုကွဲအောင် ကြံစည်လှုံ့ဆော်ကြ၏။*

*နောက်ဆုံး၌ အောင်တင်၏မှန်ကန်သော လုပ်ရပ်ကြောင့် အစ်ကိုဖြစ်သူပါ ပူးပေါင်းပါဝင်လာပုံဖြစ်သည်။ ဤဝတ္ထုတွင် ဆိုရှယ်လစ်အရေး၊ ဒီမိုကရေစီအရေး၊ အမျိုးသားစီးပွားရေး၊ ပြဿနာဆွေးနွေးချက်များ မကြည်မလင် မပြတ်မသားရှိနေသည် မှန်သော်လည်း ဆရာကြီး၏အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကား ထင်ထင်ရှားရှား တွေ့ရလေသည်။*

*ဤသို့လျှင် ဆရာကြီးသည် ၁၉၂၀ မှ အစပြုခဲ့သော အမျိုးသားရေး လှုပ်ရှားမှုလမ်းကြောင်းတစ်လျှောက် ပါဝင်လာခဲ့ပေပြီ"*

မအေးစိန် (ဝိဇ္ဇာဘွဲ့ရ) ပြုစုသည့် ဆရာကြီးပီမိုးနင်း၏စာစုစာရင်းတွင် စာနယ်ဇင်းဆောင်းပါး (၂၆၂) ခု၊ မဂ္ဂဇင်းဝတ္ထုတို (၁၁၉) ခု၊ ဝတ္ထုရှည် (၁၇) ခု၊ စာအုပ် (၁၀၅) အုပ်၊ လုံးချင်းဝတ္ထု (၈၂) အုပ်နှင့် ပီမိုးနင်းအကြောင်း စာစုစာရင်း (၁၀၆) ခု ပြုစုရရှိသည်။ စာစုစာရင်းပြုစုသူ မအေးစိန် (ဝိဇ္ဇာဘွဲ့ရ) က နောက်ဆက်တွဲ တွေ့ရှိသောစာရင်း (၄၈) ခု ထပ်ဖြည့်ရာ အားလုံးပေါင်း (၇၃၉) ခုဟု တင်ပြထားသည်ကို တွေ့ရှိရသည်။ စာစုစာရင်းပြုစုသူ၏နိဒါန်းတွင် ဆရာကြီး



mgyoe.com

ပီမိုးနင်းစာများကို ခြုံငုံသုံးသပ်ထားသောသဘောပါရှိသည့် ထင်မြင်ယူဆချက် ပေးထားရာ ဖော်ပြသင့်သည်ဟုယူဆ၍ ထုတ်နုတ်ဖော်ပြပေးလိုက်ပါသည်။

*"လောကကြီးအတွင်း၌ ရပ်တည်နေထိုင်သူတိုင်း အောင်မြင်စွာ ဝင်ရောက်နိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အတွေးအခေါ်မြော်မြင်ရေး၊ ရဲစွမ်းသတ္တိရှိရေးတို့ကို ဦးတည်ကာ အဘက်ဘက်မှ မလစ်ဟင်းရလေအောင်ဝတ္ထုများသာကမ တက်ကျမ်းများ၊ ဆောင်းပါးများကိုပါ ရေးသားထားခဲ့သော ဆရာကြီး၏စာများသည် စင်စစ်အားဖြင့် နွံနစ်နေသော မြန်မာတိုင်းရင်းသားတို့အား စိတ်သစ်လူသစ်ဘဝသို့ အရောက်ပေးပို့လျက်ရှိသည့် လက္ခဏာများ ပါရှိနေကြောင်း ပေါ်လွင် ထင်ရှားပါသည်။*

*ဗြိတိသျှနယ်ချဲ့စနစ်အောက်တွင် ဇာတိမာန်နှင့် အသိဉာဏ် ကွယ်ပျောက်လုမတတ် အလူးအလဲ ခံစားနေရသော လူထုအား ဇာတိမာန်အသိဉာဏ်ကို ဖော်ထုတ်ပေးသည့်စာများ ရေးသားခဲ့ပါသည်။ တစ်နည်းအားဖြင့် အိပ်မောကျနေသော မြန်မာအမျိုးသားထုကြီးကို တပ်လှန့်နှိုးဆော်ပေးသည့်စာများဖြစ်ပါသည်။ ဆရာကြီးပီမိုးနင်း၏စာများသည် ခေတ်ကြီးဘယ်လောက်ပင် ပြောင်းသည်ဖြစ်စေ၊ ကမ္ဘာ့အသိပညာ ဘဏ်တိုက်ကြီးကို အချိန်အခါမရွေး မည်သည့်ခေတ်၊ မည်သည့်စနစ်တွင်မဆို အံဝင်ခွင်ကျအသုံးဝင်နိုင်ရန် သတ္တိထူးရှိသည့်စာများဖြစ်ပါသည်။*

*ယခုကဲ့သို့ အားသစ် ခွန်သစ် စနစ်သစ် ထူထောင်ချိန်တွင် လုပ်သားပြည်သူတို့၏ စိတ်နေသဘောထားကို ပြုပြင်တည့်မတ်ပေးနိုင်သည့် ဆရာကြီးပီမိုးနင်း၏စာများကို မှတ်တမ်းတင်ထားရန် လိုအပ်သည်ဟု ယူဆသောကြောင့် ပီမိုးနင်း၏ စာစုစာရင်းကို ရေးသားပြုစုနေခြင်းဖြစ်ပါသည်။ စစ်ပြီးခေတ်မြန်မာစာပေမှတ်တမ်းတွင် ဆရာကြီးသည် ထိပ်ဆုံးက ပါဝင်ရမည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု အများယုံကြည်မှတ်သားလက်ခံလျှင် ပြုစုရကျိုးနပ်ပါပြီ။*

*ဆရာကြီးပီမိုးနင်းရေးခဲ့သောစာများသည် အလွန်များပြားခဲ့ရာ စစ်ကြိုခေတ်စာနယ်ဇင်းများထဲတွင် လက်ညှိုးထိုး မလွဲလောက်အောင် ပါဝင်ပါသည်။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး အဘက်ဘက်မှ စွယ်စုံရေးသားခဲ့၍ ဆရာကြီး၏စာများ အလွန်များပြားရကား အချိန်ရသလောက် အတွင်း အတတ်နိုင်ဆုံး စုဆောင်းခဲ့သော်လည်း စာနယ်ဇင်းအကုန်အစုံ မရှာဖွေနိုင်သဖြင့် ဤစာစုစာရင်းသည် ပြည့်စုံလုံလောက်သော စာစုစာရင်း လုံးဝ မဟုတ်ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်"*

ဆရာကြီးပီမိုးနင်း ရေးသားပြုစုခဲ့သော ဆောင်းပါး အမျိုးအစားများမှာ . . .

(၁) ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊
(၂) ကြီးပွားတိုးတက်အောင်မြင်ရေးဆိုင်ရာဆောင်းပါးများ၊
(၃) စာပေဆိုင်ရာဆောင်းပါးများ၊
(၄) စိုက်ပျိုးရေးဆိုင်ရာဆောင်းပါးများ၊



mgyoe.com

mg (၅) စိတ်ပညာဆိုင်ရာဆောင်းပါးများ၊
(၆) နိုင်ငံရေးဆိုင်ရာဆောင်းပါးများ၊
(၇) ပညာရေးဆိုင်ရာဆောင်းပါးများ၊
(၈) ဘာသာရေးဆိုင်ရာဆောင်းပါးများ၊
(၉) ယဉ်ကျေးမှုအနုပညာဆိုင်ရာဆောင်းပါးများ၊
(၁၀) လူမှုရေးဆိုင်ရာဆောင်းပါးများ၊
(၁၁) အတွေးအခေါ်ဆိုင်ရာ ဆောင်းပါးများ၊
(၁၂) အတ္တုပ္ပတ္တိဆိုင်ရာဆောင်းပါးများ၊
(၁၃) အထွေထွေဆောင်းပါးများအပြင် အယ်ဒီတာအနေဖြင့် ရေးသားချက်များ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်များဖြစ်ကြသည်ဟု ဖတ်ရှုရသည်။ ထို့အပြင် ဝတ္ထုတိုများ၊ အခန်းဆက်ဝတ္ထုရှည်များလည်း ရေးသားခဲ့ကြောင်းသိရသည်။

စာအုပ်များအနေဖြင့် ရေးသားထုတ်ဝေခဲ့ရာ၌ အမျိုးအစားခွဲခြားစိစစ်လိုက်သောအခါ
(၁) စာပေဆိုင်ရာစာအုပ်များ၊
(၂) ကြီးပွားတိုးတက် အောင်မြင်ရေးဆိုင်ရာစာအုပ်များ၊
(၃) စိတ်ပညာဆိုင်ရာစာအုပ်များ၊
(၄) ဆေးပညာဆိုင်ရာစာအုပ်များ၊
(၅) နိုင်ငံရေးဆိုင်ရာစာအုပ်များ၊
(၆) ဗေဒင်ပညာဆိုင်ရာစာအုပ်များ၊
(၇) ဘာသာရေးဆိုင်ရာစာအုပ်များ၊
(၈) လူမှုရေးဆိုင်ရာစာအုပ်များ၊
(၉) အတ္တုပ္ပတ္တိဆိုင်ရာစာအုပ်များ၊
(၁၀) ဝတ္ထုစာအုပ်များ ဟူ၍ တွေ့ရှိရ‌ေ သည်။

ဆရာကြီးပီမိုးနင်းသည် မြန်မာလူမျိုးတို့ကို တိုးတက်ကြီးပွား အောင်မြင်စေလိုသော စိတ်ဆန္ဒအားမာန်ပြင်းထန်လှသော စာပေကဝိကြီးတစ်ဦးဖြစ်ကြောင်း သူ၏ကြီးပွားတိုးတက်ရေးဆိုင်ရာ စာအုပ်များက သာဓကအဖြစ် ပြဆိုလျက်ရှိသည်။ သူ၏တက်ကျမ်းများသည် ဘယ်သောအခါမှ မရိုးနိုင်ဘဲ စာဖတ်သူ၊ စာပေလေ့လာသူ၊ ဘဝအောင်မြင်ရေးလမ်းကြောင်း ရှာဖွေသူတို့အတွက် အစဉ်ထွန်းလင်းနေသော စာပေအသိဉာဏ် မီးရှူးမီးတိုင်ကြီးများ ဖြစ်သည်ဟု ဆိုထိုက်ပါသည်။
ယင်းတက်ကျမ်းများကို ဖော်ပြရသော်
၁။ ကိုယ့်ဒူးကိုယ်ချွန် (၁၉၃၆ – ခုနှစ်)
၂။ ကိုယ့်ဒူးကိုယ်ချွန်၊ ဘဝတိုက်ပွဲနှင့်ထူးချွန်ရေး (၃) ကျမ်း (၁၉၇၇ – ခုနှစ်)



mgyoe.com

၃။ ကုန်သည်အိပ်ဆောင်
၄။ ကမ္ဘာ့မင်တန် ပထမတွဲ (၁၉၃၇ – ခုနှစ်)
၅။ ကမ္ဘာ့မင်တန် (ပ–ဒု ၂ တွဲ) (၁၉၄၉– ခုနှစ်)
၆။ ကမ္ဘာ့အလင်းကျမ်း (၁၉၄၀–ပြည့်နှစ်)
၇။ ပထမကမ္ဘာ့အလင်းကျမ်း၊ (၁၉၆၁ – ခုနှစ်)
၈။ ကမ္ဘာ့အလင်းကျမ်း (၁၉၅၂–ခုနှစ်)
၉။ ကမ္ဘာ့အလင်းကျမ်း၊ ရှုမဝစာအုပ်တိုက် (၁၉– )
၁၀။ ကြီးပွားချမ်းသာရေး (၁၉– )
၁၁။ ကြီးပွားချမ်းသာရေးလမ်းညွှန် (၁၉၆၁–ခုနှစ်)
၁၂။ ချမ်းသာရေးလမ်းညွှန် (၁၉– )
၁၃။ ချွေတာရေးလက်စွဲ (၁၉၃၈–ခုနှစ်)
၁၄။ ငါ့ကမ္ဘာ (၁၉ )
၁၅။ တကယ့်လူ (၁၉– )
၁၆။ တကယ့်လူချွန် (၁၉– )
၁၇။ တိုးတက်ရေးလက်စွဲ (၁၉၃၅–ခုနှစ်)
ပီမိုးနင်း၊ ဒဂုံနတ်ရှင်၊ ဦးပဂိုဝ ၃–ဦး ရေးသည်။
၁၈။ တက်လူ (၁၉– )
၁၉။ တက်လမ်း (၁၉– )
၂၀။ ထူးချွန်ရေး (၁၉၃၇–ခုနှစ်)
၂၁။ ထိပ်ဆုံးကလူ၊ ကမ္ဘာ့မင်တန်၊ ဒုတိယတွဲ (၁၉၃၇–ခုနှစ်)
၂၂။ ပီမိုးနင်းနီတိ (သွေးသောက်ကုမ္ပဏီ)
၂၃။ ပြောသမျှပြီးသည်၊ အာကာတိထွက်သက်ဝင်သက်၊ ကြီးပွားအောင်မြင်ရေးကျမ်း၊
၂၄။ ဘဝတိုက်ပွဲ (၁၉၆၀–ပြည့်နှစ်)
၂၅။ အနောမယိဒ္ဓိ (၁၉– )
၂၆။ မသိသူကျော်သွား၊ ဒုတိယအကြိမ်ပုံနှိပ်ခြင်း (၁၉၆၁–ခုနှစ်)
၂၇။ မသိသူကျော်သွား၊ သိသူဖော်စား
၂၈။ လူတစ်လုံး သူတစ်လုံး (၁၉၆၂– ခုနှစ်)
၂၉။ လူပေါ်ကလူ (၁၉– ) (ဒုတိယအကြိမ်ပုံနှိပ်ခြင်း ၁၉၆၁–ခုနှစ်)
၃၀။ လူဖြစ်နည်းနှင့်တက်လမ်း (ဒုတိယအကြိမ် ပုံနှိပ်ခြင်း ၁၉၇၁–ခုနှစ်)
၃၁။ လောကဇုဒ္ဓဝင် (စာမူ)
၃၂။ ဝါဏိဇ၊ ပထမတွဲ (၁၉၁၅–ခုနှစ်)
၃၃။ အရင်း မစိုက်လှေထိုးလိုက် (ရှုမဝတိုက်)



mgyoe.com

mgyoe.com

၃၄။ အာဂလူ (သွေးသောက်အိမ်)
စသည့် စာအုပ်များ ပြုစုရှိပါသည်။

စာရေးဆရာကြီးပီမိုးနင်းသည် မြန်မာစာပေလောကကို သူရေးသားပြုစုသော စာပေများ၊ ဝတ္ထုများစွာတို့ဖြင့် ခိုင်မာသည်ထက်ခိုင်မာအောင်၊ ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် သူ၏ဘဝကို စာပေလောကထဲ၌ မြှုပ်နှံလျက် ကွယ်လွန်သည့်အချိန်ကာလအထိ ဆင်းရဲဒုက္ခမျိုးစုံ ခံစားရင်း ဆောင်ရွက်အားထုတ်သည်များမှာ များစွာ ချီးကျူးဂုဏ်ပြုကြရမည်သာ ဖြစ်ပါသည်။

စာရေးဆရာကြီးပီမိုးနင်း၏ဉာဏစွမ်းအား၊ ကာယစွမ်းအားတို့သည် ထုတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် ဖြစ်ဘိသည့်အလား သူ၏စာပေများသည် မြန်မာစာပေလောကတွင် ထွန်းတင့်တောက်ပနေသော ကြယ်ပွင့်များပမာ ထွန်းလင်းထွက်ပေါ်စေခဲ့ပါသည်။ မြန်မာဝတ္ထုလောကတစ်ခေတ်ကိုလည်း ဆန်းသစ်စေခဲ့သည်ဟု ခေတ်ပြိုင်စာရေးဆရာကြီးများကလည်းကောင်း၊ နှောင်းခေတ်စာပေသုတေသီများကလည်းကောင်း၊ စာပေဝေဖန်ရေးဆရာများကလည်းကောင်း၊ တညီတညွတ်တည်း မှတ်ချက်ပြုခဲ့ကြပါသည်။ စာရေးဆရာကြီး ပီမိုးနင်း ရေးသားခဲ့သော ဝတ္ထုစာအုပ်များစာရင်းကို ဆက်လက်ဖော်ပြပါဦးမည်။ ထိုဝတ္ထုစာအုပ်စာရင်းများသည် စုစည်းပြုစုထားသမျှသော ဝတ္ထုများ ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ထိုဝတ္ထုများမှာ

၁။ ကံကြမ္မာမောင်
၂။ ကျားကြီးရာဇာ (၁၉၃၆–ခုနှစ်)
၃။ ကျုပ်အသက်ကလေး
၄။ ကြံ့လေဘုံပွဲ
၅။ ကျွန်းငွေသောင်
၆။ ခင်ထား (၁၉၁၅–ခုနှစ်)
၇။ ချစ်တဲ့မယား (၁၉၂၃–ခုနှစ်)
၈။ ချစ်တဲ့လင် (၁၉၂၃–ခုနှစ်)
၉။ ချစ်ပန်းနွယ် (၁၉၂၂–ခုနှစ်)
၁၀။ ချစ်ပန်းလွှာ
၁၁။ ချစ်ပျိုးအမှန် (၁၉၂၃–ခုနှစ်)
၁၂။ ချစ်သွေးမောင်
၁၃။ ငါ့သမီး
၁၄။ ငယ်ကကျွမ်းကို လွမ်းလို့ခွေကာယိုင်
၁၅။ စာရေးဆရာ



mgyoe.com

၁၆။ စောရ (၁၉၁၈–ခုနှစ်)
၁၇။ စိတ်ပြောင်းလဲခြင်း
၁၈။ စိုးပါနဲ့မေ
၁၉။ စုံထောက်မောင်ရွှေရ၏စွန့်စားခန်း (၁၉၁၅–ခုနှစ်)
၂၀။ ဆွေးတသိမ့်သိမ့် (၁၉၂၆–ခုနှစ်)
၂၁။ ညီလေးမေတ္တာ
၂၂။ တစ်ကိုယ်တော် (၁၉၃၄–ခုနှစ်)
၂၃။ တစ်ခုလပ်နှင့်တစ်လင်ကွာ
၂၄။ တစ်နိုင်ငံမြို့င်ယံခြား
၂၅။ တဖြစ်လဲ
၂၆။ တလယ်လယ်
၂၇။ တူမလေး
၂၈။ တက်လူကွ (၁၉၃၈–ခုနှစ်)
၂၉။ တို့တောင်ပေါ်
၃၀။ တို့ဘာသာနှင့်မှော်ဘုရင်
၃၁။ ထင်ယောင်ထင်မှား (၁၉၂၀–ပြည့်နှစ်)
၃၂။ ဒို့တောရွာ (၁၉၃၄ – ခုနှစ်)
၃၃။ ဒို့ယောဂီ
၃၄။ နဖူးစာ
၃၅။ နေညီညို (၁၉၂၀–ပြည့်နှစ်)
၃၆။ နေရီရီ (၁၉၂၀–ပြည့်နှစ်)
၃၇။ ပင်လယ်ကူးဓာတ်ပုံ (၁၉၁၅–ခုနှစ်ခန့်)
၃၈။ ပီမိုးနင်း၀တ္ထုများ (၁၉၅၀–ပြည့်နှစ်)
၃၉။ ပီမိုးနင်း၀တ္ထုပဒေသာ (၁၉၆၂–ခုနှစ်)
၄၀။ ပွဲစားကြီး ဂရာဂွတ်ကိုမြာချွတ်သောချစ်ချစ်
၄၁။ မုန်းမေ့လေသလား
၄၂။ ဗိုလ်ခင်ချမ်း
၄၃။ ဘီအေမောင်တင့်နှင့်ကချေသည်မယ်မြင့် (၁၉၁၅–ခုနှစ်)
၄၅။ ဘယ်ဝယ်မြောက်တောင်
၄၆။ ဘုန်းမောင်တွက်သာ (၁၉၃၀–ပြည့်နှစ်)
၄၇။ စကားစုး
၄၈။ မဟာနွယ်



mgyoe.com

mgyoe.com
၄၉။ ပယိယက္ခဝတ္ထုကြီး (၁၉၂၁)
၅၀။ မိတ်ဆွေနှင့်ရည်းစား
၅၁။ မိမ္မ
၅၂။ မိမ္မစွမ်းကောင်း (၁၉၂၅–ခုနှစ်)
၅၃။ မျိုးချစ်
၅၄။ မျိုးချစ်လင်္ကာ
၅၅။ မျိုးချစ်စိတ်
၅၆။ မြိုင်ဟေမာ
၅၇။ ယော်ကာရမ်း (၁၉၂၄–ခုနှစ်)
၅၈။ ယောက်ျားကောင်းသုံးယောက်
၅၉။ ရေနတ်သူ
၆၀။ ရန်နှင့်ရင်သွေး (၁၉၂၂–ခုနှစ်)
၆၁။ ရွှေဖူးစာတော်စီမံသွင်း
၆၂။ လာလာလေလိုက်ခဲ့ပါ (၁၉၂၅–၂၆)
၆၃။ လူလား၊ နတ်လား၊ ဂုမ္ဘာန်လား (၁၉၂၃–ခုနှစ်)
၆၄။ လင်ကြီးနဲ့ (၁၉၃၅–ခုနှစ်)
၆၅။ လုပ်တိုင်းမခံ
၆၆။ လွမ်းဆွတ်သူ (၁၉၂၂–ခုနှစ်)
၆၇။ လွမ်းအာရုံ
၆၈။ ဝရမ်းပြေး
၆၉။ ဝင်္ကပါကံ
၇၀။ သနားဖွယ် (၁၉၂၀–ပြည့်နှစ်)
၇၁။ သီလရင်မေဒါရီ
၇၂။ သူ့မယား၊ ငါ့မယား
၇၃။ သူ့ရဲကောင်းသုံးယောက် (ဘာသာပြန်) (၁၉၃၃–ခုနှစ်)
၇၄။ သဲကိုးဖြာ (၁၉၄၀–ပြည့်နှစ်)
၇၅။ သဲမြည္ဘာ (ဒုတိယအကြိမ်ပုံနှိပ်ခြင်း) (၁၉၆၅–ခုနှစ်)
၇၆။ သင်းတို့အကြံ (၁၉၄၁–ခုနှစ်)
၇၇။ သွေးဆောင်ခြင်း
၇၈။ ဟေမဝန်ဆွေ (၁၉၂၀–ပြည့်နှစ်)
၇၉။ အဖေ (၁၉၃၂–ခုနှစ်)
၈၀။ အံ့ဩဖွယ်


mgyoe.com

mgyoe.com

အထက်၌ဖော်ပြခဲ့သည့်အတိုင်း စာရေးဆရာကြီး ပီမိုးနင်း၏ဝတ္ထုများနှင့်ပတ်သက်၍ တက္ကသိုလ်ဝင်းမွန်၏ စာပေအမြင်တရား၊ မလိခ၏ စာပေအမြင်တရား၊ စာရေးဆရာမင်းကျော်၏ စာပေအမြင်တရားတို့သည် ဆရာကြီးပီမိုးနင်း စာပေအနုပညာဖန်တီးမှုများ ပြောင်မြောက် ပေါ်လွင်အောင်မြင်လှကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်ဟု ဆိုလိုက်ပါသည်။ ဆရာကြီးပီမိုးနင်း၏ စာပေအနုပညာ ဖန်တီးအသက်သွင်းထားသော ဝတ္ထုများသည် သူ့ခေတ်နှင့်သူ တိုးတက်သစ်ဆန်းသော စာပေများအဖြစ် တည်ရှိရစ်ပေသည်။ ဆရာကြီးပီမိုးနင်း၏ဝတ္ထုများတွင် နန်းတွင်းဇာတ်တော်များ၏အရေးအသား ရေးရိုးအစဉ်အလာ အတွေးအခေါ်တို့မှ ရုန်းကန်ထွက်၍ ခေတ်သစ်စကားပြေ၊ ခေတ်သစ်ဇာတ်လမ်း၊ ခေတ်သစ်ဇာတ်ကောင်များဖြင့် တစ်ဘာသာ ဆန်းသစ်ရေးသားဖန်တီးလာကြောင်း ဆန်းစစ်တွေ့ရှိကြပေသည်။

ဆရာကြီးပီမိုးနင်းပြုစုရေးသားခဲ့သော ကက်ကျမ်းများအနက် ကမ္ဘာ့မင်တန် ခေါ် ကြီးပွားအောင်မြင်ခြင်းစာအုပ်မှ အခန်း (၁) ပီယသိဒ္ဓိ ကိုယ်ဆောင်ကောင်းတစ်ခု ခေါင်းစဉ်ပါစာမှ ကောက်နုတ်ဖော်ပြပါမည်။ ဆရာကြီး၏စာပေတွင် စေတနာမေတ္တာတရား ထားရှိစေမှုကို အထူးလိုအပ်ကြောင်း ပေါ်လွင်လျက်ရှိနေသည်။ သူတစ်ပါးအကျိုးဆောင် ကိုယ်အကျိုးအောင်သည် ဟူသော အမြင်တရားနှင့်လည်း ကိုက်ညီကြောင်းတွေ့ရှိရသည်။ ၁၉၃၇ ခုနှစ်က ရေးသားထားရစ်ခဲ့သော ကမ္ဘာ့မင်တန် ခေါ် ကြီးပွားအောင်မြင်ခြင်း ကျမ်းသည် ယနေ့တိုင်ခေတ်မီ၍ မှန်ကန်လျက်ရှိကြောင်း ဝေဖန်ဆန်းစစ်ရရှိပေသည်။ ဤသို့ကောင်းမြတ်သော စာကောင်းပေကောင်းများကို ဖတ်ပြီးရင်း ထပ်ဖတ်ရင်းဖြင့် မိမိကိုယ်ကို ပြုပြင်ဆုံးမစေလျက် လူကောင်းသူကောင်းတစ်ယောက်အဖြစ် ဆက်လက်၍ ရှည်ကြာစွာ ပိုမိုခိုင်မာစေသည်ဟု ယုံကြည်စေပေသည်။

လောကတွင် မည်သူမဆို ကြီးပွားအောင်မြင်ခြင်းကို အလိုရှိကြသူများ၊ တောင့်တဆန္ဒပြင်းပြသူများသာ ဖြစ်ကြသည်။ မကြီးပွားလိုသူ၊ မအောင်မြင်လိုသူဟူ၍ မရှိချေ။ ဆရာကြီးပီမိုးနင်းသည် ဤစိတ်ဓာတ်ရေးရာသဘောတရားကို ကောင်းစွာနားလည်သိမြင်ထားသူဖြစ်၍ လိုရင်း သော့ချက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်ဟု သဘောပေါက်နားလည်လိုက်ပါသည်။ ဆရာကြီး ရှုမြင် ရေးသားထားသော လောကအမြင်တရားများသည် လူသားများ၏ဘဝအတွက် အကျိုးတရားများ အစဉ်ဖြစ်ထွန်းမည်ဟု အခိုင်အမာ ဆိုလိုက်ပါသည်။ ကောက်နုတ်ဖော်ပြချက်ကို ဖတ်ရှုကြည့်ကြပါဦး။

*"အများချစ်ခင်လေးစားခြင်းကို ခံရသူတို့သည် ကတိသစ္စာတည်၍ သူတစ်ပါးကို ကူညီစောင်မတတ်၏။ သူတစ်ပါးအကျိုးယုတ်အောင် မကြံတတ်၊ မပြောတတ် မလိုလားတတ်ချေ။*

*လူအချင်းချင်းပေါ်၌ ကောင်းသောအမှုကိုပြုသောသူတို့သည် ချီးမွမ်းခံလို၍ပြုကြလျှင် တကယ်မေတ္တာဓာတ်ခံမရှိ၊ အတုအပမေတ္တာသာရှိသဖြင့် အများမေတ္တာရှိခြင်းကို မခံကြရချေ။ ၎င်းလူမျိုးသည် မသိသော ကွယ်ရာ၌ သူတစ်ပါးအကျိုးယုတ်စေတတ်သော အမှုကို ပြုတတ်ကြလေသည်။*

mgyoe.com

အမျိုးချစ်ခင်သောလူတို့သည် စိတ်လက်ပျော်ရွှင်ကြည်လင်လျက် မိမိနှင့် တွေ့သမျှသော ယောကျာ်းမိန်းမတို့ကို ပျော်ရွှင်အောင် ပြောတတ်ဆိုတတ်လေသည်။ ပျော်ရွှင်ရယ်မောခြင်းအတတ်သည် အကောင်းဆုံးသော ဗီယဆေးတစ်မျိုး ဖြစ်လေသည်။

အမျိုးချစ်ခင်သူတို့သည် မျက်နှာမအို၊ မငြိုမငြင်၊ မရွှင်မပျ မနေတတ်ကြ။ ၎င်းတို့၏မျက်နှာသည် လမင်းလိုသာလျက် စိုက်မာန်ဒေါသမရှိ မျက်ကြုတ်ရန်လို ခွန်းဆို တုံ့ပြန် အငြင်းသန်ခြင်း ကင်းကြလျက် သည်းခံတတ်သောစိတ်ရှိကြ၍ မနာလိုမုန်းထားခြင်း ကင်းကြလေသည်။

မနာလိုသောသူသည် လူသေကောင်နှင့်တူ၏။ ၎င်းမှထွက်သမျှသော တွေးတောကြံစည် လုပ်ကိုင်ပြောဆို ရေးသားသမျှသည် အနံ့ဆိုးကို လွှတ်သည်နှင့် တူလေသည်။ ၎င်းတို့၏ နှုတ်မှထွက်သောစကားသည် နံစော်ပုပ်ဟောင်၍ အာပုပ်စော်နံသည်နှင့် တူလေသည်။

နေ့စဉ်နေ့တိုင်း မိမိ မလုပ်ချင်သောအရာကို လုပ်၍ မိမိလုပ်ချင်သော အရာတို့ကို မလုပ်ဘဲ နေတတ်သော သူသည် စိတ်အားသတ္တိတန်ခိုးပြည့်၍ သူတစ်ပါး၏အလိုကို ဖြည့်ခြင်း၌ လွယ်ကူသောကြောင့် အမျိုးချစ်ခင်ခြင်းကို ခံရ၍ ကြီးပွားရန်လည်း လွယ်ကူလေသည်။ စိတ်ကြိုက်လိုလိုက် အားကြီးက ကိုယ်တိုင်၏အလိုကိုသာ သိ၍ သူတစ်ပါး၏အလိုကို မသိတတ်သော အဖြစ်မျိုးသို့ ရောက်တတ်လေသည်။

လူသတ္တဝါတို့ အကျိုးရှိသော အလုပ်တစ်ခုခုကို လုပ်ဖို့ရန် အမြဲစိတ်ရှိသောသူသည် အားလုံးတို့၏ ချစ်ကြည် လေးစား ရိုသေ အားထားခြင်းကို ခံရမြဲဖြစ်လေသည်။ ထိုစိတ်သည် စိတ်ကောင်း စိတ်မြတ်ဖြစ်၍ မင်းပြစ်မင်းဒဏ်ကင်းသော လမ်းဖြစ်လျက် လူကောင်းတစ်ယောက် ဖြစ်စေနိုင်လေသည်။

အခြားသူတို့နှင့်သာဆိုင်၍ မိမိနှင့်မဆိုင်သောနေရာများ၌ ဝင်ရောက်စွက်ဖက်သူတို့သည် မုန်းထားခြင်းကို ခံရတတ်လေသည်။

ငါကား လူလိမ္မာ၊ လူတတ်၊ လူမြတ်။ သူကား လူယုတ်၊ အသုံးမကျသူဟူ၍ စိတ်ထဲ၌ကား ရှိချေက နှုတ်ကဖွင့်၍မပြောဘဲ အဘယ်လိုပင် လူကောင်းဟန်ဆောင်စေကာမူ မကောင်းသောစိတ်၏ အငွေ့သည် အပြင်သို့ထွက်ပေါ်ကာ မုန်းစရာအသွင်ကို မိမိ၌ပင် ဖန်ဆင်း၍ ပြတတ်လေသည်။

မည်သူမှငါ့ကို မမုန်းဟု ယုံကြည်ကိုးစားကာ ကြောက်ရွံ့ခြင်းကင်းလျက် စိတ်ရိုး၊ ကိုယ်ရိုးနှင့်ခေါ်ပြော နှုတ်ဆက်၊ နှုတ်လျှာသွက်ခြင်းသည် ချစ်ခင်သူများကို ဖြစ်စေသော နည်းလမ်းဖြစ်ပေသည်။ မိမိကိုယ်ကို လူထူး၊ လူမြတ်ဟု သူများနှင့်မတူ လူမော်၊ လူဇော် မှတ်ထင်သောစိတ်သည် အများသောသူတို့ကို မိမိအပါးသို့ ကပ်မလာအောင် တွန်းလှန် ကန်ကြောက်သော စိတ်ဖြစ်လေသည်။

သူတစ်ထူး ငါ့ကိုချစ်ပါစေ ဟု မျက်နှာလိုမျက်နှာရ ဘာကိုမှ လုပ်ဖို့မရှိ၊ သူတစ်ပါးငြိုငြင် မချမ်းသာ၊ စိတ်လက်မကြည်သာအောင် လုပ်ခြင်းအလေ့ကိုသာ ရှောင်ကြဉ်ရမည်။ သို့ရှောင်ကြဉ်တတ်သောသူကို မည်သူမှမမုန်းချေ။

ကောင်းသောစိတ်တို့၏အဆောက်အဦကို ရသောသူသည် ကမ္ဘာပေါ်၌ မည်သူကိုမျှကြောက်



mgyoe.com

စရာမရှိ၊ မည်သူ့ကိုမဆို ပြောစရာအကြောင်းရှိက ဝင်ရောက်ပြောဆိုနိုင်လေသည်။ သို့ရဲရင့်စွာ ပြောဆိုတတ်သူတို့မှာ စိတ်အားသတ္တိတိုးလျက် ဩဇာ၊ အာဏာနှင့် ပြည့်စုံတတ်လေသည်။

မကောင်း မကန်း မဟုတ်၊ မတရားကျူးလွန်မှားခြင်းကို မပြုက လောကဌ် မည်သူ့ကိုမျှ ကြောက်စရာမရှိချေ။ ရိုးသားဖြောင့်မတ် တည်ကြည်ခြင်းသည် ဩဇာ၊ အာဏာကို တည်စေနိုင်သော ဆေးကောင်းဖြစ်လေသည်။

အပြောနည်း၍ နားထောင်ခြင်း၌ သန်သောသူသည် အကြောင်းဆိုက်၍ ပြောရသောအခါ ဩဇာလေးနက်ခြင်းကို ဖြစ်စေနိုင်လေသည်။

စိတ်ကောင်းရှိသူတို့သည် မည်သူကိုမျှ ရန်ငြိုးမထားသဖြင့် ၎င်းတို့၏ မျက်နှာမှာ ကြည်လင်သန့်ရှင်းအပြစ်ကင်းလျက် ကြည်ညိုလေးစားခြင်းကို ခံရလေသည်။ အများ၏ ကြည်ညိုခြင်းကို ခံရသော လူတို့သည် မိမိတစ်ကိုယ်တည်းကြီးပွားချမ်းသာခြင်းကို ရှာသူများ မဟုတ်။ လူဟူသမျှတို့အား မိမိ၏အစွမ်းအားလျော်စွာ ကောင်းကျိုးကို ဆောင်ဖို့ရန် တာဝန်ရှိသည်ဟု အယူရှိကြလေသည်။

ကုသိုလ်ကောင်းမှုကို နေအိမ်မှ စပြုရာ၏။ သူစိမ်းတို့အပေါ်၌ ပြုအပ်သော ဝတ္တရားထက်၊ မိဘဆွေမျိုးသားချင်းပေါက်ဖော်တို့အပေါ်၌ ပြုအပ်သောတာပန်က ပိုမိုအရေးကြီးလေရာ ထိုဝတ္တရားများ ပျက်ကွက်သူတို့သည် အဘယ်မျှပင် လှူဒါန်းကျွေးမွေး ပေးကမ်းသော်လည်း လူကောင်းလူမြတ်တို့၏စာရင်း၌ ပါဝင်သောလူမျိုး မဟုတ်ပါချေ။

စိတ်သဘောသေးနုတ်သိမ်ဖျင်း၍ အတွက်အချက်အားကြီးလျက် ကပ်စေးနှဲသော သူတို့ကို မည်သူမျှ အရာမသွင်းလိုကြပေ။ နှိမ့်ချသောစိတ်ရှိသူတို့အား မည်သူမှ ရန်မလိုသည့်ပြင် နှိမ့်ပြီးသူ ဖြစ်သဖြင့် အခြားလူတို့၏ ထပ်မံနှိမ်နင်းခြင်းကို မခံရချေ။ ပညာတတ်သူတို့သည် ငါတတ်သည်ဟု ထင်မှတ်၍ ထောင်လွှားကြ၏။ ပညာရှိသည်ကား ငါတတ်စရာတွေများလှချည်လားဟု ဆင်ခြင်ကာ နှိမ့်ချ၏ဟု "ကူးပါး" ခေါ် စာရေးဆရာကြီး ပြောခဲ့လေသည်။

ထောင်လွှားခြင်းသည် လူကိုမြင့်၍ တက်အောင်မှတ်၍ တင်တတ်သော်လည်း မကျအောင် ထောက်မှီ၍ကား မထားတတ်သူဟု "ရာ့စလင်း" ခေါ် စာရေးဆရာကြီး ပြောဖူးလေသည်။ တက်ကြွသဖြင့် မိမိတို့၏အလိမ္မာကိုသာသိလျက် အပြင်ဘက်သို့ ဖြန့်၍ မကြည့်သော သူများသည် မတိုးမတက်၊ ဆုတ်ယုတ်၍နေသူများဖြစ်ကြသည်ဟု "တားဂျိုးရှားရဲ့နော်လ်" ပြောဖူးလေသည်။

နှိမ့်ချသောသူသည် ကျမှာကို မကြောက်ရဟု "တန်–ရန်း" ခေါ် ပညာရှိပြောဖူးလေသည်။ ရိုးသားဖြောင့်မတ်သူသည် ချစ်သူခင်သူနှင့် မိတ်ဆွေကောင်း များလျက် ကြီးပွားတတ်လေသည်။ မရိုးသားသူတို့မှာ ပညာတတ်လေလေ၊ အကျိုးယုတ်လေလေဖြစ်၏ဟု "မောင်လိန်း" ခေါ်သူ ပညာရှိ ပြောဖူးလေသည်။ အခြားကောင်းမြတ်သော အကျင့်ဟူသမျှတို့ကို ချိန်ခွင်တစ်ဖက်၌ထားပြီး တစ်ဖက်သောချိန်ခွင်၌ ရိုးမတ်၊ မှန်ကန်ခြင်းကို ထား၍ချိန်လျှင် ရိုးမတ်ခြင်းအချိန်က ပိုမို၍ စီးလေသည်ဟု "သရာမနာ့စ်" ခေါ် ဟိန္ဒူကျမ်း၌ ပါလေသည်။

ရိုးဖြောင့်ခြင်းကို မည်သည့်ကုသိုလ်ကောင်းမှုမှ မလိုက်နိုင်၊ ကောက်ကျစ်ခြင်းလောက် မည်



mgyoe.com

mgyoe.com

*သည့် ဒုစရိုက်မှုမဆိုးဟု ဟိန္ဒူစကားပုံ၌ပါရှိလေရာ လူအပေါင်းတို့၏စက်ဆုပ်ရွံရှာမုန်းထားခြင်းကို ခံရသော ထိုဆိုးယုတ်သော အကျင့်များရှိသမျှကာလပတ်လုံး ချစ်ခင်လေးစားခြင်းကို အဘယ်အခါမှ ခံရတော့မည်မဟုတ်၊ ထိုအပြစ်ကြီးများ၏ ဖိစီးခြင်းကို ခံ၍နေရသောသူတို့ကို မည်သည့်ပီယဆေးမှ လတ်ဆတ်နိုင်တော့မည် မဟုတ်ချေ။ ၎င်းပြင် အများချစ်ခင်ခြင်းကို ခံရလိုသူတို့၌ အရေးကြီးသော အရာ အချက်အချာဖြစ်သော အချက်မှာ "ကိုယ်နှင့်နှိုင်း မရှိုင်း" ဟူသော ကိုယ်ချင်းစာတရား ဖြစ်လေသည်။*

*"အကြင်သို့သောနည်းမျိုးဖြင့် အသင်၏အပေါ်၌ အခြားသူတို့ပြုမူစေရန် အသင် အလိုရှိ၏။ ထိုသို့သောနည်းဖြင့် အခြားသူတို့၏အပေါ်၌ အသင်သည် ပြုကျင့်ရာ၏" ဟု ပညာရှိပုဂ္ဂိုလ်တစ်ဦး က ပြောခဲ့လေသည်။ သနားကြင်နာခြင်းသည် မေတ္တာဟုခေါ်အပ်သော ပန်းပင်ကြီးမှ ဖူးပွင့်သော ပန်းပွင့်ဖြစ်လေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ငြိုငြင်၊ ပူပန်၊ ဆင်းရဲခြင်းကို ပယ်ဖျောက်လျက် ဝမ်းမြောက်ရွှင်လန်း အေးချမ်းသာယာခြင်းကို ဖြန့်ဝေနိုင်ခြင်းထက် အကောင်းဆုံးသော အလှပီယ ဆေးသည် ကမ္ဘာပေါ်၌မရှိဟု "အိမာဆင်" ခေါ် ပညာရှိကြီး ပြောပြဖူးလေသည်"*

ဆရာကြီး ပီမိုးနင်းသည် လူ့ဘဝတွင် လူသားတို့ ကြီးပွားအောင်မြင်ရေးအတွက် အလုပ်လုပ် ကိုင်ကြရာ၌ ကြီးပွားအောင်မြင်မှုကို ရယူစေနိုင်သော အခွင့်အလမ်းများကို မည်သို့မည်ပုံရရှိအောင် လုပ်ရမည်ကို အခွင့်အလမ်း ဖမ်းယူနည်း ခေါင်းစဉ်ဖြင့် ကမ္ဘာမင်တန် ခေါ် ကြီးပွားအောင်မြင်ခြင်း စာအုပ်၌ အကျယ်တဝင့်ဖော်ပြလမ်းညွှန်ပေးထားကြောင်း ဖတ်ရှုသိရှိရပေသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်၌ ကြီးပွားအောင်မြင်တိုးတက်သွားသူများ၊ ဆုံးရှုံးပျက်စီး နိမ့်ကျသွားသူများကို တွေ့ မြင်နေကြရသည်။ ဖြတ်သန်းလာသောခေတ်အသီးသီးတွင် အခွင့်အလမ်းကို ရအောင်ဖမ်းယူနိုင်၍ ကြီးပွားအောင်မြင်တိုးတက်မှုရရှိသွားသလို အခွင့်အလမ်းကို ရအောင်ဖမ်းယူ အသုံးမပြုတတ်၍ ဆုံးရှုံးပျက်စီးနိမ့်ကျသွားရသည်ဟု နားလည်သဘောပေါက်ပေသည်။ မြန်မာစကားပုံများတွင် ချိန်တန်ခါသင့် ပန်းနှယ်ပွင့်၊ ယော်ကပညာမသင်ရှာ၊ ကြီးခါခက်မည်မှတ်။ . . . စသည်တို့သည် အခွင့်အလမ်းကို အချိန်အခါ အခြေအနေအလိုက် ရယူ၍ အောင်မြင်အောင်ဆောင်ရွက်ရန် ဆိုဆုံးမသော တွေးခေါ်မြော်မြင်မှုတရားများဟုဆိုလျှင် မည်သည့်နည်းနှင့်မျှ မမှားနိုင်ချေ။

ကျွန်တော်ငယ်စဉ်က တပ်မတော် တပ်ရင်းတစ်ရင်းတွင် လူတစ်ယောက်ကို တွေ့ဖူး၏။ သူသည် အင်္ဂလိပ် မြန်မာ (၁၀) တန်း အောင်မြင်ထားပြီး၊ တပ်ကြပ်ကြီးအဆင့်ရှိ၍ အချိန်မရွေး တပ်မတော်ဗိုလ်သင်တန်းကို လျှောက်ထားရန် အခွင့်အရေးရှိ၏။ တပ်ရင်းမှူးနှင့်လည်း ကောင်းစွာ သိကျွမ်းသူဖြစ်၏။ ကျန်းမာရေးလည်းကောင်း၍ ကိုယ့်ကျင့်တရားလည်း ကောင်းမွန်သူဖြစ်ကြောင်း သိရှိကြ၏။ သို့သော် ထိုသူသည် မိမိကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းဖြစ်သော တပ်မတော် ဗိုလ်သင်တန်းကို လျှောက်ထားခြင်းမပြုချေ။ သို့နှင့် သူသည် တပ်ကြပ်ကြီးအဆင့်နှင့်ပင် တပ်မ တော်ထဲတွင် အငြိမ်းစားယူသည်အထိ နေထိုင်သွားကြောင်း တွေ့ရသည်။ သူနှင့်အတူ တာဝန်ထမ်း ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်အများအပြားသည် တပ်မတော်ဗိုလ်သင်တန်းသို့ လျှောက်ထားအောင်မြင်

mgyoe.com

mgyoe.com

ကြ၍ တပ်မတော်တွင် အရာရှိအဆင့်ဆင့် တာဝန်များတိုးတက် ထမ်းဆောင်ခွင့်ရကြခြင်း၊ အချို့မှာမူ ယနေ့တိုင် နိုင်ငံတော်၌ အကြီးအကဲအဖြစ် တာဝန်ယူထမ်းဆောင်လျက် ရှိကြခြင်းကို တွေ့မြင်နေရလေသည်။ ဤသို့ဖြစ်ကြခြင်းမှာ မိမိတို့ရရှိနေသော အခွင့်အလမ်းကို အကျိုးရှိစွာ အချိန်မီ ရယူအသုံးချကြပြီး၊ မနားမနေကြိုးပမ်းအားထုတ်ကြခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သူထက်ငါသာအောင် စာပေရှာဖွေဖတ်ရှုမှတ်သားခြင်း၊ ပညာကို နေ့ရောညပါ သင်အံကျက်မှတ်လေ့လာခြင်းတို့ကြောင့်ဖြစ်သည်ဟု လေ့လာဆန်းစစ်သိရှိရပေသည်။

ဆရာကြီးပီမိုးနင်းသည် မြန်မာလူမျိုးများအား တိုးတက်ကြီးပွားအောင်မြင်စေလိုသော၊ သူ့ကျွန်ဘဝမှ လွတ်မြောက်၍ သခင်ဘဝသို့ ရောက်စေလိုသော၊ လူ့လောက၌ ထူးချွန်အောင်မြင်၍ တကယ့် ထိပ်တန်းခေါင်းဆောင်အဖြစ်သို့ ရောက်ရှိစေလိုသော စေတနာတရားအပြည့်အဝရှိကြောင်း ကို ဤ အခွင့်အလမ်း ဖမ်းယူနည်းစာတမ်း၌ ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။ ဤစေတနာတရားများကို တွေ့မြင်ရလေ ဆရာကြီးပီမိုးနင်းအား ကြည်ညို၍မဆုံးဖြစ်ရလေဟု စိတ်ထဲ၌ ခံစားရမိလေသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဤစာရေးဆရာကြီး၊ စာပေကဝိကြီး ပီမိုးနင်းသည် ကျမ်းစာအုပ်အများအပြားကို ပြုစုခဲ့ပေရာ ထူးခြားသောအရည်အချင်း၊ ဉာဏ်ရည်ဉာဏ်သွေး၊ အတွေးအခေါ်တို့သည် တစ်ပါးသူတစ်ဦးတစ်ယောက်နှင့်မှမတူသော ပါရမီရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း မော်ကွန်းတင်ကမ္ပည်းထိုးအပ်ပေသည်။ သူ၏အထက်ပါ ဆောင်းပါးကို ထုတ်နုတ်ဖော်ပြပါဦးမည်။ လေ့လာဖတ်ရှုဆန်းစစ်ကြည့်ကြပါစို့။

## "အခွင့်အလမ်းကို ဖမ်းယူနည်း"

*"ဘယ်မှာမှလမ်းမမြင်၊ လုပ်ကိုင်ကြံစည်ဖို့ရာ အချက်အလက်များကလည်း ရှားပါး၊ ကူမယ့်လူမပေါ်လာ၊ ယူမယ့်လူသာ ပေါ်လာသည်။ ပိုက်ဆံတွင်း တယ်နက်ပါကလား၊ ပရိယေသနဝမ်းစာရေးကိစ္စများဟာ လွန်စွာမှ ခက်ခဲကျပ်တည်းပါကလား၊ ဘာများလုပ်ရပါ့၊ ဘယ်ကိုများ သွားရပါ့၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့။ ရှေးကနဲ့မတူ ယခု ခေတ်သမယဟာ ဉာဏ်ရည်တူတွေများတာကြောင့် လွန်စွာမှ ခက်လှပါတကား" ဟူသော ငြီးငြင်သောစကားများနှင့် ငြီးတွားပြောဆိုနေသူတွေကို များစွာပင်ကြားရ၊ မြင်ရ၊ ကြုံရ၊ တွေ့ရခဲ့လှပေ၏။*

*ဤလိုညည်းညူပူပင် အပူဝင်အောင် ပူပင်စိုက်ပျိုး၊ ပူလောင်ပျိုးလို့ သည်လူပျော့လူညံ့လူပြောင်း လူအီ၊ လူ့ပက်ကျိတွေ ဖြစ်သည်ဟုဆိုလျှင် ဧကန်ပင် ခံချင်ကြလိမ့်မည် မဟုတ်ချေ။*

*ဤကဲ့သို့ ဆင်းရဲငြီးငြင်သော ထိုလူမျိုးတွေကို ဂရုစမ္ပထား၍ ကြည့်ရှုစဉ်းစားချေက ရှေးလူကြီးများပြောသောစကားနှင့် လွန်စွာညီညွတ်သည်ကို တွေ့ရှိနိုင်လေသည်။*

*ထိုစကားမှာ "သတိမမူ ဂူမမြင်" ဟူသောစကားပင် ဖြစ်လေသည်။ ထိုကဲ့သို့သော လူမျိုးသည် အများအားဖြင့် မိမိ၏သဏ္ဍာန်ကိုလည်းမမြင်၊ မိမိ၏ပတ်ဝန်းကျင်ကိုလည်း မရှု၊ မိမိတို့ထံလာရောက်သောအရာတို့ကိုလည်း သတိမထား၊ ခေတ်ကာလအခြေအနေကိုလည်း မစဉ်းစား၊ ဒေသ*



mgyoe.com

mgyoe.com

အကြောင်းကိုလည်း မှတ်သားခြင်းမရှိ။ ညည်းညူပူပင်ခြင်းတည်းဟူသော တိမ်တောင်မင်ခိုး ဖိစီးသဖြင့် ညှိုးနွမ်းသောအမြင်ဖြင့်သာ ကြည့်လျက်မမြင်၊ မြင်ပြန်လည်း မရှု၊ ဂရုစမ္မကင်းလိုသော လူများဖြစ်ကြသည်ကို တွေ့ရှိရလေသည်။

၎င်းသည် မိမိ၏စိတ်သဏ္ဌာန်၌ အဘယ်ကဲ့သို့အပြစ်ပိုးမျိုး ကိုက်ထိုးဖျက်စီး၍ နေသည်ကို မမြင်ကြသဖြင့် ကိုယ်ကျင့်တရားကို ပြုပြင်ရန် သတိမရကြချေ။

ဆင်းရဲငြိုငြင်ခြင်း၏အကြောင်းဟူသမျှသည် အပြင်ဗဟိဒ္ဓမှာမရှိ။ အတွင်းအဇ္ဈတ္တသန္တာန်၌သာ အရင်းတည်လေသည်။

ငါ၏သဏ္ဌာန်၌ ဆင်းရဲစေတတ်သောအကြောင်းများ အဘယ်နှမျိုးရှိပါသနည်း။ ပျင်းသလား၊ ပေ့သလား၊ အပျော်အပါးလွန်သလား၊ အသုံးအစားဖွာသလား၊ ရမ်းရမ်းကားကားကျင့်သလား၊ မရိုးသားသူဖြစ်သလား၊ မဆင်ခြင်သူဖြစ်သလား၊ စသည့်အပြစ်များကို မှန်လိုရှုကာ ပြောင်းလဲပြုပြင်ခြင်းကို ပြုဖို့အရေးသည် ပထမအရေးဖြစ်လေသည်။

ထိုကဲ့သို့ ပြုပြင်ပြီးနောက် ကြီးပွားရာနည်းလမ်းကို အဝေးသို့ လှမ်း၍မရှာဘဲ မိမိ၏အနီးပတ်ဝန်းကျင်၌ ရှာဖွေကြချေက သတိနှင့်ကြည့်လျှင် ကောင်းသောအခွင့်အလမ်းတို့ကို လွယ်ကူစွာမြင်နိုင်လေသည်။

လိမ္မာသောသူတို့သည် ကြီးပွားအောင်မြင်ခြင်း၏ လမ်းအခွင့်ကို စောင့်စား၍မနေ။ အဝေးကိုလည်း ပြောင်း၍မရှာ၊ မိမိထံသို့အမြဲ တစ်ခုပြီးတစ်ခု မပြတ်မလပ် မိုးသီး မိုးပေါက်ပမာ ဝိုင်းအုံစုရုံးကာ ကျ၍လာသော လမ်းအခွင့်တို့ကို ဆွဲယူအသုံးပြုခြင်းဖြင့် ကြီးပွားကြလေသည်။

သို့ဖြစ်၍ ချက်ပ်မင်း ခေါ်သူ ပညာရှိတစ်ယောက်က အကောင်းဆုံးသော လူတို့သည် လမ်းအခွင့်ကို မစောင့်ကြ။ လမ်းအခွင့်ကိုယူ၍ ခိုင်းစေကြ၏ဟု ပြောဖူးလေသည်။ ကြီးပွားရန် လမ်းအခွင့်တို့သည် ရွှေငွေအဖြစ်သို့ ဘဝကူး၍ ရောက်လိုက်သဖြင့် လူသတ္တဝါတို့၏ထံသို့ ရေတံခွန်ပမာ သက်ဆင်းလောင်းသွန်း၍လာကြရာ လူအများကဆီး၍ ရွှေဖြစ်အောင်၊ ငွေဖြစ်အောင် မလုပ်ဘဲ လွှတ်လိုက်ကြသဖြင့် ဝမ်းနည်းစွာလွှတ်ရာသို့ ရှောင်ရှား၍ သွားကြလေသည်။

အားလပ်သောအချိန်များ၌ လေထဲတွင် တိုက်အိမ်ဆောက်၍ နေမည့်အစား အတတ်ပညာတစ်ခုခုကို ကောက်၍သင်လျှင် တစ်နှစ်၊ နှစ်နှစ်အတွင်း အကျိုးခံစားရနိုင်လေသည်။ လမ်းအခွင့်တို့သည် ဝတ္ထုရိုင်းနှင့် တူကြ၏။ ဆီး၍ ဖမ်းယူပြုပြင်လျှင် အဖိုးတန်သောဝတ္ထုအစစ ဖြစ်ရလေသည်။

မိမိထံသို့လာသော ထိုဝတ္ထုအရိုင်းတို့ကို မရှုမမြင်၊ မယူမငင်မူ ပူပင်စွာအဝေးကို ပြေးလွှားရှာကြံ၍နေသောသူတို့အတွက် "အလှမ်းကျယ် အလယ်လပ်သည်" ဟူသော စကားကို ကျွန်ုပ်တို့ဘိုးဘေးများ ထားခဲ့လေသည်။

တွေ့သမျှသော စာအုပ်သည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။ ဖတ်သမျှသော စာသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။ သတင်းစာ၌ပါသော သတင်းဟူသမျှသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။ တိုင်းပြည်၌ လှုပ်ရှားခြင်းဟူသမျှသည် ကြီးပွားရန် အခွင့်ဖြစ်၏။ တိုင်းပြည်၌ ငြိမ်သက်ခြင်းဟူသမျှသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။



mgyoe.com

mgyoe.com

ထိုလမ်းအခွင့်တို့သည်ကား လူကောင်းဖြစ်ဖို့လမ်းအခွင့်၊ လူလိမ္မာဖြစ်ဖို့လမ်းအခွင့်၊ သတိတရားရဖို့လမ်းအခွင့်၊ ရိုးသားဖြောင့်မှန်သူဖြစ်ဖို့လမ်းအခွင့်၊ အဆွေခင်ပွန်းကောင်းရဖို့လမ်းအခွင့်၊ ငွေရလမ်းကိုဉာဏ်ထုတ်ဖို့လမ်းအခွင့်၊ အလုပ်အကိုင်ရဖို့လမ်းအခွင့်များ ဖြစ်ကြလေရာ လောကကြီးတစ်ခုလုံး၊ ပထဝီမြေမျက်နှာပြင်တစ်ပြင်လုံးသည် လမ်းအခွင့်တို့နှင့်ပြည့်နှက်၍ နေကြလေသည်။

အလုပ်တာဝန်ဟူသမျှမှာ အခါ၊ လစာအပြင် အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သော လမ်းအခွင့်တွေကို ဉာဏ်မျက်စိနှင့် ရှုလျှင် မြင်နိုင်သည်။ တစ်တိုင်းတစ်ပြည်က လာသော ဆင်းရဲသောလူတို့သည် ကျွန်ုပ်တို့မြန်မာပြည်၌ လမ်းအခွင့်တွေ များအားကြီးသဖြင့် ထိုလမ်းအခွင့်ကို သုံး၍ မကုန်နိုင်အောင် တွေ့ကြုံရရှိသောကြောင့် ကြီးပွားချမ်းသာခြင်းအဖြစ်သို့ ရောက်ကြလေသည်။

ဖရတ်ဒေါ်ကလာစ် ခေါ်သော ကပ္ပလီလူတစ်ယောက်သည် ယူနိုက်တက် စတိတ်နိုင်ငံ၌ အဆင်းရဲဆုံးသော သူတစ်ယောက်ဖြစ်၍ မိမိကိုယ်ကိုမျှ မိမိ မပိုင်သော ကျွန်ဘဝမှာ နေရာမှ စာပြောဆရာကြီး အယ်ဒီတာကြီးဖြစ်ပြီး နိုင်ငံအုပ်ချုပ်ရသော အမတ်ကြီးဖြစ်ခဲ့လေသည်။ ထိုမျှလောက် လူကျပ်၍ ဉာဏ်ကြီးရှင်တွေများသော တိုင်းပြည်ကြီး၌ သိမ်ငယ်သော ကပ္ပလီကျွန်လူမျိုးတစ်ယောက်သည် တန်ခိုးကြီးသော လူသတ္တဝါ သိန်းသန်းများစွာတို့၏ အောက်မှာပိ၍နေရာမှ အရည်အချင်းတည်း ဟူသော မာန်စွယ်ဖြင့် အောက်ဆုံးသောနေရာမှ အထက်နေရာတစ်ခုသို့ ရောက်နိုင်လျှင် ဉာဏ်ရည်တူနည်းပါးလျက် ဝပြောသာယာ ဆူဖြိုးလှစွာသော ကျွန်ုပ်တို့ မြန်မာတိုင်းပြည်သား အသင်ယောက်ျားပျိုတို့သည် အရှည်သဖြင့် ပြား၍နေကြချေက မည်သူ့အပြစ်ဟု ဆိုရပါမည်နည်း။

အလုပ်တစ်ခုကို ဖြစ်မြောက်အောင် ကြီးပွားအောင် လုပ်ချင်လျက် လမ်းအခွင့်မပေါ်၊ အခန့်မသင့်၊ အကြောင်းမညီညွတ်သောကြောင့် မလုပ်ရ၊ မကိုင်ရ၊ မကြံရ၊ မစည်ရဟု ပြောဆိုပြီး ညည်းညူသော သူတို့သည် ပျင်းရိသောသူများသော်လည်းကောင်း ဖြစ်ရာ၏။ အပျော်အပါးလိုက်စားသော လူများသော်လည်း ဖြစ်တတ်လေသည်။

ဝီရိယနှင့် သတိဉာဏ်ထက်သန်ကြီးမား စိတ်ထားရင့်ခိုင်သူတို့သည် တွေ့သမျှသော ပန်းပွင့်တို့မှ ပျားရည်ကိုစုတ်၍ ယူသည့်အလား မိနစ်၊ စက္ကန့် ဟူသမျှတို့၌ အဖိုးထိုက် ပျားရည်တည်းဟူသော လမ်းကောင်းအခွင့်တို့ကို မြင်ကြလျက် ထိုလမ်းအခွင့်တို့ကို ထုတ်နုတ်စုယူသုံးစွဲကြသဖြင့် ပညာတည်းဟူသော အဆောက်အအုံ ဥစ္စာတည်းဟူသော အစုအပုံကို ရကြလေသည်။

ထိုကဲ့သို့သော သူတို့မှာ လူ့ပြည်၌တွေ့သမျှ၊ ကြုံသမျှ၊ ဖြစ်သမျှတွေကိုလမ်းကောင်း၊ အခွင့်ကောင်းဖြစ်အောင် ပြုလုပ်တတ်ကြလေသည်။ သို့ဖြစ်၍ အတွေ့အကြုံများခြင်းကို ရွှေ၊ ငွေထက် အဖိုးထိုက်တန်သည်ဟု ရှေးလူကြီးများ ပြောစမှတ်ပြုကြလေသည်။ အကြောင်းမှုကား ၎င်းများပြားထွေထူးသော အတွေ့အကြုံရခြင်းများသည် ထက်သန်သော စိတ်အား သတ္တိတည်းဟူသော လုံ၌ ရောဆူ၍ အကျိုးခံရသောအခါ ရွှေငွေရတနာအဖြစ်သို့ ရောက်ကြလေသည်။

မည်သူမဆို တစ်သက်လျှင် တစ်ကြိမ်နှစ်ကြိမ် သိသိသာသာ အကျိုးပေး၏။ ထိုကဲ့သို့သော အကျိုးပေးသည့်အခါ အသိဉာဏ် အလိမ္မာတည်းဟူသော ဓာတ်မီး၊ ကျားမျက်လုံးဖြင့် မိမိအခြေ

mgyoe.com

*အနေကို ကြည့်ရှုဆင်ခြင်ချေက တစ်သက်လုံး သုခချမ်းသာကို ဖြစ်စေနိုင်၏။ သို့သော်လည်း အကျိုးပေးခြင်းသည် ထိုကဲ့သို့သော သိသာသည့်အခါများ၌လည်း သတိဉာဏ် ထက်သန်က သိသာသကဲ့သို့ မြင်နိုင်လေသည်။*

*လမ်းကောင်းအခွင့်ကောင်းတို့သည် တံခါးဝမှ အမြဲပင်ရောက်၍ လာပြီးနောက် ဆီး၍ညှော်ခံခြင်းမပြုကြသည့်အခါ ပြတင်းပေါက်မှ ပြန်၍ ထွက်သွားတတ်ကြလေသည်။*

*ကြီးပွားလိုသူဟို့သည် အခြားလူများထက် တစ်တောင်တစ်လံပို၍ အမြင်ရှည်ရလေသည်။ မိမိနေထိုင်သော တိုင်းပြည်၌နောက်တစ်နှမ် ဘယ်ပုံဖြစ်မည်။ နောက်ငါးနှစ်ကြာလျှင် အဘယ်ပုံပြောင်းလဲမည်။ နောက်ဆယ်နှစ်ကြာလျှင် အဘယ်ပုံဖြစ်မည်။ မည်သည့် အလုပ်သည် မည်သည့်အခါ မည်သို့ဖြစ်မည်ဟူသော တင်ကြိုသိမြင်တတ်သော ဉာဏ်ကို အသုံးပြုတတ်စေရမည်"*

နိုင်ငံခြားတိုင်းပြည်များတွင် ထုတ်ဝေခဲ့သော စာဆိုကျော်စာရေးဆရာကြီး၏စာပေပေါင်းချုပ်များအကြောင်းကို စာရင်းနှင့်တကွ ဆရာဇော်ဂျီ၏စာပေါင်းချုပ် ပထမတွဲတွင် ဖော်ပြခဲ့ပါသည်။ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့မှ စာရေးဆရာကြီး (၃) ဦး၏ စာပေပေါင်းချုပ်များကို သာဓကအဖြစ် တင်ပြပါဦးမည်။

(1) LU XUN SELECTED WORKS, TRANSLATED BY YANG XIANYY AND GLADYS YANG.
VOLUME ONE, SECOND EDITION 1980.
VOLUME TWO , THIRD EDITION 1980.
VOLUME THREE, THIRD EDITION 1980.
VOLUME FOUR , SECOND EDITION 1980.
(2) BA JIN SELECTED WORKS, TRANSLATED BY SIDNEY SHAPIRO AND WANG MINGJIE. FIRST EDITION 1988.
(3) BA JIN SELICTED WORKS, TRANSLATED BY JACK HOE FITST EDITION 1988.
(4) HENRY LAWSON COMPLETE WORKS 1885-1900. A CAMP FIRE YARN. FIRST PUBLISHED 1984.
(5) HENRY LAWSON COMPLETE WORKS 1901-1922. A PANTASY OF MAN. FIRST PUBLISHED 1984.

စာရေးဆရာကြီးလူရွှန်း၏ စာစုများထုတ်ဝေရာတွင် ရွေးချယ်စိစစ်၍ ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်ပြီး ပထမတွဲ၌ဝတ္ထုတိုများ၊ စကားပြေကဗျာများ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယတွဲတွင်မူ စာတမ်းဆောင်းပါးများဖြစ်ပါသည်။ ထိုစာများကို ခုနှစ်သက္ကရာဇ်အလိုက် တန်းစီဖော်ပြထားရာ ၁၉၁၈ ခုနှစ်၊ ၁၉၁၉ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၂၂ ခုနှစ်၊ ၁၉၂၃ ခုနှစ်၊ ၁၉၂၄ ခုနှစ်၊ ၁၉၂၅



mgyoe.com

ခုနှစ်၊ ၁၉၂၆ ခုနှစ်၊ ၁၉၂၇ ခုနှစ်ဟူ၍ ခေါင်းစဉ်တပ်ပေးထားပါသည်။

တတိယတွဲတွင်လည်း စာတမ်းဆောင်းပါးများဖြစ်ပြီး ၁၉၂၈ ခုနှစ်၊ ၁၉၂၉ ခုနှစ်၊ ၁၉၃၀ ခုနှစ်၊ ၁၉၃၁ ခုနှစ်၊ ၁၉၃၂ ခုနှစ်၊ ၁၉၃၃ ခုနှစ် ဟူ၍ ခေါင်းစဉ်တပ်ပေးထားပါသည်။

စတုတ္ထတွဲတွင်လည်း ထို့အတူပင် စာတမ်းဆောင်းပါးများဖြစ်ပြီး ၁၉၃၄ ခုနှစ်၊ ၁၉၃၅ ခုနှစ် ဟူပင် ခေါင်းစဉ်တပ်ပေးထားပါသည်။ ဤကား စာရေးဆရာကြီး လူရွှန်း၏ စာများကို တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ရွေးချယ်၍ ပြန်ဆိုထုတ်ဝေပေးသော အစီအစဉ်ဖြစ်ပါသည်။ စာရေးဆရာကြီး ဘဂျင်၏စာစုများ ထုတ်ရာ၌ (၄) တွဲရှိပြီး ပထမတွဲ၌ ဝတ္ထုရှည် နိုဗယ်လ် (Novel) THE FAMILY နှင့် AUTUMN IN SPRING (၂) ပုဒ်ပါဝင်သည်ကို တွေ့ရသည်။ ဒုတိယတွဲ၌ ဝတ္ထုလတ် (Novelet) GARDEN OF REPOSE နှင့် BITTER COLD NIGHTS (၂) ပုဒ် ပါဝင်သည်ကို တွေ့ရသည်။ တတိယတွဲ၌ THE CROSS OF LOVE AND OTHER STORIES ပါဝင်သည်ဟု သိရသည်။ စာရေးဆရာကြီးဘဂျင်သည် မိခင်တရုတ်ဘာသာဖြင့် စာရေးသားရာ၌ စာပေါင်းချုပ်များ COLLECTED WORKS ၁၄ တွဲရှိသည်ဟု ဖတ်ရှုရသည်။

ကဗျာဆရာကြီး ဟင်နီရီလောဆန်၏ A CAMP - FIRE YARN စာအုပ်၌ သူ၏စာများကို ၁၈၈၇ ခုနှစ်၊ ၁၈၈၈ ခုနှစ်၊ ၁၈၈၉ ခုနှစ်၊ ၁၈၉၀ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၈၉၂ ခုနှစ်၊ ၁၈၉၃ ခုနှစ်၊ ၁၈၉၄ ခုနှစ်၊ ၁၈၉၅ ခုနှစ်၊ ၁၈၉၆ ခုနှစ်၊ ၁၈၉၇ ခုနှစ်၊ ၁၈၉၈ ခုနှစ်၊ ၁၈၉၉ ခုနှစ်၊ ၁၉၀၀ ပြည့်နှစ် ဟူ၍ ရေးသမျှ ဆောင်းပါး၊ စာတမ်း၊ ကဗျာ၊ ဝတ္ထု အားလုံးကို ဆက်တိုက်ဖော်ပြသွားကြောင်း တွေ့ရသည်။ စာမျက်နှာ ၉၀၅ – မျက်နှာရှိသည်။ လက်ရေးစာမူများလည်း ပါဝင်သည်။ ကဗျာဆရာကြီး ဟင်နရီ လောဆန်၏ A FANTASY OF MAN စာအုပ်၌ သူ၏စာများကို ၁၉၀၁ ခုနှစ်မှ စ၍ ၁၉၂၂ ခုနှစ်အထိ ရေးသမျှ ဆောင်းပါး၊ စာတမ်း၊ ကဗျာ၊ ဝတ္ထုအားလုံးကို ဆက်တိုက်ဖော်ပြသွားသည်ကို တွေ့ရသည်။ စာမျက်နှာ ၁၀၁၀ ရှိသည်။ လက်ရေးစာမူများလည်း ပါဝင်ကြောင်း ခုနှစ်အလိုက် ဖော်ပြသည်။ ဤဆရာကြီး ဟင်နရီလောဆန်သည် ၄–၉–၁၉၂၂ ရက်နေ့ စနေနေ့တွင် ကွယ်လွန်ခဲ့၍ နိုင်ငံတော် ဈာပနာအခမ်းအနားဖြင့် သင်္ဂြိုဟ်ပေးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းနည်းသဝဏ်လွှာပါးခဲ့သည်ကို တနင်္လာနေ့ထုတ် SIDNEY DAILY TELEGRAPH ၌ ကိုးကားဖော်ပြခဲ့သည်။ ဩစတြေးလျတစ်နိုင်ငံလုံးက ပြည်သူများက ချစ်ခင်လေးစားရသော ကဗျာဆရာကြီး ဖြစ်ကြောင်းတွေ့ရသည်။ သူတို့တိုင်းပြည်တွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ် ပြင်းထန်သော စာပေကဝိကြီးများကို နိုင်ငံတော်အစိုးရအဖွဲ့ကပင် ချီးမြှောက်လေးစားနေရာပေးသည်ကို ဖတ်ရှုသိရှိရပေသည်။

ဤနေရာ၌ ဖော်ပြလိုခြင်းကား တရုတ်စာပေပညာရှင်တို့သည် မိမိတို့ မိခင်ဘာသာ စာပေဖြင့် ရေးသား၍ ကမ္ဘာသို့တင်ပြသောအခါ အင်္ဂလိပ်ဘာသာဖြင့် ရွေးချယ်စိစစ်၍ ပြန်ဆိုထုတ်ဝေကြသည်။ ကဗျာဆရာကြီး ဟင်နရီလောဆန်အဖို့ကား အင်္ဂလိပ်လူမျိုးဖြစ်၍ သူရေးသမျှစာအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်သောအဆင့်၌ ရှိကြောင်း တွေ့ရှိရသည်။ ကျွန်တော်တို့သည် မြန်မာစာပေပညာရှင်ကြီးများ၏ စာကောင်းပေမွန်များကို စာပေါင်းချုပ်အဖြစ် အတွဲလိုက် အတွဲ



mgyoe.com

များစွာပင် ပုံနှိပ်ထုတ်ဝေပြီးနောက် ကမ္ဘာသို့ ဖြန့်ချိရပါဦးမည်။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ပုံနှိပ်ထုတ်ဝေရန် ရှိသေးသည်။ ဤတွင် COLLECTED WORKS များအထဲမှ SELECTED WORKS အဖြစ် ဆောင်ရွက်ရန် တာဝန်ကျန်ပါသေးသည်ဟု တင်ပြလိုခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေနိုင်ရန် ကျွန်တော်တို့ ကြိုးပမ်းရပါဦးမည်။ ယခုအခြေအနေကား စာရေးဆရာကြီးများဖြစ်သော ဇော်ဂျီ၊ ပီမိုးနင်း၊ မဟာဆွေ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ မှော်ဘီဆရာသိန်းတို့၏ စာပေများကိုပင် (၄၂) သန်းခန့်ရှိသော မြန်မာလူမျိုးတို့အတွက် စာပေါင်းချုပ်များ ထုတ်ဝေပုံနှိပ်ဖြန့်ချိနိုင်ရန် ကြိုးပမ်းအားထုတ် လုပ်ကိုင်နေကြပါသည်။ ဤသို့ လုပ်ကိုင်ရင်း ကမ္ဘာ့စာပေ အခြေအနေအရပ်ရပ်၌ သူတို့လုပ်ကိုင် ဆောင်ရွက်ကြသည်တို့ကို လေ့လာဖတ်ရှုဆန်းစစ်လျက် တိုးတက်ဖြစ်ပေါ်မှုကို မျက်ခြည်မပြတ်ကြည့်ရှုနေပါသည်။ မြန်မာလူမျိုးတို့၏ စာပေယဉ်ကျေးမှု ဂုဏ်သိက္ခာကို မြန်မာနိုင်ငံအတွင်း၌ ထွန်းတောက်မြင့်မားအောင် ထုနှင့်ထည်နှင့် ပြည့်စုံတည်တံ့အောင် ပထမအဆင့်အနေဖြင့် ဆောင်ရွက်ပြီးနောက် ကမ္ဘာအလယ်၌ တင့်တယ်ခန့်ငြားစွာတည်ရှိနေအောင် ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေကြရဦးမည်ဟု အစီရင်ခံခြင်း ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်က စာပေကဝိကြီး ဟင်နရီလောဆန်အတွက် ဝမ်းနည်းသဝဏ်စကားပါးခဲ့သည်ကို ထုတ်နုတ်ဖော်ပြပါဦးမည်။

"He knew in timately the real Australia, and was its greatest minstrel. He sang of its wide spaces, its dense bush, its draughts, its floods, as a lover sings of his mistress. He loved Australia and his verses set out its charms, its vicissitutes burning heat of the notherly and bitter cold of the westerly wind, the storm, the calm, draught and flood, endless plain shimmering beoneath the summer sun, the dust of the travelling stock, the cracking of the stockman's whip, the roar of the flood wasters, the matchless beauty of the tall, waving sweet-scented gums, splashed with the yellow of the wattle, the melting blue of the distant mountains, the evening camp fires, the bathing billy, the damper, and mutton of stockmen and swagmen, the humour, the pathes, the joys and sorrows, and above all the dountless spirit of Australians ...... . He was the post of Australia, the minstrer of the people".

ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်က စာပေကဝိကြီး ဟင်နရီလောဆန်အတွက် ဝမ်းနည်းသဝဏ်စကားပါးခဲ့သည်ကို မြန်မာဘာသာပြန်ဆို၍ ထုတ်နုတ်ဖော်ပြပါဦးမည်။

*"ဟင်နရီလောဆန်သည် ပကတိဩစတြေးလျတိုက်အကြောင်းကို တရင်းတနှီးကျွမ်းကျင်သူတစ်ဦးဖြစ်သလို အကျော်ကြားဆုံး စာဆိုကဝိကြီးလည်းဖြစ်သည်။*

*ဩစတြေးလျ၏ ကျယ်ပြောသော လွင်ပြင်ကြီးများ၊ ထူထပ်သော ခြုံနွယ်ပိတ်ပေါင်းများ ခြောက်သယောင်းသော ခယောင်းတောများနှင့် ရေလွှမ်းသော လတာပြင်များအကြောင်းကို တေးသီ*



mgyoe.com

ဖွဲ့ထားပုံမှာ လုလင်ပျို့က သူ့ချစ်ဦးသူအတွက် မေတ္တာတေးလေးများ သီဖွဲ့ထားသည့်နှယ် ချစ်စဖွယ် ကောင်းနေပေသည်။

သူသည် ဩစတြေးလျကို ချစ်မြတ်နိုးသူပီပီ ဩစတြေးလျ၏ တွယ်တာညွတ်နူးဖွယ်များ၊ မတည်မငြိမ်ဖောက်လွဲတတ်သော သဘာဝရှုခင်းများ၊ စူးရှဲပူပြင်းသောမြောက်ပြန်လေနှင့်စိမ့်စိမ့် အေးမြသော အနောက်လေတို့အကြောင်းကို တေးသီခဲ့သည်။ မုန်တိုင်းထန်ချိန်၊ လေပြည်သွေးချိန်၊ မိုးခေါင်ချိန်၊ ရေကြီးချိန်တို့အကြောင်းကိုလည်း ကဗျာဖွဲ့ခဲ့သည်။

နေရောင်အောက်တွင် တံလျှပ်ရောင် လက်လက်ထနေသော လွင်ပြင်ကျယ်ကြီးများ၊ ဖုန်တထောင်ထောင်းထအောင် ရွေ့လျားသွားလာနေသော နွားအုပ်ကြီးများကို မြင်ယောင်လာစေသော တေးများသီကုံးခဲ့သလို နွားကျောင်းသားတို့၏ ကြာပွတ်သံတရွှမ်းရွှမ်းနှင့် မြစ်မင်းနဒီ၏မာန်ဖီသံ တဝေါဝေါကို ကြားယောင်လာစေအောင် ကဗျာများလည်း စပ်ဆိုခဲ့သည်။

ဝါဖျော့ဖျော့စည်းရိုးတိုင်များ ဟိုသည်ပျောက်ကြားယှက်နေသော ကော်စေးပင်တန်းကလေးသည် လေအသွေးတွင် သင်းသင်းလေးမွှေးနေ၍ လေအလာတွင် ဘယ်ညာယိမ်းနေသည်ကို ညွတ်နူးတိမ်းမူးဖွယ် ဖော်ကျူးခဲ့သလို၊ မျက်စိတစ်ဆုံးအထိ သွယ်တန်းနေသော တောင်တန်းပြာကြီး အကြောင်းကိုလည်း မကျန်စေရ။

နေဝင်ချိန်၏ မီးပုံများ၊ ရေကစား ဆင်းသော ဆိတ်သိုးများ၊ နွားကျောင်းသားတို့၏ အသားကင်နံ့တို့ကိုလည်း သူ့ကဗျာများတွင် တွေ့ရ မြင်ရ ခံစားရသည်။

လူသားတို့၏ရယ်မောဖွယ် ငိုကြွေးဖွယ် ရယ်ရွှင်ဖွယ် ရင်နင့်ဖွယ်တို့ကို သူရှုမြင်သုံးသပ် ထင်ဟပ်ပြခဲ့သည်။

အဓိကအားဖြင့် သူသည် ဦးမညွတ်သော ဩစတြေးလျသားတို့၏ စိတ်ဓာတ်ကိုပေါ်လွင်အောင် ဖော်ကျူးနိုင်ခဲ့သည်။

ဟင်နရီလောဆန်သည် ဩစတြေးလျ၏ ကဗျာကဝိတစ်ဆူဖြစ်သလို ဩစတြေးလျသားတို့၏ သီချင်းသည်တစ်ဦးလည်း ဖြစ်ပေသည်။"

တရုတ်စာပေကဝိကြီးဘာကျင်က သူ၏ Selected works of Ba Jin ပထမတွဲတွင် အမှာစာရေးသားထားသည်ကို ကောက်နုတ်ဖော်ပြပါဦးမည်။ ဤအမှာစာတွင် သူ၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ စိတ်ဓာတ်ခွန်အား ယုံကြည်ချက်တို့ကို တွေ့မြင်နိုင်ပါသည်။

"အချိန်တည်းဟူသော ခရီးသည်ကြီးသည် မရပ်မနား ခရီးနှင်လျက် ရှိပေသည်။ ကျွန်ုပ်၏ စာပေများသည် ယနေ့ခေတ် စာဖတ်ပရိသတ်အတွက် ထိရောက်မှုနည်းပါးလာပေပြီ။ ဖတ်ချင့်စဖွယ် ဖြစ်မလာတော့၊ သို့တစေ ကျွန်ုပ်ကိုယ်တိုင် ဆယ်စုနှစ်ပေါင်းများစွာ အပတ်တကုတ် ပြုစုခဲ့သော စာပေများထဲမှ ကောင်းနိုးရာရာများကို ပြန်လည်စုစည်းဖော်ပြလိုက်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် စွဲစွဲမြဲမြဲ ယုံကြည်သော စာပေယုံကြည်ချက်ကြောင့် ဤသို့ စာဟောင်းပေဟောင်းများကို ပြန်လည်



mgyoe.com

ဖော်ထုတ်ရန် ဝံ့စားစွန့်စားလိုက်ခြင်းဖြစ်ပေသည်။

၁၉၃၅ ခုနှစ်က ကျွန်ုပ် ဤသို့ ရေးခဲ့ပါသည်။

ငါသည် ငါ၏ မျှော်လင့်ယုံကြည်ချက်ကို မည်သည့်အခါမှ စွန့်လွှတ်မည်မဟုတ်။ ငါ၏စာပေများသည် ရေးဟန်နှင့် အသွင်သဏ္ဍာန်အားဖြင့် ကွဲပြားကောင်း ကွဲပြားမည် ဖြစ်သော်လည်း အခြေခံပဓာန တွေးခေါ်မြော်မြင်မှုကတော့ မပြောင်းမလဲ တည်မြဲလျက်ရှိ၏။

ငါသည် စာပေနယ်သို့ ခြေချစပြုကတည်းက ငါ၏ငြိုးသူ ရန်ဘက်များကို ရန်မလိုခဲ့။ မငြူစူမစောင်းမြောင်းခဲ့။

ငါ၏ငြိုးသူရန်ဘက်များကကော မည်သူတွေပါနည်း။

ခေတ်ကုန်ပြီဖြစ်သော အတွေးအခေါ်အဟောင်းအမြင်းများ၊ လူသားတို့၏ တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားပြုသော စနစ်အဆွေးအမြည့်များ၊ မေတ္တာတရားကို ဖျက်လိုဖျက်ဆီးပြုသော အင်အားစုများသည် ငါ၏ ရန်သူများသာ ဖြစ်တော့သည်။

ငါအထက်တွင် ရေးခဲ့သမျှကို ငါ၏စာပေများက သက်သေခံပါလိမ့်မည်။

ယခု ငါသည် စာရေးသက် နှစ်ငါးဆယ်ကျော်ခဲ့ပြီ။ အသက်လည်း ရှစ်ဆယ်နားကပ်နေပြီ။ ဘဝတစ်သက်လုံး ရှာဖွေစူးစမ်းလာခဲ့သလို ယခုလည်း ရှာဖွေစူးစမ်းရဆဲ။

ယဉ်ကျေးမှု တော်လှန်ရေးကာလဟု ခေါ်တွင်ကြသော ၁၉၆၆–၇၆ ခါးသီးရင်နင့်ဖွယ် ဆယ်နှစ်ကာလအတွင်း ငါသည် စာရေးခွင့်မရခဲ့။ ယခုမှ ငါသည် ကလောင်ပြန်ကိုင်ခွင့် ရသည်။ ငါ့ရင်ထဲတွင် မီးလျှံများက ညီးညီးတောက်လောင်ဆဲပင် ရှိသေးသည်။ ငါ၏စိတ်အစဉ်ထဲတွင် ကြားနေကျအသံက "စာဆက်ရေးပါ၊ စာဆက်ရေးပါ" ဟု တစာစာ ဟစ်ကြွေးနေဆဲပင် ဖြစ်၏။

ငါ့ရင်ထဲက ခံစားမှုများသည် ရောမလှိုင်းလုံးကြီးများသဖွယ် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်နှင့် ထွက်ပေါက်ရှာနေဆဲလည်း ဖြစ်ပေသည်။

ငါ့အမျိုး ငါ့တိုင်းပြည်ကို ချစ်မြတ်နိုးရသော စိတ်ဓာတ်သည် နက်ရှိုင်းပေစွတကား။

ငါစာရေးချင်သည်.

ငါစာဆက်၍ ရေးဦးမည်။

ငါ့ရင်ထဲက မီးလျှံများသည် ငါ့ခန္ဓာကိုယ်ကို ဝါးမျိုလောင်မြိုက်သွားပါစေ။

ငါ့ကိုယ်ခန္ဓာ ပြာကျသည့်တိုင်အောင် ငါ၏မေတ္တာနှင့် ငါ၏အမုန်းတရားတို့သည် ကွယ်ပျောက်လိမ့်မည် မဟုတ်ပါ"

ဤစာကို စာပေကဝိကြီးဘာဂျင်က ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ရှန်ဟဲမြို့ဟု နေ့စွဲတပ်နေရာ ဖော်ပြ၍ Forward တွင် ရေးသားကြောင်း ဖတ်ရှုရပေသည်။

Time marches on. Read in the present new age, my works appear to have so little force; They are so colourless.

mgyoe.com

Even so, I have made selection from my past writing to represent the fruit of several decades of my literary endeavour. What gives me courage in reprinting these old pieces in my firm belief in writing, which is still very much with me. In 1935, I wrote; I will never lose hope. They may be different styles and emphases in my works, but the basic thinking which prompts their creation is the same. Ever since I started writing, I have never stopped attacking my enemies. And who are they? All the out-model, old ideas, all the absurd systems which have been obstructing the path of social progress and man's development, all the forces which seek to destory love-these are my enemies. My works, I hope, will bear writness my words above. I have been writing for over fifty years I have been searching, all my long life. I am nearing eithty now but I am still searching. During the ten calamitous years of the "cultural revolution" (1966-76), I was forced to give up writing for a long time. But now my pen is finally back in my hand. In my heart, the fire is still burning. In my mind, is still the same old voice which continually urges me, "keep writing, keep writing". I feel inside me emotions rising and falling like mighty waves, waiting for a free outlet. So deep is my love for my country and my people!

I want to write. I will continue to write. Let that fire burn me out fiercely when only the ashes of my body are left behind, even then, I know my love and my hate will never disappear.

စာရေးဆရာကြီး မြန်မာဒဿနိကဗေဒပညာရှင်ကြီးဖြစ်သူ မောင်ချစ်လှိုင်သည် ပီမိုးနင်း၏ ဘဝနှင့်စာပေစာအုပ်တွင် ဆရာကြီးပီမိုးနင်း၏ ဂုဏ်ကျေးဇူးခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်ကို ဖတ်ရှုရသည်။ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်က စာရေးဆရာကြီး၊ ကဗျာဆရာကြီးဖြစ်သူ ဟင်နရီလောဆန်ကို ဂုဏ်ပြုရေးသားရာ၌ ထူးခြားသော ဂုဏ်ထူးဝိသေသနများနှင့်ဖော်ပြ၍ ဩစတြေးလျနိုင်ငံ၏ သဘာဝအလှရှုခင်းများ၊ ဩစတြေးလျတိုက်နေသူတို့၏ ဘဝလှုပ်ရှားနေထိုင်စားသောက်မှုများ၊ ယင်းတို့၏ ဦးမညွတ်သော စိတ်ဓာတ်များကို ဖော်ထုတ်ချီးကျူးကြသည်။ ထိုနည်းအတူပင် မြန်မာဒဿနိကဗေဒပညာရှင်ကြီး မောင်ချစ်လှိုင်ကလည်း စာပေကဝိကြီးဖြစ်သူ ဆရာကြီးပီမိုးနင်းကို မြန်မာနိုင်ငံ စာပေကဝိကြီး အသီးသီးရှိကြရာတွင် ထိပ်တန်းက ပါဝင်နေသော ပုဂ္ဂိုလ်ကြီးဟု ဂုဏ်ပြုချီးကျူးထားကြောင်း ဖတ်ရသည်။

ဆရာကြီးပီမိုးနင်းအား နိုင်ငံရပ်ခြားမှ စာရေးဆရာကြီး ဟင်နရီလောဆန်၊ တရုတ်ပြည်မှ စာပေကဝိကြီး ဘကျင်တို့နှင့် တစ်တန်းတည်းထား၍ ကျွန်တော်တို့ လေးစားဂုဏ်ပြုနိုင်ပါသည်။ တရုတ်စာပေကဝိကြီး (Ba Jin) ဘကျင်ကလည်း သူ၏ Select works တွင် အမှာစာရေးရာ၌ ငါ့ရင်ထဲမှ မီးလျှံများတညီးညီးတောက်လောင်ဆဲပင်ဖြစ်သည်။ ငါ၏ စိတ်အစဉ်ထဲတွင် ကြားနေကျအသံက စာဆက်ရေးပါ။ စာဆက်ရေးပါဟု တစာစာဟစ်ကြွေးနေဆဲဖြစ်သည်။ ငါ့ရင်ထဲက ခံစား



mgyoe.com

မှုများသည် ရောမလှိုင်းလုံးကြီးများသဖွယ် မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်နှင့်ထွက်ပေါ်ရှာနေဆဲလည်း ဖြစ်ပေသည်။ ငါ့အမျိုး ငါ့တိုင်းပြည်ကို ချစ်မြတ်နိုးရသောစိတ်ဓာတ်သည် နက်ရှိုင်းပေစွတကားဟူ၍ ဖော်ပြခဲ့ပြီး ယခု မြန်မာဒဿနိကဗေဒ ပညာရှင်ကြီး စာရေးဆရာကြီးဖြစ်သူ မောင်ချစ်လှိုင်၏ ဆောင်းပါးကို ဖော်ပြလိုက်ပါသည်။

*"ဆရာကြီးပီမိုးနင်း၏အကြောင်းအရာသည် ကျယ်ဝန်းလှပေသည်။ ဆရာကြီး၏ ဂုဏ်ပုဒ်များကို ဖွဲ့ဆိုရလျှင်လည်း စုံလင်နိုင်မည်မဟုတ်ပေ။ ဆရာကြီးသည် မြန်မာ့ဂန္ထဝင်တွင် ထင်ရှားသော မှတ်တိုင်ကြီးဖြစ်ခဲ့သည်မှာ အငြင်းပွားစရာမလိုသော အချက်ဖြစ်သည်။ သို့သော်လည်း ဆရာကြီးသည် ဆရာကြီးတစ်ဦးမျှသာမကဘဲ တိုင်းပြု ပြည်ပြု မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်ပါပေသည်။ မျိုးချစ်စာဆိုကြီး သခင်ကိုယ်တော်မှိုင်းကို ရှုထောင့်ပေါင်းစုံမှ ဂုဏ်ပြုခဲ့ကြပြီဟုဆိုလျှင် အမြင်ကျယ်၍ အသိပညာကြွယ်လှသော ဆရာကြီးပီမိုးနင်းကိုလည်း အလားတူပင် ဂုဏ်ပြုရမည်သာ ဖြစ်ပေသည်။*

*ဆရာကြီးပီမိုးနင်းသည် ရသစာရေးဆရာလည်း ဖြစ်ခဲ့သည်။ စွယ်စုံကျမ်းပြုဆရာကြီးလည်း ဖြစ်ခဲ့သည်။ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာလည်း ဖြစ်ခဲ့သည်။ နိုင်ငံရေးအသိအမြင်ရှိသူလည်း ဖြစ်ခဲ့သည်။ လူငယ်လူရွယ်တို့၏ စိတ်နေစိတ်ထားမွန်မြတ်ရေးနှင့် စာရိတ္တကောင်းမွန်ရေးကိုလည်း လမ်းညွှန်လမ်းပြ ပြုလုပ်ခဲ့သူ ပြုပြင်ရေးသမားကြီးလည်း ဖြစ်ခဲ့ပါပေသည်။ ဆရာကြီးလည်း သူ့ဘဝတစ်လျှောက်တွင် သူလက်လှမ်းမီသမျှသော အသိပညာရပ်များစွာတို့ကို လေ့လာဆည်းပူးရင်းပြည်သူတို့ထံ ဖြန့်ဝေပေးခဲ့သည်။ ဆရာကြီး၏ထူးခြားချက်မှာ ခေတ်မီသူတိုင်း သိအပ်မြင်အပ်သော အကြောင်းအရာဘာသာရပ်များကိုသာ သာမန်ပြည်သူတို့ နားလည်နိုင်အပ်သော အရေးအသားဖြင့် ရေးသားဖော်ပြလို့ဆော်တိုက်တွန်းနိုင်စွမ်း ရှိခဲ့ခြင်းဖြစ်ပေသည်။*

*၁၃၀၀ ပြည့်အရေးတော်ပုံမတိုင်မီနှင့် ယင်းအရေးတော်ပုံ လှုပ်ရှားမှုတစ်ဝိုက်မှစ၍ မြန်မာ့လွတ်မြောက်ရေးလှုပ်ရှားမှုကြီးထဲသို့ ပါဝင်ခွင့်ကြုံကြိုက်ခဲ့ရသော လူငယ်လူရွယ်များစွာတို့၏ မျိုးချစ်စိတ်၊ စွန့်စားစိတ်၊ စွန့်လွှတ်ရဲစိတ်၊  မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စိတ်၊ မဟုတ်မခံချင်စိတ်၊ မတရားမှုများကို စက်ဆုတ်ရွံ့ရှာချင်စိတ်၊ အမှန်တရားနှင့်တရားမျှတမှုကို မြတ်နိုးချင်စိတ်၊ တရားလမ်းမှန်သောနည်းဖြင့် ကြီးပွားတိုးတက်အောင် ကြိုးပမ်းအားထုတ်ချင်စိတ်၊ လူ့ဘဝနှင့်လောကဓံတရားကို ရဲရင့်စွာကြည့်မြင် ရင်ဆိုင်ပြီး တိုက်ပွဲဝင်ချင်သောစိတ်၊ ရိုးရိုးကျင့် မြင့်မြင့်ကြံစေလိုသောစိတ် အစရှိသည့် ယောကျ်ားကောင်း၊ မိန်းမကောင်းတို့၏ ထားရှိအပ်သော မွန်မြတ်သော စိတ်ဓာတ်များဖြစ်ပေါ်တိုးပွားရေးကို လှုံ့ဆော်တိုက်တွန်းသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများထဲတွင် ဆရာကြီးပီမိုးနင်းသည် ထိပ်တန်းက ပါဝင်ခဲ့ပြီဟု ဆိုချင်ပါတော့သည်။*

*ဆရာကြီးပီမိုးနင်း၏စိတ်ပညာကျမ်းများ၊ လူစွမ်းလူစ မြင့်တင်ရေးကျမ်းများ၊ ကြီးပွားတိုးတက်ရေးကျမ်းများ၊ အောင်စိတ်မွေးမြူရေးကျမ်းများ၊ ကိုယ့်ဒူးကိုယ်ချွန်ကျမ်းများ အစရှိသည်တို့သည် ကျွန်တော်နိုင်ငံ၏များစွာသော လူငယ်လူရွယ်တို့၏ ဘဝကံကြမ္မာလမ်းကြောင်းကို မွန်မြတ်*



mgyoe.com

*သော ပန်းတိုင်အသီးသီးဘက်သို့ ဦးတည်ပေးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ဘဝ၏လောကဓံလှိုင်းများအကြားတွင် မဟာဇနက္ကမင်းကဲ့သို့သော ထုံးကောင်းကို နည်းယူလျက် မလျှော့သော ဖွဲလုံ့လတို့ဖြင့် ကူးခတ်ကျော်လွှန်ရဲစေသည့် အားမာန်သစ်များကို ဆရာကြီးပီမိုးနင်း၏ စာပေစွမ်းအင်က ဖြည့်စွမ်းပေးခဲ့သည်။ ဆရာကြီးပီမိုးနင်းသည် ခေတ်မီသော ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်၍လည်း လောကအလင်းကျမ်းတွင် ရေးသားဖော်ပြကာ လှုံ့ဆော်ခဲ့ပေးသေးသည်။*

*ဆရာကြီးပီမိုးနင်းသည် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့သူ မဟုတ်သော်လည်း တစ်ကိုယ်တော် စာပေပညာရှင်ကြီးအနေနှင့်ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စိတ်ရင်းစိတ်ကောင်းအခြေခံရှိကြသော များစွာသော လူငယ်လူရွယ်တို့ကို အမျိုးသားရေးနှင့် မွန်မြတ်သော ရည်ရွယ်ချက်များအတွက် တိုက်ပွဲဝင်ရေးဘက်သို့ မျက်နှာမူစေခဲ့ပေသည်။ ထို့ကြောင့် ဆရာကြီး ပီမိုးနင်းသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးမဟာဆွေ၊ ဆရာကြီးဂျာနယ်ကျော် ဦးချစ်မောင်၊ ဆရာကြီးသိန်းဖေမြင့်နှင့် နဂါးနီခေတ်မျိုးချစ်စာရေးဆရာများကဲ့သို့ပင် ဂုဏ်ပြုခြင်းခံထိုက်သော ကျေးဇူးရှင်စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ပါပေသည်။*

*ကျွန်တော်တို့သည် ဆရာကြီးပီမိုးနင်းကို ဂုဏ်ပြုလိုကြသည်ဆိုက ဆရာကြီး ရေးသားစီရင်ခဲ့သော စာများ၊ ကျမ်းများကို လေးလေးနက်နက် လေ့လာသင့်ကြပေသည်။ ထို စာများ၊ ကျမ်းများ၌ ဖော်ပြလမ်းညွှန်ထားသော ကြီးပွားတိုးတက်ရာတိုးတက်ကြောင်း၊ အောင်မြင်ရာ အောင်မြင်ကြောင်း၊ တရားမှန်ကန်ရာ မှန်ကန်ကြောင်း၊ အချက်အလက်များကို မိမိဘဝ၏ရည်မှန်းချက်များနှင့် ဆက်စပ်ကာ လိုက်နာကျင့်သုံးသင့်ကြသည်။ လူကောင်းသူကောင်းတစ်ယောက် ဖြစ်တည်လာရေးနှင့် လူစွမ်းလူစရှိသူတစ်ယောက် ဖြစ်မြောက်ရေးတို့တွင် ဆရာကြီးပီမိုးနင်း၏ နည်းပေးလမ်းပြမှုများသည် ကြီးမားသောအထောက်အကူများပင် ဖြစ်သည်ဟု ဆိုရပေမည်။*

*ဆရာကြီးပီမိုးနင်းသည် ဆင်းရဲသားလူထုကြီး၏လွတ်မြောက်ရေးတိုက်ပွဲကို ဖော်ပြခဲ့သူ မဟုတ်သော်လည်း ဆင်းရဲသားပြည်သူလူထု၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ဆောင်ရွက်လိုကြသော လူငယ်လူရွယ်တစ်ဦးချင်း ပုဂ္ဂိုလ်တို့သည် ဆရာကြီးပီမိုးနင်း၏ကျမ်းများမှ ရယူလေ့ကျင့်အပ်သော နည်းလမ်းကောင်းတို့ကို လေ့ကျင့်လိုက်နာခြင်းဖြင့် ကောင်းကျိုးကိုသာ ခံစားရမည်ဖြစ်ပေသည်။ ဆိုးကျိုးဖြစ်စရာ လုံးဝမရှိချေ။ သို့ဖြစ်ရာကား မြန်မာစာပေသမိုင်းဝင်ပညာရှိပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ဆရာကြီးပီမိုးနင်း၏အဓိပ္ပာယ်ကို ယခုခေတ်တွင်လည်း နားလည်သင့်သည်သာ ဖြစ်ကြောင်း ထင်မြင်ယူဆတင်ပြရပေသည်”*

ဆရာကြီးပီမိုးနင်း၏တက်ကျမ်းများ၊ ကြီးပွားအောင်မြင်ရေးကျမ်းများ၊ စီးပွားရေးကျမ်းများ၊ တိုက်ပွဲဝင်ကျမ်းများ၊ အောင်စိတ်ဓာတ်ကျမ်းများကို မြန်မာလူမျိုးများအတွက် သူ့ကျွန်ခေတ်ကာလ၌သာမက လွတ်လပ်ရေးခေတ်၌လည်း များစွာအကျိုးပြုလျက်ရှိကြောင်း လေ့လာဖတ်ရှုတိုင်း တွေ့ရှိကြရမည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော ဆရာကြီးပီမိုးနင်း၏ ဤအကျိုးပြုစာများသည် အချိန်ကာလမရွေး၊ အသုံးဝင်သော တွန်းအားပေးနေသော စာပေအင်အားစုကြီးများဖြစ်ကြောင်း



mgyoe.com

ရဲရဲကြီးပြောနိုင်သည်ဟု ကြေညာလိုက်ပါသည်။ ဤစာများတွင် ထူးခြားသော သတ္တိထူး၊ ဂုဏ်ထူး စွမ်းအင်များ၊ ရဲရင့်ပြတ်သားသော တွေးခေါ်မြော်မြင်မှုတရားများ၊ လှုပ်ရှားထကြွ၍ တိုးတက် ဖောက်ထွက်စေသော တိုက်စိတ်ခိုက်စိတ်များ၊ လောကဌ် စိတ်ဓာတ်ကျနေသူများအား ဆွဲတင်၍ အားမာန်အပြည့်ဖြစ်အောင် သံမဏိစိတ်ဓာတ်အဖြစ် ပြောင်းလဲနိုင်သော သဘောတရားများ ပါရှိ နေကြောင်း တွေ့ရှိရပေရာ ဆရာကြီးပီမိုးနင်း၏ထူးခြားသော စာပေပညာစွမ်းရည်၊ တွေးခေါ် မြော်မြင်မှုစွမ်းရည်၊ ထက်မြက်စူးရှလှသော ဉာဏ်ပညာစွမ်းရည်တို့သည် အလွန်တရာပင် ချီးမွမ်း ဂုဏ်ပြုထိုက်လှပါသည်။ ဤစာများသည် မြန်မာလူမျိုးတို့အဖို့ အစဉ်သဖြင့် ဖတ်ရှုလေ့လာ မှတ်သားနေရမည့်စာများ ဖြစ်နေလေရာ မည်သည့်ခေတ် မည်သည့်အခါမဆို တည်ရှိနေအောင် ကြိုးပမ်းလုပ်ကိုင်ကြရမည်မှာ စာပေတာဝန်သိသော စာပေချစ်မြတ်နိုးသော ပုဂ္ဂိုလ်တိုင်း၏ ပခုံးပေါ်သို့ တာဝန်ကျရောက်နေကြောင်း အတိအလင်း ရေးသားဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ စာအုပ်ဆိုင်များ၌ ဆရာကြီးပီမိုးနင်း၏စာအုပ်များသည် ရောက်ရှိနေ ကြပြီး ဆရာကြီး၏စာဖတ်ပရိသတ်များသည် အမြို့မြို့ အရွာရွာတိုင်း၌ ရှိနေသည်ဟု ကျွန်တော် ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဤမျှထူးခြားကောင်းမွန်သော တန်ဖိုးမဖြတ်နိုင်လောက် အောင် စာပေတန်ဖိုးကြီးမားသော ဆရာကြီးပီမိုးနင်း၏စာများသည် မဂ္ဂဇင်းအသီးသီး၊ စာအုပ် အသီးသီး၌ပါနေသဖြင့် တစ်စုတစ်စည်းတည်းဖြစ်အောင် ဆရာကြီးပီမိုးနင်း၏စာပေါင်းချုပ်အဖြစ် ထုတ်ဝေနိုင်ရန် အားထုတ်ကြိုးပမ်းလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ယနေ့ ခေတ်အခါကာလ၌ ဒီမိုကရေစီနိုင်ငံတော်သစ် တစ်နိုင်ငံအဖြစ် တည်ဆောက်နေလေရာ မြန်မာ စာပေယဉ်ကျေးမှုကဏ္ဍမှနေ၍ ထူးခြားထင်ရှားသော အုတ်မြစ်အခြေခံ အုတ်တိုင်၊ ကျောက်တိုင်၊ သံတိုင်များအဖြစ် ဤကဲ့သို့သော စာပေစာပေါင်းချုပ်များသည် များစွာလိုအပ်ပြီဟု ယူဆပါသည်။ ဤတွင် မြန်မာနိုင်ငံ၌ အနံ့အပြားပျံ့နှံ့နေသော စာရေးဆရာကြီးများ၏စာများကို မြန်မာစာပေ သမ္မာရင့်ကျက်သူ၊ မြန်မာစာ၌ ကျွမ်းကျင်လေ့လာမှတ်သားသူ၊ မြန်မာစာပေရေးသားပြုစုနေသူ၊ မြန်မာစာပေကို မြတ်နိုးလေးစားသူများကို မေတ္တာရပ်ခံတောင်းပန်၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကြီး၊ အလုပ်အမှုဆောင်များ၏ သဘောတူညီချက်ရယူပြီး စာပေါင်းချုပ်အစီအစဉ်များ ချမှတ်ပါ ကြောင်း တင်ပြပါသည်။ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက် ခိုင်မာနေသော တိုင်းကြီးပြည် ကြီးများတွင် အင်္ဂလိပ်ဘာသာဖြင့် ဤကဲ့သို့သော စာပေကဝိကြီးများ၏ စာကောင်းပေမွန်များကို စာပေါင်းချုပ်များအဖြစ် အဆက်မပြတ် စိစစ်ရွေးချယ်လျက် ထုတ်ဝေနေကြောင်း တွေ့မြင်နေရပါ သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်ကား ပထမခြေလှမ်းအားဖြင့် မြန်မာဘာသာဖြင့်ပင် စာ ပေါင်းချုပ်များ အစုံလိုက်အတွဲလိုက် ထွက်ရှိအောင် ကြိုးပမ်းရပါဦးမည်။ မြန်မာစာပေလောကတွင် ဟာနေသော ဤစာပေါင်းချုပ်များကွက်လပ်ကို ဖြည့်ဆည်း၍ ပြည့်စုံသွားအောင် လုပ်ဆောင်ကြပါ ဦးမည်ဟု ကျွန်တော် နားလည်သဘောပေါက်ထားပါသည်။

ကျွန်တော်တို့ အလုပ်လုပ်ရာ၌ ရှေ့ရေးနောက်ရေးကို မြော်မြင်၍လည်းကောင်း၊ အကြောင်း တရားနှင့် အကျိုးတရားကို စဉ်းစားတွက်ဆ၍လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေအချိန်ကာလ

ကို သုံးသပ်ဝေဖန်စိစစ်၍လည်းကောင်း၊ မိမိလူမျိုး၊ မိမိနိုင်ငံ၊ မိမိစာပေအနေအထား ဖြစ်ပေါ်နေမှုတို့ကို အပြန်ပြန်အလှန်လှန် တွေးတောဆင်ခြင်၍လည်းကောင်း၊ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းမှန်သမျှကို တွေဝေငေးမောမှုမှာ မရှိဘဲ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ဆုံးဖြတ်၍လည်းကောင်း၊ ဘဝအတွေ့အကြုံရင့်ကျက်၍ စာပေအရာ၌ ကျွမ်းကျင်မှု၊ လေ့လာလိုက်စားမှု၊ ရေးသားထုတ်ဝေမှု၊ အဘက်ဘက်က လိုအပ်သောအရည်အချင်းရှိသူ စာပေအဖွဲ့ကြီး၏အလုပ်အမှုဆောင်များ၏ အကြံဉာဏ်၊ အကူအညီ၊ အဆုံးအဖြတ်၊ ပူးပေါင်းဆောင်ရွက်မှုရယူ၍လည်းကောင်း၊ ဤစာပေါင်းချုပ်လုပ်ငန်းကို လုပ်ဆောင်လိုက်ခြင်းဖြစ်ကြောင်း မှတ်တမ်းတင်မော်ကွန်းပြုပါသည်။ အထူးသဖြင့်ဖော်ပြလိုသော အချက်တစ်ချက်ကား စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်များ၏ ညီညွတ်စည်းလုံးသော၊ မြန်မာစာပေထွန်းကားတိုးတက်ဖြစ်ပေါ်မှုကို နှစ်သက်လိုလားသော၊ စိတ်ရှည်လက်ရှည်ဖြင့် ဇွဲလုံ့လဝီရိယဖြင့် လုပ်ကိုင်တတ်သော တိုင်းကျိုး ပြည်ကျိုးပြု စိတ်ဓာတ်ဖြစ်ပါသည်။ ဤသို့သော တိုင်းကျိုး ပြည်ကျိုးပြုစိတ်ဓာတ်သည် မြန်မာစာပေအစွန့်ရှည်တည်တံ့ခိုင်မြဲမှု၊ ကမ္ဘာစာပေအလယ်တွင် ထုနှင့်ထည်နှင့်အခိုင်အမာရပ်တည်မှုတို့ကို ကမ္ဘာတည်အောင် ကျားကန် ပေးထားနေဦးမည့် သံမဏိစိတ်ဓာတ်မျိုးဖြစ်ပါသည်။ ဆက်လက်၍ မြန်မာစကားပုံများတွင်ရှိခဲ့သည့် စကားပုံအဆိုကို ဖော်ပြခွင့်ပြုစေလိုပါသည်။ ထိုစကားပုံများမှာ အချိန်ရှိခိုက် လုံ့လစိုက်၊ လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်း ရေခံ စသော ကျွန်တော်တို့သည် အခြေအနေပေးနေချိန်တွင် အခြေအနေပေးသလောက်ကို ကျွန်တော်တို့ စွမ်းဆောင်နိုင်သမျှ ကျွန်တော်တို့ခွန်အားရှိသမျှ ကျွန်တော်တို့ဉာဏ်စွမ်းရှိသမျှ၊ လုပ်ကိုင်အားထုတ်ရမည်သာဖြစ်ပါသည်။ ကျွန်တော်တို့တိုင်းပြည်၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ မြန်မာစာပေအကျိုးကို ထွန်းကားတိုးတက်ကြီးပွားအောင် လုပ်ဆောင်ရာ၌ ဝံသာနုရက္ခိတတရားကို လက်ကိုင်ထား၍ လက်တွေ့အကောင်အထည်ပေါ်အောင် စာပေပစ္စည်းများထုတ်လုပ်ခြင်းသည် ကြီးမြတ်သော မင်္ဂလာတရားဖြစ်သည်ဟု ဆိုလိုက်ပါသည်။ ဤမင်္ဂလာတရားဖြင့် စာပေချစ်မြတ်နိုးသော မြန်မာလူမျိုးတို့အဖို့ –

မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံ၊ ကိုယ်ပိုင်ဘာသာတရား၊ သာသနာတရား၊ ထက်မြက်စူးရှသော မျိုးချစ်စိတ်ဓာတ်တို့သည် ပညာတန်ဆောင် မီးရှူးမီးတိုင်များအဖြစ် အစဉ်သဖြင့် တည်တံ့ရပ်တည်လျက်ရှေ့ဆောင်လမ်းပြနေမည်သာ ဖြစ်ပါသည်။

ယဉ်ကျေးမှု အရပ်ရပ်ရှိရာ၌ ပန်းဆယ်မျိုး၊ ဓာတ်သဘင်၊ တေးသီချင်း၊ ရုပ်ရှင်၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့တွင် စာပေသည် ထိပ်ဆုံးမှတည်ရှိနေကြောင်းကို ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းမှလက်ခံ၍ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလိုက်ပါသည်။ ကျွန်တော်တို့သည် နှစ်ပေါင်းများစွာသက်တမ်းရှိသည့် ကျွန်တော်တို့သမိုင်းစာကို စာပေဖြင့်သာလျှင် သိရှိမှတ်တမ်းတင်ရသည်သာ ဖြစ်ပါသည်။ ဤစာပေများသည် နောင်အနာဂတ်ကာလများ၌လည်း နှစ်ပေါင်းထောင်နှင့်ချီ တည်တံ့ရှိနေသွားဦးမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ ပစ္စုပ္ပန်မျက်မှောက်ကာလ၌ ဤစာပေါင်းချုပ်များ ထုတ်ဝေခြင်းသည် ယခင် အတိတ်ကာလက ရှိခဲ့ပြီးသော စာပေကဝိကြီးများ၏စာပေဉာဏ်ပညာ စွမ်းရည်အတွေးအခေါ် အမြော်အမြင်တရားများကို ပိုမိုခိုင်မြဲအောင်

တည်ရှိအောင် လုပ်ဆောင်ရာ ရောက်သည်သာမက မနက်ဖြန် အနာဂတ်ကာလအတွက်လည်း အဆုံးအစမရှိသော အကျိုးတရားများအဖြစ် ဖြစ်ထွန်းနေဦးမည်သာ ဖြစ်သည်ဟု အခိုင်အမာယုံကြည်ထားပါသည်။ အကယ်၍ ကျွန်တော်တို့သည် စိတ်ကူးယဉ်နေပြီး စိတ်ကူးထဲတွင်သာ အလုပ်လုပ်၍ လေထဲ၌ တိုက်အိမ်ဆောက်နေပါက ဘာမှအလုပ်ဖြစ်မည်မဟုတ်ပါ။ အချိန်လွန်နောက်ကျမှ လုပ်ဆောင်ပြန်လျှင်လည်း မြန်မာစကားပုံများအတိုင်း သူခိုးပြေးမှ ထိုးကွင်းထ၊ လူမိုက်နောက်မှ အကြံရ၊ မိုးလွန်မှ ထွန်ချ ဆိုသကဲ့သို့ ဖြစ်မည်စိုးရပါသည်။ ကျွန်တော်တို့သည် လုပ်သင့်လုပ်ထိုက်သောအလုပ်ကို လုပ်ခြင်း၊ လုပ်စရာရှိသည်တို့ကို အချိန်မီလုပ်ဆောင်ခြင်း၊ လုပ်နေသည့်အလုပ်ကို ပြီးစီးနိုင်သမျှပြီးစီးအောင် ပြီးမြောက်အောင်လုပ်ခြင်းတို့သည် ထိုလူမျိုး၏စွမ်းရည်သတ္တိ၊ အရည်အချင်း၊ စိတ်နေစိတ်ထားကောင်း ဟု ယူဆသဘောပိုက်ထားပါသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာများ၊ စုပေါင်းဖွဲ့စည်းထားသော အသိပညာရှင်အဖွဲ့ကြီးဖြစ်ရာ စာပေ၊ အနုပညာ၊ ကာတွန်းထွန်းကားတိုးတက်မှုလုပ်ငန်းကြီးသည် အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်နေပါသည်။ ဤစာပေါင်းချုပ် လုပ်ငန်းကြီးသည်လည်း ထိုအဓိက တာဝန်ကြီး၏ကြီးမားသော အစိတ်အပိုင်းအဖြစ် ရပ်တည်နေပါသည်။ စာပေကဝိကြီး၏ပြန့်ကျဲနေသော နေရာတကာ အနှံ့ရောက်နေသော စာပေလက်ရာမွန်၊ လက်ရာကောင်းများကို စုစည်း၍ ထုနှင့်ထည်နှင့် တစ်စုတစ်စည်းတည်းရှိနေမှသာလျှင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆောက်အအုံအတွင်း၌ ခန့်ညားထည်ဝါစွာ ရပ်တည်နေနိုင်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းကြီးအတွက် ကျွန်တော်တို့အဖို့ နေ့ရာညဥ့်ပါ ကြိုးပမ်းအားထုတ်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း၊ စစ်ဆေးစိစစ်ပေးခြင်း ပြုလုပ်လျက်ရည်ရွယ်ချက်ကို မျက်ခြည်မပြတ် တစိုက်မတ်မတ် လုပ်နေကြောင်း အစီရင်ခံလိုပါသည်။

စာပေကဝိကြီး ဆရာကြီးပီမိုးနင်း၏စာကောင်း ပေမွန်များကို စုစည်းရာ၌ စာပေလောက၌ စာရေးသားနေသူ၊ စာပေသမ္မာရင့်သူ စာရေးဆရာကြီး ဆရာလင်းယုန်နီအား ခေါင်းဆောင်တာဝန်ပေးအပ်ခဲ့ပါသည်။ ဤစာစုဖြစ်မြောက်ရေးအဖွဲ့ တွင် (၁) ဆရာလင်းယုန်နီ–အဖွဲ့ခေါင်းဆောင်။ (၂) ဦးဝင်းဖေ (မုံရွာဝင်းဖေ) စာတည်းမှူး၊ စာပေဗိမာန်အဖွဲ့ဝင်၊ (၃) ဒေါ်မြမြသန်း (မနှင်းဖွေး) စာတည်း၊ စာပေဗိမာန်၊ အဖွဲ့ဝင်။ (၄) ဦးမောင်လှိုင် (မောင်ဆွေငယ်) စာတည်း၊ စာပေဗိမာန်၊ အဖွဲ့ဝင်။ (၅) ဦးမျိုးမြင့်သောင်း (မျိုးမြင့်သောင်း–စာပေဗိမာန်) စာတည်း၊ စာပေဗိမာန်အဖွဲ့ဝင်။ (၆) ဦးမြတ်စိုး၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ အဖွဲ့ဝင်။ (၇) ဒေါ်ခင်နှင်းဦး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ အဖွဲ့ဝင်တို့ ပါဝင်ကြပါသည်။ ဤစာပေချစ်မြတ်နိုးသူများ၏ လုံ့လဝီရိယကြောင့်သာလျှင် စာပေကဝိကြီး စာရေးဆရာကြီးပီမိုးနင်း၏ စာကောင်းပေမွန်များကို တစ်စုတစ်စည်းတည်း မြန်မာလူမျိုးတို့ တွေ့မြင်ဖတ်ရှုရပြီဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

ဆက်လက်၍လည်း ဆရာကြီး ပီမိုးနင်း၏ စာကောင်းပေမွန်များကို အတွဲလိုက် ထုတ်ဝေသွားပါမည်။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်သိက္ခာ၊ စာပေအဆင့်အတန်း မြင့်မားမှု ဂုဏ်သိက္ခာ၊ တွေးခေါ်မြော်မြင်ရေး မြင့်မားမှုဂုဏ်သိက္ခာ၊ ဤဂုဏ်သိက္ခာတရားတို့ဖြင့် ပြည့်ဝနေသော စာပေါင်း

mgyoe.com
ချုပ်များဖြစ်ပါသည်ဟု ထပ်ဆင့်ဆိုလိုက်ပါပြီ။ စာပေကဝိကြီးများ၏ စာပေါင်းချုပ်များသည် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုကျောက်စာတိုင်စာပေမှတ်တိုင်ကြီးများဖြစ်သည်ဟု ဆိုထားပြီးပါပြီ။ ကျွန်တော်တို့စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် ဤစာပေါင်းချုပ်ကြီးများ တစ်တွဲပြီးတစ်တွဲ ထုတ်ဝေသွားခြင်းအားဖြင့် စာပေယဉ်ကျေးမှု၊ ဖွံ့ဖြိုးခိုင်မာမှု၊ တိုးတက်ကြီးပွားမှု၊ စည်ပင်ဝပြောမှုတို့အတွက် အင်အားထုသည် ကြီးမားသည်ထက် ကြီးမားလာစေမည်ဖြစ်ကြောင်း အခိုင်အမာယုံကြည်ပါသည်။

ဤစာပေါင်းချုပ်များသည် . . . မြန်မာလူမျိုးတို့၏ စာပေယဉ်ကျေးမှုအင်အား ထုထည်ကြီးတွင် တစ်စိတ်တစ်ဒေသအဖြစ် အရေးကြီးသော ကဏ္ဍနေရာအဖြစ်နေရာယူသွားကြမည်မှာ သေချာပါသည်။ မြန်မာလူမျိုးများအဖို့သာမက ကမ္ဘာပေါ်ရှိတိုင်းပြည်အသီးသီးမှ မြန်မာစာပေချစ်သူ၊ လိုက်စားသူများ၊ လူသားတို့၏စာပေယဉ်ကျေးမှုကို တန်ဖိုးထားသူများအဖို့လည်း ဤစာပေါင်းချုပ်များက အကျိုးပြုသွားမည်သာဖြစ်ပါသည်။ ကျွန်တော်တို့သည် မင်္ဂလာရှိသော အလုပ်ကိုလုပ်ခြင်း၊ မင်္ဂလာရှိသောစကားကို ပြောဆိုခြင်း၊ မင်္ဂလာရှိသောအကြံအစည်ကို ကြံစည်ခြင်းတို့ဖြင့် မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာလူမျိုးတို့အတွက် ကောင်းကျိုးချမ်းသာဖြစ်ထွန်းစေပြီး စီးပွားတိုးတက်စေသည်ဟု နားလည်သဘောပေါက် ခံယူထားပါသည်။

စာပေကဝိကြီး ဆရာကြီးပီမိုးနင်းသည် ၁၈၈၃– ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၄၀–ပြည့်နှစ် ဇန်နဝါရီလ (၆) ရက်နေ့ နံနက် (၉) နာရီ (၁၉) မိနစ်အချိန်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရှာပါသည်။ စာပေကဝိကြီး ဆရာကြီးပီမိုးနင်းသည် လူ့လောကမှ စွန့်ခွာထွက်သွားခဲ့ပြီ ဖြစ်သော်လည်း သူ၏စာကောင်းပေမွန်များကား တန်ဖိုးမဖြတ်နိုင်သော စာပေယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ရပ်တည်ကျန်ရစ်ခဲ့ပါပြီ။ ဤစာပေယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည်တည်တံ့အောင် ပြုစုစောင့်ရှောက်ကြပါစို့။ ထိန်းသိမ်းကာကွယ်ကြပါစို့ဟု ပြောကြားလိုက်ပါသည်။ စာပေကဝိကြီး ဆရာကြီးပီမိုးနင်း၏မြင့်မြတ်သော မျိုးချစ်စိတ်ဓာတ်၊ ထူးချွန်သောပါရမီ၊ မွန်မြတ်သောစေတနာတရား၊ ကြီးမားကြီးကျယ်လှသော ဝံသာနုရက္ခိတတရားတို့ကို ဦးညွတ်လိုက်ပါသတည်း။

စာပေကဝိကြီးကောင်းရာသုဂတိလားပါစေသော်ဝ်။ ။

ဦးစိုးညွန့်
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာပေနှင့်စာနယ်ဇင်းအဖွဲ့။

နံနက်။ ၁–၉–၉၃ ဗုဒ္ဓဟူးနေ့။
အချိန်။ ၁၅း၀၀ နာရီ။
နေရာ။ ရန်ကုန်မြို့။

mgyoe.com

mgyoe.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရှိစဉ်က
အလွန်ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့်
စီစဉ်စုစည်းထုတ်ဝေခဲ့သော
ဆရာကြီးပီ–မိုးနင်း၏ စာပေါင်းချုပ် ၃ တွဲမှာ
ယခုအခါ ရှာမရအောင်ရှားပါးနေပြီး
အဆိုပါစာအုပ်မျိုးတို့မှာ
စာအုပ်စင်တိုင်းတွင် အမြဲရှိနေသင့်သော
မပျောက်ကွယ်သင့်သည့်
စာအုပ်ကောင်းများလည်းဖြစ်ပါသဖြင့်
စိတ်ကူးချိုချိုစာအုပ်တိုက်မှ
ပြန်လည်ရိုက်နှိပ်ဖြန့်ချိလိုက်ပါသည်။

အဆိုပါစာအုပ်များဖြစ်မြောက်ရေးအတွက်
စုစည်းစီစဉ်အားထုတ်ကြိုးပမ်းခဲ့ကြသော
စာပေပညာရှင်တို့အားလည်း
များစွာကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အမှာစာ | ... | ၃ |
| ၁။ | ဆရာ ပီမိုးနင်း၏ ဘဝနှင့် ဆရာ ပီမိုးနင်း၏ စာ | ... | ၅ |
| ၂။ | အရင်းမစိုက် လေ့ထိုးလိုက် (ကျမ်း) | ... | ၁၇ |
| ၃။ | ဆောင်းပါးများ | | |
| | - စာဖတ်ကြပါ | ... | ၅၇ |
| | - အဘယ်ကြောင့် စာဖတ်ရမည်နည်း | ... | ၆၁ |
| | - မယားကောင်းလင် | ... | ၆၅ |
| | - ဆင်းရဲစိတ်ကို ဖျောက် | ... | ၆၈ |
| | - စကားပြောနည်း | ... | ၇၃ |
| | - ကြီးကြီးကျယ်ကျယ် ကြံစမ်းပါ | ... | ၇၉ |
| | - ကြီးပွားခြင်း | ... | ၈၂ |
| | - ဘာလိုနေသလဲ | ... | ၈၄ |
| | - တက်ခေတ် ဘယ်မှာလဲ | ... | ၈၇ |
| | - ဗွဲဆိုမှဗွဲ | ... | ၉၀ |
| | - သောကကင်းဝေးနည်း | ... | ၉၃ |
| | - စာရေးဆရာအလုပ် | ... | ၉၅ |
| | - ငွေကို စိတ်ဖြင့်ဆွဲပုံ | ... | ၉၈ |
| | - ငွေရှင်ဖြစ်နည်း | ... | ၁၀၁ |
| | - ဝိုင်ယာလက်စိတ် | ... | ၁၀၄ |


mgyoe.com

mgyoe.com

စာမျက်နှာ


၄။ ဆိုင်ကိုလိုဂျီ (ကျမ်း) ... ၁၀၉

၅။ ဝတ္ထုတိုများ

- မကောင်းညာဏ်နှင့် ဘေးဒဏ် ... ၁၅၇
- ရွှေဖြစ်သူ ... ၁၆၀
- နံပြားနှင့် ကုလား ... ၁၆၅
- လန်ချားနှင့် အဝတ် ... ၁၇၀
- သတ်မယ်လို့ ... ၁၇၆
- ကားတင်မှု ... ၁၈၀
- လောလောဆယ် ... ၁၈၅
- ကြွေးတောင်းငွေ ... ၁၈၉
- ဆရာကြီး ... ၁၉၃
- ခေါင်းနှစ်လုံး ... ၁၉၇

၆။ သားဝုဏ်ရေး (ကျမ်း) ... ၂၀၃

၇။ တစ်ကိုယ်တော် (ဝတ္ထုရှည်) ... ၂၃၉


၀

mgyoe.com

mgyoe.com

# ဒုတိယအကြိမ် ရိုက်နှိပ်ခြင်းအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အမှာစာ

မြန်မာနိုင်ငံ စာပေနှင့် စာပေါင်းချုပ်များ ထုတ်ဝေရန်အတွက် အဦးအစ အကြံပြုခဲ့သူမှာ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဟောင်း ဦးစိုးညွှန့် (ထီလာစစ်သူ) (ယခုယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) ဖြစ်ပါသည်။ ထိုအကြံအစည်ဖြင့် မြန်မာစာပေလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ လက်ရာများကို စီစဉ်ရာတွင် ဆရာကြီးပီမိုးနင်း၊ ဆရာဇော်ဂျီ၊ ဆရာကြီးမော်ဘိဆရာသိန်း၊ ဆရာလယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာကြီးမဟာဆွေ၊ ဆရာမကြီးဒဂုန်ခင်ခင်လေးစသူတို့ ပါဝင်ပါသည်။

ဤကဲ့သို့ စာပေါင်းချုပ် စုစည်းထုတ်ဝေသင့်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ မြန်မာစာပေလောကတွင် များစွာကျန်ရှိနေသေးသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ကျန်ပုဂ္ဂိုလ်များ၏ စာစုတို့ကိုလည်း အဖွဲ့က ပုံနှိပ်ထုတ်ဝေရန် မိမိတို့ စည်းရုံးစီမံနိုင်သော အင်အားပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားကြရန် ရည်သန်ချက် ရှိပါသည်။

စာပေါင်းချုပ်များ (Collected Works) ထုတ်ဝေကြသည့် အစဉ်အလာမှာ နိုင်ငံတကာ စာအုပ်ထုတ်ဝေရေးလောကတွင် ရှည်ကြာခဲ့ပြီ ဖြစ်ပါသည်။ ထိုသို့ ထုတ်ဝေနိုင်ကြသော အကြောင်းများတွင် နိုင်ငံ၊ အစိုးရဌာနများက ကမကထပြုခြင်း၊ ပုဂ္ဂလိက စာပေထုတ်ဝေရေးလုပ်ငန်းများ အင်အားတောင့်တင်းဖွံ့ဖြိုးခြင်း၊ သီးခြား စာပေရန်ပုံငွေများ ထူထောင်ထားရှိခြင်းနှင့် သဒ္ဓါတရား ထက်သန်သော ပြည်သူတို့အထဲမှ တဂ္ဂသိုလ်အသီးသီး၊ တဂ္ဂသိုလ်ပုံနှိပ်တိုက်အသီးသီးတို့၌ စာပေသုတေသန ရန်ပုံငွေများ လှူဒါန်းသတ်မှတ်ထားရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

mgyoe.com

စာပေါင်းချုပ်ထုတ်ဝေခြင်းသည် စာပေပညာရှင်ကြီးများအတွက် စာပေမှတ်တိုင် စိုက်ထူပူဇော်ခြင်းလည်း မည်ပါသည်။ စာပေမွေ့လျော်သော သုတေသီ၊ ဟိတေသီ၊ သောတုဇနတို့အတွက် အရန်သင့် လေ့လာနိုင်စေရန် စေတနာဖြင့် တင်ဆက်ပေးခြင်းလည်း မည်ပါသည်။

သို့ရာတွင် စာပေါင်းချုပ် စာစဉ်တစ်ခု ဖြစ်ပေါ်ရေး၌ အကြံအစည်နှင့် စေတနာပင် ကောင်းစေဦး၊ အကြောင်းများစွာ ညီညွတ်မှ စာဖတ်သူလက်သို့ စာပေများ ချောချောမောမော ရောက်နိုင်ပါသည်။ ထိုအကြောင်းများမှာ စာပေမူပိုင်ခွင့် အကျုံးဝင်သူတို့၏ ခွင့်ပြုချက်၊ စာမျိုးစုံလင်အောင် စုဆောင်းရှာဖွေပေးနိုင်သူတို့၏ အားထုတ်မှု၊ ထိုစာများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိရန် ယန္တရား၊ ငွေကြေး စသည်တို့ကို တာဝန်ယူဆောင်ရွက်ပေးမည့်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပါသည်။

ဆရာပီမိုးနင်း စာပေါင်းချုပ်ထုတ်ဝေရန် ကြိုးပမ်းမှုတွင် အထက်ကအကြောင်းများ ညီညွတ်ခဲ့သဖြင့် အဖွဲ့အနေဖြင့် ဝမ်းသာပီတိ ဖြစ်ရပါသည်။ မြန်မာစာဖတ်ပရိသတ်တို့အား တိုင်းချစ်ပြည်ချစ်စိတ်နှင့် ဘဝအားမာန် ထက်သန်စေရန် နှိုးဆော်ညွှန်ပြခဲ့သော ဆရာကြီးအား ပူဇော်ဂုဏ်ပြုအပ်ပါသည်။

မောင်ဆုရှင်

ဥက္ကဋ္ဌ

၁၉၉၅ ခု၊ ဩဂုတ်လ (၁) ရက်၊ မြန်မာစာပေနှင့် စာနယ်ဇင်းအဖွဲ့

mgyoe.com

mgyoe.com

# ဆရာ ပီမိုးနင်း၏ ဘဝနှင့်
# ဆရာ ပီမိုးနင်း၏ စာ
## (၁၈၈၃–၁၉၄၀)

ပီမိုးနင်းဟူ၍ အကျော်အမော် စာရေးဆရာကြီးဖြစ်လာမည့် မောင်မိုးနင်းသည် သုံးဆယ်မြို့ ရွာမရုပ်၌ ၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက် (၅–၁၁–၁၈၈၃) တနင်္လာနေ့ နံနက် ၉ နာရီအချိန်တွင် အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့မှ ဖွားမြင်ခဲ့သည်။ ဇာတာအမည် မောင်ကျော်ညွန့်ဖြစ်သော်လည်း မွေးဖွားသည့်အချိန် ၉ နာရီလောက်မှစ၍ ၁၀ နာရီကျော်ခန့်အထိ မိုးနင်းများ ထူထပ်စွာ ကျရောက်လာသည်ကို အစွဲပြု၍ 'မိုးနင်း' ဟူသောအမည်ကို ရခဲ့သည်။

ငယ်စဉ်အခါက အဘိုးအဘွားများလက်ထက်တွင် ချမ်းချမ်းသာသာ နေခဲ့ရသော်လည်း အဘိုးအဘွားများ ဓားပြတိုက်ခံရ၍ အိမ်ကြီးနှင့် ငှက်ပျောခြံကြီးပါ မီးလောင်ခံရပြီးနောက် မောင်မိုးနင်းသည် အဆင်မပြေသော ဘဝခရီးကို စတင်လျှောက်ခဲ့ရသည်။ အဘိုးအဘွားများသည် ဓားပြတိုက်ခံရပြီးနောက်တွင် စီးပွားရေး နာလန်မထူနိုင်ခဲ့ပေ။

မောင်မိုးနင်း၏ ဖခင်သည် ရုပ်ရည်ချောသလောက် လက်မှုပညာအမျိုးမျိုးကို တတ်ကျွမ်းသော်လည်း လူလေတစ်ဦးဖြစ်ကာ အရပ်လေးမျက်နှာသို့ သွားလာနေပြီးလျှင် ဇနီးနှင့် သားသမီးများထံ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါမှ ပြန်လာတတ်သူဖြစ်သည်။ ထို့ကြောင့် မောင်မိုးနင်း၏ မိခင်သည် ဈေးတောင်းခေါင်းရွက်ကာ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရရှာသည်။ မောင်မိုးနင်းသည်လည်း မိခင်ကို ကူညီသောအားဖြင့် အိမ်မှုကိစ္စကို ဆောင်ရွက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ကလေးထိန်းခြင်းများကို ပြုခဲ့ရရှာသည်။

မောင်မိုးနင်းသည် မိဘ၏ ပင်ပန်းဆင်းရဲသောဘဝမှ လွတ်မြောက်ရေးကို တွေးသည်။ သူကြီးအိမ်သို့ မကြာခဏ ဝင်ထွက်သွားလာနေသော မြို့အုပ်နှင့် မြို့အုပ်ရုံးစာရေးကြီးတို့ ဝတ်စား

mgyoe.com

 mgyoe.com 

ပြင်ဆင်ပုံများကိုကြည့်၍ အားကျကာ ငါလည်း သူတို့လို ပညာတတ်ပါက တစ်နေ့တွင် သူတို့ကဲ့သို့ 'စုံညားထည်ဝါစွာ နေရမည်' ဟု တွေးတောရင်း ပညာသင်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။

မောင်မိုးနင်းသည် ကလေးဘဝကပင် လွတ်လပ်စွာ သွားလာ၍ မိမိသဘောဆန္ဒအတိုင်း နေထိုင်ခြင်းကို ပျော်ရွှင်နှစ်သက်၏။ လုပ်လိုသော အလုပ်တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်တတ်သော ဝါသနာလည်း ရှိ၏။ ထို့ကြောင့်လည်း မောင်မိုးနင်း အသက် ၁၀ ကျော်အရွယ်လောက်တွင် အိမ်မှ သုံးဆယ်မြို့ အာစီအင်မ်ဘရင်ဂျီကျောင်း၌ နေထိုင်သော အစ်မဝမ်းကွဲတော်သူထံသို့ ထွက်ပြေး၍ ကျောင်းနေကာ ပညာသင်ကြားလိုကြောင်း ပြောဆိုသည်။ အစ်မဖြစ်သူက မောင်မိုးနင်းအား ကျောင်းအုပ်ဘုန်းတော်ကြီး ဖာသာပဲလဝါးထံ အပ်နှံပေးရာ ဘုန်းတော်ကြီးက မောင်မိုးနင်းအား မွေးစား၍ ထိုကျောင်း၌ပင် ပညာ စတင်သင်ကြားခဲ့ရသည်။

ထိုကျောင်း၌နေစဉ် မောင်မိုးနင်းသည် ကျောင်းအားချိန်များတွင် ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ခြင်း၊ ပန်းပင်များ ရေလောင်းခြင်း စသည့်အလုပ်များကို နေ့တိုင်း လုပ်ကိုင်ရ၏။ အတန်းစာကိုလည်း အင်္ဂလိပ်-မြန်မာ လေးတန်းအဆင့်အထိ ကြိုးစားသင်ကြားခဲ့သည်။ ထိုကျောင်းတွင် သုံးနှစ်နေပြီးနောက် မော်လမြိုင်မြို့တွင် ဖွင့်လှစ်ထားသော ဘရင်ဂျီဘုန်းကြီးအတတ်သင် အခြေခံ ဆင်မိနာရီကျောင်းသို့ သုံးနှစ်ကြာ သွားရောက်သင်ကြားရ၏။ ထိုကျောင်း၌ လက်တင်သဒ္ဒါတစ်ဘာသာတည်းကိုသာ သင်ရ၏။ မြန်မာစာကို လုံးဝမသင်ရပေ။ မောင်မိုးနင်း၏အမည်မှာလည်း ဖီးလစ် (Phillip) ဖြစ်သွား၏။ ကျောင်းစည်းကမ်းမှာလည်း တင်းကျပ်၏။ ဆရာဘုန်းကြီး၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ကျောင်းဝင်းအပြင် မထွက်ရပေ။

မောင်မိုးနင်းသည် ထိုကျောင်း၌နေစဉ် သူ့ဝါသနာအတိုင်း ပတ်ဝန်းကျင်သာယာမှုကို စိတ်တွင် ခံစား၍ မည်သူ၏ခွင့်ပြုချက်မှ ရယူခြင်းမပြုဘဲ ကျောင်းဝင်းမှထွက်ကာ တောတောင်များကို ဖြတ်၍ အတ္တရံမြစ်ကမ်းပါးအရောက် လမ်းလျှောက်လည်ပတ်ခဲ့၏။ ကျောင်းပြန်သည့်အခါ ကျောင်းအုပ်ကြီးက မောင်မိုးနင်းအား အပြစ်ပေးခြင်းမပြုဘဲ ဆီးသီးထန်းလျက်များကိုသာ ကျွေး၏။ မောင်မိုးနင်းအား အရူးဟု ဆရာကြီးက သတ်မှတ်ခြင်းဖြစ်ကြောင်း နောင်မှ သဘောပေါက်ရသည်။

မောင်မိုးနင်းသည် ထိုကျောင်းတွင် သုံးနှစ်သင်ကြား၍ လက်တင်ဘာသာကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးနောက် ပီနန်မြို့ရှိ ဂျင်နရယ်ကောလိပ် ခေါ် ပြင်သစ်ပြည် ပါရီမြို့တော်မှ တစ်ဆင့်ခွဲ၍ ထောင်ထားသော ဘရင်ဂျီဘုန်းတော်ကြီးအတတ်သင်ကျောင်းသို့ သွားရောက်သင်ကြားရပြန်သည်။ ထိုဖကျောင်းတွင် ကျောင်းသားများသည် ဘရင်ဂျီကိုရင်များ ဝတ်ဆင်သော ဝတ်စုံများကိုသာ ဝတ်ဆင်ကြရသည်။ ထိုကျောင်း၌ နွတ်မှု (ဖဟောပြောမှု) အတတ်ပညာ၊ ဓာတ္တုဗေဒ၊

ဒသသနိကဗေဒ ဘာသာများနှင့် အခြား လောကီပညာရပ်များကို သင်ကြားရသည်။ ထိုကျောင်းတွင် မောင်မိုးနင်းသည် သင်တန်းပြီးဆုံးအောင် တက်ရောက်သင်ကြားခြင်းမပြုခဲ့ပေ။ ထိုကျောင်း၌ ပညာကို ဆုံးခန်းတိုင်အောင် သင်ပြီးလျှင် ဘုန်းကြီးသိက္ခာကို ယူရသည်။ ဘုရင်ဂျီဘုန်းကြီးသိက္ခာကို ယူပြီးလျှင် လူထွက်ရိုး ထုံးစံမရှိသောကြောင့် မောင်မိုးနင်းသည် တစ်သက်လုံး ဘုန်းကြီး လုပ်နိုင်မည်မဟုတ်သဖြင့် ဘုန်းကြီးသင်တန်း မဆုံးမီ မြန်မာပြည်သို့ ပြန်ခဲ့သည်။

ထိုအချိန်တွင် မောင်မိုးနင်းသည် အသက် နှစ်ဆယ်ခန့်ရှိပြီဖြစ်သည်။ အဘိုး အဘွားများလည်း သေဆုံးကုန်၍ ဖခင် ဦးရွှေခမ်းမှာလည်း မောင်မိုးနင်း မော်လမြိုင်၌ ရှိစဉ်ကပင် သေဆုံးခဲ့သည်။ မောင်မိုးနင်း ပီနန်မှပြန်ရောက်လာသောအခါ မိခင်သည် အိမ်ထောင်သစ်ထူထောင်လျက် ရှိနေသည်။

မြန်မာပြည်သို့ ပြန်ရောက်သည့်အခါ မောင်မိုးနင်းသည် ၎င်းအား မွေးစားသော ဘုန်းတော်ကြီး ဖာသာ ပဲလဝါးထံသို့ ပြန်လည်သွားရောက်သည်။ ဘုန်းတော်ကြီးက မောင်မိုးနင်းအား သုံးဆယ်မြို့ အာစီအင်မ်ကျောင်း၌ပင် ကျောင်းဆရာအလုပ် ပြန်ပေးသည်။ ထို့နောက် ကြို့ပင်ကောက်မြို့ အာစီအင်မ်ကျောင်း၊ ကျောင်းဆရာအဖြစ် ပြောင်းရွှေ့ပေးရာ ကျောင်းအုပ်ဆရာကြီးနှင့် သဘောထား မတိုက်ဆိုင်၍ သုံးဆယ်မြို့သို့ ပြန်လာပြီး မိခင်ဒေါ်စိန်နုအိမ်တွင် ပြန်လည်နေထိုင်သည်။

မောင်မိုးနင်း၏ ပထွေးဖြစ်သူမှာ မြန်မာစာပေကျမ်းဂန်တို့ကို အလွန်လိုက်စားသူဖြစ်ရာ ထိုစဉ်က မြန်မာစာကို လေးတန်းစာမျှသာ သင်ခဲ့ဖူးသော မောင်မိုးနင်းသည် ပထွေးဖြစ်သူ၏ မြောက်မြားလှစွာသော မြန်မာစာအုပ်များကို ဖတ်ရှုလေ့လာခြင်း၊ ပထွေးနှင့် မိခင်တို့အား မသိနားမလည်သမျှကို မေးမြန်းခြင်းဖြင့် မြန်မာစာပေနှင့် ကျမ်းဂန်တို့ကို အတော်အတန် သိရှိနားလည်ခဲ့သည်။ မောင်မိုးနင်း၏မိခင်သည် ပုံတိုပတ်စ ရယ်မောစရာတို့ကို မရပ်မနား စကားမထပ်အောင် ပြောနိုင်သူဖြစ်ရာ နောင်အခါ ဆရာကြီးပီမိုးနင်း၏ ကျော်စောမှုကို ပြုသည့် ဉာဏ်ရည်ဉာဏ်စွမ်းတို့သည် မိခင်ထံမှရသော ဉာဏ်အမွေအနှစ်များဖြစ်သည်ဟု 'ပီမိုးနင်း၏ ပီမိုးနင်း' စာအုပ်ထဲတွင် ဆရာကြီးက ထုတ်ဖော်ရေးသားခဲ့သည်။

မိခင်ကိုနွယ်၍ ဉာဏ်ရည်ဉာဏ်စွမ်း ထက်မြက်သူ ဖြစ်ခဲ့သော်လည်း ဖခင်ကို နွယ်၍ စိတ်လေလွင့်မှုရှိခဲ့ဟန်တူလေသည်။ မောင်မိုးနင်းသည် မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် အသက်မွေး ဝမ်းကျောင်းနိုင်သည့် ပညာအခြေခံ အသင့်အတင့်ရှိသော်လည်း အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ မလုပ်ဘဲ စိတ်လေလွင့်ရာ သွားလာနေခဲ့လေသည်။ မောင်မိုးနင်းသည် သုံးဆယ်မြို့ မိခင်နေအိမ်၌ နေထိုင်စဉ် အပေါင်းအဖော်များနှင့် ဇလွန် ဒေါင်ကြီးသို့ လိုက်ပါသွားကာ ၎င်းရွာရှိ တရုတ်သူဌေး တစ်ယောက်အိမ်တွင် တစ်နှစ်ကျော် နေထိုင်ခဲ့လေသည်။ ထိုအချိန်ကာလတွင် ဗုဒ္ဓဘာသာရေး

အယူအဆများကို လေ့လာခြင်း၊ ဇာတ်သဘင်၊ တေးဂီတများ လေ့လာခြင်းများ ပြုလုပ်ကာ အပေါင်းအဖော်များနှင့် ပျော်ပျော်ပါးပါး နေထိုင်ခဲ့သည်။ နောက်ဆုံး သုံးဆယ်ပြို့မှ အရီးကိုယ်တိုင် လာလိုက်ခေါ်မှ ပြန်လာခဲ့သည်။

ထိုကဲ့သို့ စိတ်လေလွင့်တိုင်း သွားလာနေထိုင်ခဲ့သော်လည်း စာဖတ်ခြင်းအလေ့မှာမူ မပျက်ခဲ့ပေ။ မောင်မိုးနင်းသည် ပီနန်တွင် နေစဉ်ကပင် ဘုန်းကြီးကျောင်းသားများ သီဆိုရန် လက်တင်ဘာသာဖြင့် တေးသီချင်းများ ရေးခဲ့ဖူးကြောင်း သိရသည်။ မြန်မာစာရေးသားခြင်းအလေ့ကိုမူ ဒေါင့်ကြီးရွာတွင် နေထိုင်စဉ်က စတင်ခဲ့ကြောင်းကို 'ပီမိုးနင်း၏ ပီမိုးနင်း' တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

'ဤကဲ့သို့ စိတ်လေလွင့်တိုင်း သွားလာနေခဲ့သော်လည်း စာအုပ်သေတ္တာတစ်ခုမှာ ကျွန်ုပ်နှင့် အမြဲပါလျက် အဘယ်မျှပင် ပျော်ရွှင်၍ စိတ်လေသူဖြစ်ခဲ့စေကာမူ စာဖတ်ခြင်းမှာ မပျက်ကွက်ပေ။ ထိုအခါကပင် စ၍ စာရေးခြင်းအလေ့ ဖြစ်ခဲ့ပေသည်။ သို့သော် ဝတ္ထုဇာတ်လမ်းများကိုကား မရေးခဲ့၊ တေးထပ်၊ လေးချိုး၊ စာထောင့်များကို အများအပြား ရေးသားခဲ့လေသည်။ ကျွန်ုပ်မှာ မြစ်ကမ်းပါးတောင်ခြေအရပ်များကို လွန်စွာနှစ်သက်သူဖြစ်သည့်အတွက်လည်း တောတောင်ပန်းချီကားများကို ရေးဆွဲချင်စိတ် ရှိခဲ့လေသည်။ ထိုစိတ်၏ ထက်သန်ခြင်းကြောင့် ခဲတံနှင့်ပင် အမျိုးမျိုး ရေးဆွဲခဲ့ဖူးလေသည်။ သို့သော် ဖြစ်မြောက်အောင် လုပ်လိုသောဖွဲ့ကား မရှိခဲ့ပေ။ နောက်အခါများ၌ ဖွဲ့ကောင်းစွာဖြင့် ရေးဆွဲကြိုးစားရန် ထက်သန်လာသော်လည်း ထိုသို့ ရေးဆွဲရန် အချိန်မရတော့ပေ။ ရေးဆွဲရန် စိတ်သာရှိခဲ့လေသည်။'

သို့ကြောင့်လည်း မောင်မိုးနင်းသည် ငယ်စဉ်ကပင် သူ မရောက်ဖူးသော တစ်ရပ်တစ်ပါးသို့ စွန့်စားသွားရောက်နေထိုင် လေ့လာလိုခြင်း၊ စာတတ်လိုစိတ် အမြဲရှိခြင်း၊ တူရိယာဂီတ တီးမှုတ်သည့် အတတ်ပညာများကို သင်ကြားတတ်မြောက်လိုခြင်း၊ သာယာသော တောတောင်ပန်းချီကားများ ရေးဆွဲလိုခြင်း၊ စာဖတ်ခြင်း၊ စာရေးလိုခြင်း စသည့် ဝါသနာများဖြင့် သူ့ဘဝကို လှုလှားမြောက်အောင် ရုန်းကန်လှုပ်ရှားခဲ့သည်။

သုံးဆယ်သို့ ပြန်ရောက်ပြီးနောက် ငယ်စဉ်က ကစားဖော်ကစားဖက် သူငယ်ချင်းဖြစ်၍ သူ့ထက် အသက် တစ်နှစ်ခန့်ကြီးသော မဟန်ဆိုသူအပေါ်၌ သံယောဇဉ်ငြိတွယ်မိသည်။ သို့ရာတွင် မဟန်သည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၍ သူကိုယ်တိုင်မှာ ခရစ်ယာန်ဘာသာဝင်ဖြစ်နေသောကြောင့် မဟန်အား သူ့မေတ္တာအကြောင်းကို မပြောရဲပေ။ သူသည် ခရစ်ယာန်ဘာသာအဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလိုကြောင်းကိုသာ ကြားလူမှတစ်ဆင့် ပြောသည်။ ထိုအခါ မဟန်ကိုယ်တိုင်က မောင်မိုးနင်းအား သင်္ကန်းဝတ်၍ သာသနာ့ဘောင်ဝင်နိုင်ရန် စီစဉ်ဆောင်ရွက် ပေးသည်။ မောင်မိုးနင်းသည် တစ်လလောက် သင်္ကန်းဝတ်ကာ လူထွက်ပြန်လေသည်။

mgyoe.com

mgyoe.com

မောင်မိုးနင်းသည် ဝိဒျူဒိဌာနတွင် စာရေးအလုပ် ရပြန်သည်။ သို့ရာတွင် အချိန်မှန် ရုံးသွားရခြင်း၊ တစ်နေကုန် စားပွဲ၌ထိုင်ကာ အလုပ်လုပ်ရခြင်းတို့အတွက် စိတ်ဆင်းရဲကျပ်တည်းသောကြောင့် လွတ်လွတ်လပ်လပ် သွားလာနေထိုင်လိုသည့် သူ့စိတ်နှင့် မကိုက်၍ တစ်လသာလုပ်ပြီး ရုံးမသွားတော့ပေ။ ထို့ကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရပြန်လေသည်။

မောင်မိုးနင်းသည် အလုပ်မလုပ်တော့ဘဲ ပြည်မြို့သို့ အသိမိတ်ဆွေများဖြင့် လိုက်သွားကာ ပြည်ဆေးရုံကြီးတွင် စာရေးအလုပ်ကို ဝင်လုပ်ပြန်၏။ ထိုသို့လုပ်ကိုင်စဉ် မျက်နှာချင်းဆိုင်အိမ်မှ 'မေမေ' အမည်ရှိ မိန်းမပျိုနှင့် တွေ့ဆုံကာ ပထမအကြိမ် အိမ်ထောင်ကျခဲ့၏။ သို့ရာတွင် သူကိုယ်တိုင်က မေတ္တာရှိ၍မဟုတ်ဘဲ အိမ်ရှင်များ၏ တိုက်တွန်းမှုကြောင့်ဖြစ်ရာ ဤပထမအိမ်ထောင်မှာ နှစ်လလောက်သာ သက်တမ်းကြာခဲ့လေသည်။

ထိုအချိန်က လယ်တီဆရာတော်ဘုရားကြီးသည် ပြည်မြို့သို့လာ၍ ဝါဆိုတော်မူသည်။ မောင်မိုးနင်းမှာလည်း ဘာသာအယူဝါဒတို့ကို နက်နက်နဲနဲ တွေးတောကြံဆသူဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာကို လေ့လာဆည်းပူးနိုင်ရန် လုပ်ကိုင်နေသောအလုပ်နှင့် အိမ်ထောင်ကို စွန့်ကာ လယ်တီဆရာတော်ဘုရားထံမှောက်တွင် ပဉ္စင်းခံ၍ တောထွက်လေသည်။ တောရကျောင်းတွင် ရဟန်းဝတ်နှင့် သီတင်းသုံးစဉ် 'မေမေ' သည် ပလိပ်ရောဂါဖြင့် ဆုံးရှာသည်။ သူက မချစ်ဘဲ သူ့အပေါ်၌ တစ်ဖက်သတ်မေတ္တာထားတာ ချစ်ရှာခဲ့သော 'မေမေ' အတွက်လည်း စိတ်မကောင်းဖြစ်ရရှာသည်။

မောင်မိုးနင်းသည် ဝါကျွတ်သည့်အခါ ရဟန်းဘဝဖြင့် လယ်တီဆရာတော်ဘုရားနှင့်အတူ ရန်ကုန်သို့ လိုက်ပါလာခဲ့၏။ ထို့နောက် ဦးဗျူးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော အာနန္ဒာမေတ္တယျဘွဲ့ခံတော်ရ အင်္ဂလိပ်ဘုန်းကြီးတစ်ပါးထံ ကျိန်ရစ်ကာ ထိုဆရာတော်၏လုပ်ငန်းများကို ကူညီလုပ်ကိုင်နေသည်။ အာနန္ဒာမေတ္တယျသည် 'ဗုဒ္ဓသမာဂမ' ခေါ် နိုင်ငံခြားဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်၍ 'ဗုဒ္ဓသမာဂမ' မဂ္ဂဇင်းတစ်စောင်ကို အင်္ဂလိပ်လို ထုတ်ဝေကာ ဥရောပနှင့် အမေရိကန်တိုက်များသို့ ပေးပို့၍ သာသနာပြုနေသူ ဖြစ်သည်။

ထိုသို့နေစဉ်၌ပင် ကြည့်မြင်တိုင်တစ်ဖက်ကမ်း ရျောင်ပိုင်းရွာမှ မြန်မာသဒ္ဒါကျမ်းဂန်များကို တစ်ဖက်ကမ်းတတ်မြောက်သော ဘုန်းတော်ကြီးတစ်ပါးက လာရောက်ကာ ဦးပဉ္စင်းမောင်မိုးနင်းအား မြန်မာသဒ္ဒါကို အမြန်ဆုံးတတ်အောင် သင်ပေးမည်၊ သူ့အား အင်္ဂလိပ်စာသင်ပေးပါဟု ဆိုသောကြောင့် မြန်မာသဒ္ဒါသင်လိုသောဖော့ဖြင့် ထိုဆရာတော်နှင့် ရျောင်ပိုင်းသို့ လိုက်သွားပြန်သည်။ သို့သော်လည်း ရျောင်ပိုင်းဆရာတော်မှာ မကြာမီ လူထွက်သွားသောကြောင့် ကျောင်းထိုင် ဆရာတော်အဖြစ် မဆောင်ရွက်နိုင်သော ဦးပဉ္စင်း မောင်မိုးနင်းသည် သိက္ခာချ လူထွက်၍ လယ်သမားကြီးတစ်ဦး၏ မွေးစားသားအဖြစ် နေထိုင်ကာ လယ်အလုပ်ကို

mgyoe.com

လုပ်ကိုင်ခဲ့သည်။ ယင်းသို့ စိတ်လေလွင့်ရာ သွားလာနေထိုင်ခဲ့သော်လည်း ပီနန်ကောလိပ်တွင် ရှိစဉ်က သင်ကြားခဲ့ဖူးသော ယထာဘူတပညာ၊ စိတ်ပညာတို့ကို စိတ်ပါဝင်စား၍ လေ့လာရင်း တက္ကဗေဒကျမ်းတစ်အုပ်ကိုလည်း ပြတ်တောင်းပြတ်တောင်း ပြုစုခဲ့သည်။

မောင်မိုးနှင်းသည် လယ်လုပ်ရာမှ ဘော့သပြေကန်ရွာသို့ ကျောင်းဆရာအဖြစ် သွားရောက်လုပ်ကိုင်သေးသည်။ ထို့နောက်တွင်မှ ရန်ကုန်သို့ ပြန်လာကာ ၎င်း၏တက္ကဗေဒကျမ်းကို ဟံသာဝတီတိုက်သို့ ရောင်းချရာ စာမူမရောင်းရဘဲ ဘာသာပြန်အလုပ်ကိုသာ ရရှိသည်။ ယင်းသည်ကား မောင်မိုးနှင်းသည် စာပေလောကသို့ ဝင်ရောက်ရန် ပထမကြိုးပမ်းမှုဖြစ်သည်။ သို့သော်လည်း ဟံသာဝတီတိုက်တွင် ခြောက်လမျှ အလုပ်ဝင်ပြီးနောက် သုံးဆယ်မှအသိများနှင့် တွေ့၍ သူ့ဝါသနာအတိုင်း အလုပ်ကိုစွန့်ကာ သုံးဆယ်သို့ ပြန်ခဲ့ပြန်သည်။

သုံးဆယ်မြို့သို့ ပြန်ရောက်၍ အာစီအင်မ်ကျောင်းတွင် ကျောင်းဆရာပြန်လုပ်နေစဉ် ဆရာများ နေသောအခန်းကို ကာလသားများက ခဲပေါက်ခြင်းကြောင့် လူရိုက်မှုဖြစ်ခဲ့သည်။ ဖာသာပဲလဝါး၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် အမှုမဖြစ်သော်လည်း ၎င်း၏နောင်ရေးအတွက် ဖာသာပဲလဝါးက စိုးရိမ်သောကြောင့် မောင်မိုးနှင်းအား ဓနုဖြူမြို့သို့ ကျောင်းဆရာအဖြစ် သွားရောက်လုပ်ကိုင်ရန် စေလွှတ်လိုက်လေသည်။

ဓနုဖြူတွင် ကျောင်းဆရာလုပ်ရင်း မစိန်တင့်အမည်ရှိ မိန်းကလေးတစ်ယောက်အပေါ် သံယောဇဉ်ငြိတွယ်ကာ ကျောင်းဆရာအလုပ်ကို စွန့်လိုက်ပြန်သည်။ မစိန်တင့်နှင့် အကြောင်းပါပြီးမှ ဇနီးဖြစ်သူကို ချစ်မြတ်နိုးလှသဖြင့် အင်္ဂပူမြို့ အစိုးရဘိန်းဆိုင်တွင် ဘိန်းစာရေးအလုပ်ကို တစ်နှစ်ကျော် လုပ်ကိုင်ခဲ့သည်။ သို့သော် သားကြီး မောင်ကျော်စိုး မွေးဖွားပြီးနောက် ထိုအလုပ်မှ ထွက်၍ အလုပ်အကိုင် မည်မည်ရရ မလုပ်ဘဲ လေနေခဲ့ပြန်သည်။ ထိုအတွင်း ကနောင်မြို့သို့ သွားရောက်၍ တစ်လလောက် နေထိုင်ခဲ့၏။ ထို့နောက် ယောက္ခမကြီးကိုယ်တိုင် လာရောက်ခေါ်ယူသဖြင့် အိမ်ပြန်ပြီးနောက် အမိန့်တော်ရ ရှေ့နေတစ်ဦး၏ အကူအညီဖြင့် အင်္ဂပူမြို့တွင် ကျောင်းဖွင့်ရန် စီစဉ်၍ သားမယားများပါ ခေါ်ကာ ပြောင်းရွှေ့ခဲ့ပြန်၏။ ကျောင်းမဖွင့်မီ ယောက်ဖတစ်ယောက်က လာရောက် ခေါ်ငင်ပြန်သဖြင့် မင်းလှမြို့သို့ ရောက်ရှိနေကြသော မိခင်နှင့် ပထွေးရှိရာသို့ ပြန်သွားရပြန်သည်။ မင်းလှမြို့တွင် ကလေးများကို စာပြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းရပြန်သည်။

မင်းလှမြို့တွင် တစ်နှစ်လောက် စာပြသောအလုပ်ကို လုပ်ပြီးနောက် သုံးဆယ်မြို့သို့ ပြန်လာကာ မိတ်ဆွေများအကူအညီဖြင့် စာပုံနှိပ်စက်တစ်စက်ကို တည်ထောင်ပြီး 'မြန်မာ့မိတ်ဆွေ' မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းထုတ်ဝေနေစဉ် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားကာ စက္ကူများ ရှားပါး ဈေးတက်လာ၍ ဆက်လက်မထုတ်နိုင်တော့ဘဲ ခြောက်နှစ်သားအရွယ် သားကြီး မောင်ကျော်စိုးနှင့် ဇနီး မစိန်တင့်တို့ကို သုံးဆယ်မြို့၌ ထားခဲ့ပြီး ရန်ကုန်မြို့သို့ အလုပ်ရှာထွက်ခဲ့ပြန်သည်။

mgyoe.com

mgyoe.com

ရန်ကုန်ရောက်ပြီးနောက် သူရိယသတင်းစာတိုက်တွင် စစ်သတင်းများ ဘာသာပြန်အလုပ်ရ၏။ ထို့နောက် မြန်မာ့အလင်း သတင်းစာတိုက်သို့ ပြောင်းရွှေ့လုပ်ကိုင်ပြန်၏။ မြန်မာ့အလင်း သတင်းစာ ခေတ္တရပ်နားသွားသောအခါ 'အောင်တော်မူ' အမည်ဖြင့် အပတ်စဉ်ထုတ် ဝတ္ထုတိုလေးများကို ၁၄ ကြိမ်မျှ ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့လေသည်။ ထို့နောက် ကိုယ်ပိုင်အလုပ်မရှိသောအခါ ဒဂုန်မဂ္ဂဇင်းနှင့် လန်ဒန်အတ်မဂ္ဂဇင်းများတွင် ဝတ္ထု ဆောင်းပါးများ ရေးသားခဲ့ရာမှ သူရိယသတင်းစာတိုက်တွင် ပြန်၍ လုပ်ကိုင်ပြန်သည်။

သူရိယတိုက်၌ အလုပ်လုပ်စဉ်မှာပင် အလုံဗဟိုပတစ်ကျောင်းတွင် လက်တင်ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ပြန်သည်။ ထိုကျောင်း၌ အလုပ်လျှောက်စဉ်က ဇာတာပါ မောင်ကျော်ညွန့်ဟူသော မြန်မာအမည်ဖြင့် လျှောက်လွှာတင်သည်။ ထိုအခါ မြန်မာလူမျိုးကို လက်တင်ဆရာအဖြစ် မခန့်နိုင်ဟု ဆိုသဖြင့် မော်လမြိုင်ကျောင်း၌ နေခဲ့စဉ်က ဘရင်ဂျီအမည် 'ဖီးလစ်' ၏ စာလုံးအတိုကောက် 'ပီ' ကို ယူပြီးလျှင် မိုးနင်း အမည်ရှေ့မှ 'ပီ' တစ်လုံးထည့်ကာ အင်္ဂလိပ်နာမည်ယောင်ယောင် 'ပီမိုးနင်း' ဟူသောအမည်ဖြင့် လျှောက်ထားမှ အလုပ်ရခဲ့လေသည်။ နောင်အခါ ထိုအမည်ကို ကလောင်အမည်အဖြစ် အသုံးပြုခဲ့သည်။

လက်တင်ဆရာအဖြစ် လုပ်ကိုင်ပြီးနောက် သူ၏ဉာဉ်အတိုင်း အလုပ်မှထွက်၍ ပညာအလင်း သတင်းစာတိုက်သို့ ကူးပြောင်းလုပ်ကိုင်ပြန်၏။ ပညာအလင်း သတင်းစာ၌ 'ပိုက်ဆံကြီး' အမည်ဖြင့် ဆောင်းပါးများကိုလည်းကောင်း၊ 'နေရီရီ'၊ 'ပွဲစားကြီးသားအဖနှင့် မြမြ' စသော ဝတ္ထုရှည်များကိုလည်းကောင်း ရေးသားခဲ့၏။ ထို့နောက် သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလဂျာနယ်နှင့် သတင်းစာတိုက်တို့တွင်လည်း ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဗန္ဓုလသတင်းစာ အောင်မြင်စဉ်က ဗန္ဓုလရုပ်ရှင်ဟူ၍ ချဲ့ထွင်ကာ ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်ခဲ့ရာ ပီမိုးနင်းသည် ကိုယ်တိုင်ဒါရိုက်တာလုပ်၍ သားမောင်ကျော်စိုးအား မင်းသားတင်ကာ 'ချစ်တဲ့သူရယ်' အမည်ဖြင့် ရုပ်ရှင်ကားတစ်ကား ရိုက်ခဲ့လေသည်။

ထိုကဲ့သို့ အလုပ်ကို အစဉ်တစိုက်လုပ်ခဲ့သည့်တိုင်အောင် ပီမိုးနင်း၏ဘဝသည် ချောင်ချောင်လည်လည် မရှိခဲ့ပေ။ ဗန္ဓုလသတင်းစာနှင့် ရုပ်ရှင်လုပ်ငန်းများ ရပ်စဲသွားပြီးနောက် ကဝိမျက်မှန်၊ ကဝိတံခွန်၊ ဗြိတိသျှဘားမား၊ ဒဂုန်၊ သူရိယမဂ္ဂဇင်းတိုက်များသို့ ဝတ္ထု ဆောင်းပါးများ ရေးသားပေးပို့၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည်။ ထိုစဉ်က ဗြိတိသျှဘားမား မဂ္ဂဇင်းတိုက်ကသာ ဆရာကြီး၏ဝတ္ထုကို တစ်ပုဒ်လျှင် ကျပ် ၅၀ ပေး၍ အခြားမဂ္ဂဇင်းတိုက်များက တစ်ပုဒ်လျှင် ၁၅ ကျပ်သာ အများဆုံး ပေးကြသည်။

ပဲခူးရှေ့ဦးဆန်နီ၏ လမ်းညွှန်ဂျာနယ်ကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။ စာရေးခြင်းအလုပ်ဖြင့် နေရေး စားရေး မလုံလောက်သောကြောင့် ဆေးဖော်ရောင်းခြင်း၊ ဂျာမန်ရွှေတုပစ္စည်းလုပ်ရောင်း

mgyoe.com

ခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းက လုပ်ကိုင်ခဲ့သည့်တိုင်အောင် နေရေး စားရေးမှာ ကျပ်တည်းကျဉ်းမြောင်းခဲ့သည်။ သို့သော် စာရေးဝါသနာတစ်ခုကိုကား ဆရာကြီးသည် အလွန်စွဲမြဲခဲ့၍ ထိုဝါသနာလည်း ကြီးမားသည့်အလျောက် ပိမိ၏ ဝမ်းရေးချို့ငဲ့မှုကို ပဓာနမထားဘဲ ဝတ္ထု၊ ဆောင်းပါးများစွာကို မဂ္ဂဇင်း၊ ဂျာနယ်တိုက်များသို့ ရေးသားပေးပို့သည်။ ထိုစဉ်က ဝတ္ထု၊ ဆောင်းပါးတို့ မည်မျှကောင်းသော်လည်း စာရေးဆရာသည် တန်ရာတန်ဖိုးကို ထိုက်သည့်အားလျော်စွာ ရကြသည့်ခေတ် မဟုတ်သဖြင့် ဆရာကြီးတို့၏ ဆင်းရဲဒုက္ခဝဲသြဃအတွင်း တဝဲလည်လည် ရှိခဲ့လေသည်။

သားကြီး မောင်ကျော်စိုး ရုပ်ရှင်နယ်ထဲ၌ နာမည်ရလာချိန်တွင် ဗြိတိသျှဘားမားရုပ်ရှင်သို့ ရောက်သွားပြီး 'တစ်ကိုယ်တော်' ဇာတ်ကားကို ရိုက်ကူးစဉ်ကလည်း ဆရာကြီးသည် အကူအညီများစွာပေးကာ ဝတ္ထုနှင့် ဇာတ်ညွှန်းဘက်ဆိုင်ရာဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့သောကြောင့် ဆရာကြီးတို့ မိသားစုမှာ အသက်ရှူပေါက် အတော်အတန်ချောင်ခဲ့သည်။

သို့ရာတွင် '၁၀ နာရီ' အမည်ရှိ ရုပ်ရှင်ကား ရိုက်ကူးနေစဉ် မောင်ကျော်စိုးမှာ စားထိုးခံရ၍ သေဆုံးခဲ့သောကြောင့် ဆရာကြီးအဖို့ ကြမ္မာဆိုးဖိစီးခြင်း ခံရပြန်သည်။

ထိုအခါမှစ၍ ဆရာကြီးသည် ရုပ်ရှင်လုပ်ငန်းကို စိတ်ပျက်ကာ ထွက်လိုက်ပြန်သည်။ ဇနီးသည် ဒေါ်စိန်တင့်မှာလည်း မျက်စိကွယ်နေရာမှ သားကိုစွဲကြောင့် စိတ်မချမ်းမသာဖြစ်ပြီး သားသေဆုံး၍ သုံးလအကြာတွင် ကွယ်လွန်သည်။ ထိုအချိန်မှစ၍ ကျန်ခဲ့သော သားငယ် သမီးငယ်များနှင့် ဆရာကြီးသည် ဒုက္ခမျိုးစုံကို ရင်ဆိုင်ခဲ့ရပြန်သည်။ နောက်ဆုံးတွင် ဆရာကြီးသည် သားသမီးများအား သုံးဆယ်မြို့ရှိ ဒေါ်စိန်တင့်အမျိုးများထံ သွားရောက်အပ်နှံကာ ရန်ကုန်သို့ ပြန်လာပြီးနောက် ဖြစ်သလို နေထိုင်ခဲ့လေသည်။ ထိုသို့နေထိုင်ရင်းပင် ဒေါ်သီနှင့် တတိယအိမ်ထောင်ကို ထူထောင်ခဲ့သည်။

ဆရာကြီး၏ဘဝသည် ဆင်းရဲကျပ်တည်းလှသော်လည်း မိမိ၏ ချမ်းသာကြွယ်ဝမှုကို မျှော်ကိုး၍ စာရေးသူမဟုတ်ပေ။ သူ့ဘဝတွင် စာရေးဆရာအလုပ်ဖြင့် အကျိုးမပေးခဲ့သော်လည်း သူ့သက်တမ်းတစ်လျှောက်လုံး စာရေးခြင်းအလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်ခဲ့သည်။ ဆရာကြီးသည် ကြီးမားသော ဝါသနာနှင့် စာရေးလိုသောစိတ်တို့ကြောင့် စာရေးခဲ့ခြင်းဖြစ်လေရာ မြန်မာပြည်တွင် စာအုပ် အများဆုံးရေးခဲ့သော စာရေးဆရာတစ်ဦး ဖြစ်သည်။

ဆရာကြီးသည် သူ့ခေတ်က ခေတ်ပြိုင်စာရေးဆရာများတွင် ဝါအရင့်ဆုံး အသက်အကြီးဆုံး ဖြစ်သော်လည်း ပညာဂုဏ်မောက်ခြင်း မရှိ၊ တွေ့သမျှလူကို နိမ့်နိမ့်ချချ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်သည်။ စာပေဖြင့် ရေးသားကူညီမှုကို ငွေရသည် မရသည် ပမာမထား ဦးစားမပေးဘဲ ဆောင်ရွက်ပေးတတ်သည်။

mgyoe.com

mgyoe.com

သို့သော်လည်း နောက်ဆုံး ဆရာကြီးကိုယ်တိုင် လေဖြတ်၍ သန်သန်စွမ်းစွမ်းမရှိတော့သည့် အချိန်တွင် စာရေးရသလောက်လည်း အကျိုးမခံစားရသဖြင့် သုံးဆယ်မြို့သို့ပင် ပြန်မည်ပြုစဉ် ဂျာနယ်ကျော် ဦးချစ်မောင်၏ ဆောင်ရွက်ပေးမှုကြောင့် မြန်မာ့အလင်းသတင်းစာက အထောက်အပံ့ပေးကာ 'လေပွေအခန်း' ကို ရေးသားစေသည်။ ယင်းကဲ့သို့ ရေးသားနေစဉ် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ ခရစ်သက္ကရာဇ် (၅-၁၂-၃၉) နေ့တွင် မြန်မာ့အလင်း သတင်းစာတိုက်၏ အမျိုးသားအောင်ပွဲနေ့အလှူသို့အလာ စက်ဘီးအတိုက်ခံရသည့် ဒဏ်ရာမှ ပြန်၍နာလန်မထူနိုင်တော့ဘဲ ထိုနှစ် နတ်တော်လဆုတ် ၁၂ ရက်၊ ခရစ်သက္ကရာဇ် (၆-၁-၄၀) နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့လေသည်။

ဆရာကြီးသည် စာအုပ်စာတမ်းပေါင်း မြောက်မြားစွာကို ရေးသားခဲ့ရာ၌ ပထမဦးစွာ 'မောင်ကျော်' ဟူ၍ မထင်ရှားသည့် ကလောင်အမည်ဖြင့် 'ခင်ထား'၊ 'ပင်လယ်ကူးတတ်ပုံ'၊ 'ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်' အစရှိသော ဝတ္ထုများနှင့် လောကီအလင်းပြကျမ်းများကို ရေးသားခဲ့သည်။

ပိုက်ဆံကြီးအမည်ဖြင့် အလွန်ကျော်ကြားခဲ့သော နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားအေး စသည့်ဝတ္ထုများကို ရေးသားခဲ့သည်။ ထို့နောက် ပီမိုးနင်းအမည်ဖြင့် ရေးသားခဲ့ရာ သူ၏အကောင်းဆုံးလက်ရာများဖြစ်သည့် နေညိုညို၊ ပေမဝန်ဘွေ၊ တစ်ကိုယ်တော်၊ ချစ်ပန်းနွယ်၊ တစ်နိုင်ငံ မြိုင်ယံခြား စသည့် ဝတ္ထုရှည်ကြီးများနှင့် အခြားဝတ္ထုတိုအမြောက်အမြား ပေါ်ထွက်ခဲ့လေသည်။

ထို့အပြင် ကမ္ဘာ့မင်တာ၊ သခင်စိတ်၊ လက်တွေ့ကြီးပွားရေး စသော တိုးတက်ကြီးပွားရေး လမ်းညွှန်စာအုပ်များကိုလည်း ရေးသားခဲ့သည်။

ကျွန်းငွေသောင်၊ ကျားကြီးရာဇာ၊ ဘစ်ခုလပ်နှင့် တစ်လင်ကွာ၊ သဲမြည္ဘာ စသော ဝတ္ထုရှည်ကြီးများနှင့် မရေမတွက်နိုင်အောင် များပြားသော ဝတ္ထုတိုများကိုလည်း ဆက်လက်ရေးသားခဲ့သည်။ တိုင်းရေးပြည်ရေး၊ အောင်စိတ်၊ သားဂုဏ်ရည်၊ သမီးဂုဏ်ရည်၊ မိန်းမစိတ် စသော ကျမ်းများသည်လည်း ထိုခေတ်က ဆရာကြီး ပီမိုးနင်း၏လက်ရာများ ဖြစ်သည်။

ဆရာကြီးသည် အထက်ပါ ကလောင်အမည်များအပြင် ကြွက်စုတ်ကြီး၊ တိမ်ညွန့်စံ၊ ပေါက်ဆိန်၊ လူမင်း၊ လေပွေကြီး၊ လေယာဉ်ပျံ၊ ဦးလေပွေ စသည့်ကလောင်အမည်များဖြင့်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

ဆရာကြီးသည် စာ စတင်ရေးသားစက ဝတ္ထုဇာတ်လမ်းများကို ရေးသားခြင်းမပြုကြောင်း၊ တေးထပ်၊ လေးချိုး၊ စာထောင့်များကို အများအပြား ရေးသားခဲ့ကြောင်း ဆရာကြီးကိုယ်တိုင် ပီမိုးနင်း၏ ပီမိုးနင်းတွင် ရေးသားခဲ့သည်။

mgyoe.com

mgyoe.com

ဤအချက်နှင့် ပတ်သက်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလထုတ် ငွေတာရီ မဂ္ဂဇင်း အမှတ် (၁၆၁) တွင် ပီမိုးနင်းစာပေများ ဆောင်းပါးကို ရေးသားရာ၌..

*"ဆရာသည် စာမျိုးစုံကို ရေးသားခဲ့ရာတွင် ကဗျာဆန်ဆန်စာများလည်း ပါသည်၊ ကဗျာအရေးလည်း ကောင်းသည်။ ... ... ... ရှေးက စာများတွင် များသောအားဖြင့် ကဗျာလင်္ကာဆန်ဆန် ရေးသားခဲ့ကြရာ ထိုအချိန်ကပင် ဆရာပီမိုးနင်းသည် အများနည်းတူ လင်္ကာသွားဆန်ဆန် စာများကို ထိထိမိမိ ပေါ်ပေါ်လွင်လွင်ရေးခဲ့သည်။"*

ဟု ရေးသားတင်ပြခဲ့သည်။ ဆရာကြီး သခင်၏ တင်ပြချက်အတိုင်းပင် ၁၉၂၁ ခုနှစ်က ရေးသား ထုတ်ဝေခဲ့သော ဆရာကြီးပီမိုးနင်း၏ နေညိုညိုဝတ္ထုအစတွင်..

*"မြိုင်ခြေရိပ်တွင်၊ ရွက်ပေါင်းစင်၍*
*ညှာပင်ကြွေလု၊ ရတုရွှင်ရွှင်*
*သန့်ရှင်းစင်လျက်၊ ဝါလွင်နီမြန်း၊*
*ပေါက်ဆူးပန်းတို့၊ ထူးဆန်းလှတင့်*
*ရှိုးတံမြင့်နှင့်၊ ပွင့်ပြစီစီ*
*ကုန်ရာသီ..*

ဟူ၍ ရေးပညာရှိတို့ စပ်ဆိုလေ့ရှိသော..

*"မာသဆင်းသန်၊ သင်းရနံ့နှင့် နှင်းပုံ့ရိပ်ငြိမ်၊ ဖန်ရစိန်လည်း၊*
*ဖြူတိမ်နည်းပါး၊ ထောင်ရောင်ဖြင့် ကစားလျက်*
*မိုးဖျားထက်ပြင်၊ စက်မောင်းကိုနှင်သည့်အခါ၊*
*တပို့တွဲလရာသီသည် ညဥ့်အခါနှင့်တူသော ဆောင်းဥတု၏*
*အရက်တက်စဖြစ်သော နံနက်ယာမ်အချိန်နှင့် တူလေ၏"*

ဟူ၍ ရေးသားခဲ့ကြောင်း တွေ့ရှိရသည်။

ဆရာကြီး မောင်ထင်ကလည်း စာပေဗိမာန်ထုတ် မြန်မာစကားပြေစာတမ်းများ ပထမတွဲ (၁၉၈၃) ခုနှစ်တွင် ဆရာကြီး၏စာပေများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရှိသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၆) ၌ ပီမိုးနင်းအကြောင်းကို ဖော်ပြရာတွင် ပီမိုးနင်းသည် 'ရောင်ခြည် တစ်ထောင် အလင်းဆောင်သော ဘာဏုရာဇာနေမင်းသည် အရှေ့ပြဒ္ဒါ ဝိဒေဟာမှ ထွက်ပေါ်လာပြီး' ဟူသော စကားကြီးစကားကျယ်အဖွဲ့မျိုးမှ 'နေထွက်လာပြီ' ဟူသော တိုတိုနှင့် လိုရင်းရောက်အောင် ဖွဲ့ဆိုတတ်ကြောင်း ဖော်ပြပါရှိသည်။ စာပေထဲသို့ အရပ်သုံးစကားပြေကို ပီမိုးနင်း

mgyoe.com

mgyoe.com

က ပို့ပေးပါသည်ဟု အမိဗွာယ်ရောက်သည်။ ပီမိုးနင်းသည် သူရိယသတင်းစာ တည်ထောင်သည်မှစ၍ သတင်းစာလောကထဲတွင် ကျင်လည်ကျက်စားသည်။ ၁၉၁၄–၁၈ ပထမစစ်ကာလအတွင်းဝယ် သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ပညာ့အလင်းသတင်းစာ စသည်တို့တွင် ထမင်းတစ်လုတ်အတွက် ရုန်းကန်လှုပ်ရှား၍ လူးလာခတ်ပြီးလျှင် မောင်ကျော်၊ ပိုက်ဆံကြီး၊ လေပွေ စသော ကလောင်အမည်အမျိုးမျိုးဖြင့် ပြောဟန်လိုလို၊ ဇာတ်ဟန်လိုလို၊ နဒေလိုလို အဖွဲ့အမျိုးမျိုး လက်တည့်စမ်းခဲ့သူ ဖြစ်သည်။ ၁၉၁၇ ခုနှစ်၌ မောင်ကျော်အမည်ဖြင့် ရေးသားခဲ့သော 'ဘိအေမောင်တင့်နှင့် ကချေသည်မယ်မြင့်' ဝတ္ထုပါ စကားပြောအဖွဲ့မှာ အရပ်သားအများ နားလည်လွယ်သော စကားပြေရိုးရိုးဖြစ်လေရာ နောင်အခါ၌ ယင်းစကားပြေရေးဟန်သည် လက်သံပြောင်လာပြီးလျှင် ပီမိုးနင်း၏ မူပိုင်ကဲ့သို့ ဖြစ်လာသည်။ ဤတိုးတက်ဆဲကာလတွင် နေညိုညို (၁၉၂၁) ဝတ္ထု၌ မိမိ၏ စာပေအယူအဆကို ချမှတ်ခဲ့သည်။ ရှေးဆရာဟောင်းများကိုချည်းမှီး၍နေကြလျှင် မြန်မာစာပေသည် ဉာဏ်သစ်မတိုးဘဲ အသေလိုဖြစ်၍ ကြီးပွားနိုင်မည်မဟုတ်၊ အတုခိုးလျှင် အတုအပသာ ဖြစ်မည်၊ နည်းသစ်ထွင်မှ အကျိုးရှိမည်၊ ထီးနန်းအကြောင်းကို ရေးလျှင် ထီးသံ နန်းသံ ပါမှ ကောင်းမည်မှန်၏၊ သို့သော် အရပ်သူအရပ်သား အလေ့အကျင့်ကို ရေးလျှင် အရပ်ဟန်ပါမှ အရေးအသားကောင်းသည်ဟု ဆိုရမည် စသည်ဖြင့် တင်ပြခဲ့၏။ သို့သော် ထိုခေတ်ပြင် ဝတ္ထုစလျှင်စချင်း လက်ာသွား စကားပြေအငွေ့အသက်ထဲမှ ရုန်းထွက်ဆဲ အဖြစ်သနစ်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။

သမ္မာရင့်လာသောအခါ 'ဘိအေမောင်တင့်နှင့် ကချေသည်မယ်မြင့်' ခေတ်က ရေးသားခဲ့သော စာရေးဆရာစိတ်ကူးသည် ဇန္နုလဂျာနယ်၌ ရေးသားသော 'ရွှေဖျိုင်းဖြူ' ဝတ္ထုတို့ကဲ့သို့သော အဖွဲ့၌ ပိုမိုအသက်ဝင်လာပြီးလျှင် ဥပမာ ဥပမေယျတို့မှာလည်း အများနှင့်မတူ တစ်မူထူးခြား၍ ထွန်းပလာလေသည်။ ဣန္ဒြေနှင့် တည်တည်ကြီး ရေးစရာရှိသောအခါ၌လည်း ကမ္ဘာ့မင်တံသတင်းဆောင်းပါးအဖွဲ့၌ စာဖတ်သူကို စွဲငြိစေသော စကားပြောအသုံးအနှုန်းတို့သည် ရေးဟန်တစ်မျိုးနှင့် ထည်ဝါလာလေသည်။

ပီမိုးနင်း၏ စကားပြေသည် ခေတ်သုံး အရပ်သုံး စကားပြေအထုံးအဖွဲ့သို့ ရှေ့ဆောင်လမ်းပြပြုခဲ့သော စကားပြေဖြစ်သည်။

ဆရာကြီး၏ စာပေနှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၆) ၌ တင်ပြရာ၌..

*ဆရာ ပီမိုးနင်းသည် စိတ်ကူးဉာဏ် အလွန်ထက်မြက်သူဖြစ်ရာ မမှုလောက်သော အရာကလေးကိုပင် စူးစူးရှရှ ပေါ်ပေါ်လွင်လွင် ရေးတတ်သည်၊ စာ အသုံးအနှုန်းလည်း ကြွယ်ဝသူဖြစ်သည်၊ စာဖတ်သူ၏ စိတ်နှလုံးတွင် သာယာငြိမ့်ညောင်းစေရမည့် အကြောင်းအရာကို ရေးသည့်အခါ စန္ဒရားကို မထိတထိတို့၍ မဿင်မရှား*

mgyoe.com

mgyoe.com

*သံစုံများထွက်ကာ နားသောတဒ္ဒ ငြိမ့်အေးသာယာစေသကဲ့သို့ ရေးစွမ်းနိုင်သည်၊ သရုပ်ပေါ်အောင် ရေးပြမည့်နေရာတွင်လည်း ဒိုးဒိုးဒေါက်ဒေါက် ကျယ်လောင် မြည်ဟည်းသကဲ့သို့ ဖန်တီးရေးစွမ်းနိုင်သည်၊ အနောက်တိုင်းစာပေမှ အမြင်သစ်သဘောသစ်တို့ကို မြန်မာများ သဘောပေါက်နားလည်လွယ်အောင် ရိုးရိုးနှင့် ရှင်းရှင်း ရေးပြနိုင်သည်၊ မြန်မာ့အသုံးအနှုန်းများကိုလည်း အဟောင်းကိုပင် အသစ်ဖြစ်အောင် ပြင်သည့်အခါ ပြင်၍ ရေးသားခဲ့လေသည်...*

ဟူ၍ ရေးသားဖော်ပြထားကြောင်း တွေ့ရှိရသည်။

ဆရာကြီးသည် ဘဝအတွေ့အကြုံ ကြွယ်ဝကာ ခံစားချက် ပြင်းထန်များပြားသူ ဖြစ်သည်။ သို့ကြောင့်လည်း သူ့စာများမှာ အကြောင်းအရာစုံလင်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး စသည်ဖြင့် ထောင့်စုံအောင် အကြောင်းအရာကို ရှာဖွေနိုင်သူ ဖြစ်သည်။ စာဖတ်သူအများစု လက်ခံနိုင်သည့် ကိုယ်ပိုင်ဟန်သစ်ကို တီထွင်နိုင်စွမ်းရှိသူလည်း ဖြစ်သည်။ ခေတ်စမ်းစာပေခေတ်ကို ရှေ့ပြေးဦးဆောင်ခဲ့သူ ဆရာကြီးလည်း ဖြစ်သည်။

ပီမိုးနင်းစာပေါင်းချုပ် ပြုစုရေးအဖွဲ့

၀

mgyoe.com

mgyoe.com

# အရင်းမစိုက် လှေထိုးလိုက်

## ရောင်းချနည်း စိတ်ပညာ

လောကတွင် စိတ်နှင့်ကင်းသောအလုပ် မရှိ။ အလုပ်ဟူသမျှမှာ စိတ်ကို သုံးနိုင်သလောက် ပေါက်ရောက်တွင်ကျယ်နိုင်လေသည်။ အလုပ်၌ စိတ်ကိုသွင်းခြင်းသည် စူးစိုက်ခြင်းပင် ဖြစ်လေရာ စူးစိုက်ခြင်းသည် ပေါက်ရောက်အောင်မြင်ခြင်း ဖြစ်ကြောင်းကို အထူးပြောဖို့မလိုချေ။

ရောင်းချခြင်းအလုပ်၌ စိတ်ကိုအသုံးပြုတတ်က ပိုမို၍ အရောင်းတွင်၏။ ဤကျမ်းတွင် ဖော်ပြသော အချက်ကလေးများကို သာမန်တွေးလျှင် သိပြီးသလို၊ အရေးမကြီးသလို မှတ်ထင်ကြပေလိမ့်မည်။ သို့သော်လည်း ထိုအချက်ကလေးများကို စေ့စပ်သေချာစွာ လိုက်နာ၍ မျက်လုံး၌လည်းကောင်း၊ နှုတ်လျှာ၌လည်းကောင်း၊ မျက်နှာအမူအရာ၊ ကိုယ်ဟန်အသံ၌လည်းကောင်း အမြဲဆောင်နိုင်သော ရောင်းချသူမှာ အလွန်စွမ်းသော ဈေးခေါ်လက်ဖွဲ့ကို ဆောင်၍ထားသလားဟု မေးခြင်းကို ခံရပေလိမ့်မည်။ အကြောင်းမူကား ထိုအချက်ကလေးများသည် လွန်စွာသိမ်မွေ့သဖြင့် ထိုအချက်ကလေးများကို အသုံးပြုသူမှတစ်ပါး တစ်ရံဆံလူသည် သုံးမှန်းကို သိမြင်နိုင်မည်မဟုတ်ချေ။

၎င်းအချက်တို့သည် စိတ်ပညာကို အထူးတတ်မြောက်၍ လူ၏စိတ်ကို အထူး နားလည်သော ပညာရှိကြီးများ၏ နည်းလမ်းတို့ကို အသုံးပြုခြင်းဖြင့် ရရှိသောနည်းလမ်းများဖြစ်လေရာ ဤကျမ်းသည် လူ၏စိတ်အကြောင်းကို သင်ပြသော စိတ်ပညာကျမ်းတစ်မျိုးပင် ဖြစ်ရကား ၎င်း စိတ်ပညာမှာ ရောင်းချခြင်းအလုပ်၌ သုံး၍ထားသော လက်တွေ့စိတ်ပညာဖြစ်သဖြင့် ဤ အရောင်းစိတ်ပညာကို တတ်မြောက်သော ရောင်းချသူသည် ယုန်သူငယ်ကို ခြသေ့မင်း အုပ်ဖမ်းကစားနိုင်သလို ဖောက်သည်များကို မလွတ်ရအောင် အမိဖမ်းနိုင်ကြောင်း ကိုယ်တွေ့ဖြစ်ပါလိမ့်မည်။ သို့ဖြစ်၍ အထပ်ထပ် ဖတ်ရှုဆင်ခြင် လေ့ကျက်ခြင်းဖြင့် ရောင်းသူ၏ ကိုယ်နှင့် စိတ်မှာ ထိုအချက်တွေ

mgyoe.com

mgyoe.com

စွဲရောက်ဝင်စား ကိန်းအောင်းစေလျက် အံ့ဖွယ်သော သတ္တိအရည်အချင်းကို ရကြလေအောင် ဤစာအုပ်ကို အမြဲလက်ဝယ်ထားသင့်ကြလေသည်။

လူမှန်က ရောင်းချခြင်းအလုပ်ကို လုပ်နိုင်၏။ ဆိုင်မှာထိုင်၍ ရောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ သွားလာလျက် ကုန်နမူနာများကိုပြ၍ စပ်ဟပ်ရောင်းချခြင်း၊ ကြော်ငြာ၍ ရောင်းခြင်း၊ ကိုယ်စားလှယ်ခံယူ၍ ရောင်းခြင်း၊ ဖော်စပ်လုပ်ကိုင်၍ ရောင်းခြင်း၊ လက်ကားရောင်းခြင်း၊ လက်လီ ရောင်းခြင်း စသည့်အလုပ်တွေများစွာရှိရာ ဤအရောင်းစိတ်ပညာကို တတ်သူမှန်က ဘဝမှာ ဆင်းရဲအောက်ကျဖို့မရှိ။ အရင်းအနှီးမျှ မလို။ ဆိုင်ကြီးတစ်ခုကို ကြည့်ကာ ဤဆိုင်ကပစ္စည်းများကို ငါအဘယ်ပုံ တွင်အောင်ရောင်းပေးရပါ့မလဲဟု စိတ်ကူးလျက် တကယ်တွင်စေသည့် နည်းလမ်းကို အဟုတ်တကယ်တွေ့နိုင်၍ ငွေပေါက်ကို တိုးမိနိုင်လေသည်။

ငွေတစ်ရာ လွယ်ကူစွာချေး၍ မရ၊ ရလျှင်လည်း အတိုးပေးရ၏။ ကုန်ပစ္စည်း တစ်ရာဖိုးကို အကြွေးရနိုင်၏။ ရသောအခါ၌လည်း အမြတ်အစွန်းဖြစ်ထွန်းပြန်လေရာ ကမ္ဘာပေါ်၌ အရောင်းတတ်သူသည် ခေါင်းတုံးပေါ်တွင် ထိပ်ကွက်သော လူလိမ္မာဖြစ်သည့်ပြင် လောက၌ ငွေကို သုံးရသည် မဟုတ်၊ ကုန်ပစ္စည်းကိုသာ သုံးရသည်ကို ထောက်လိုက်လျှင် အရောင်းတတ်သူမှာ ကုန်ပစ္စည်းတောထဲကို တိုး၍နေရသဖြင့် သုံးစရာမရှား၊ စားစရာ ဝတ်စရာ မရှား၊ ပဒေသာပင်ကြီးများကို ရသူများနှင့် တူကြလေသည်။

ထို့အပြင် လူမှန်က ကုန်ပစ္စည်းသာမဟုတ်၊ ရောင်းစရာအမျိုးမျိုး ရှိ၏။ ပညာကို ရောင်းခြင်း၊ အကြံဉာဏ် ဝီရိယ အချိန်နာရီကို ရောင်းခြင်း၊ အလုပ်ကို ရောင်းခြင်း၊ အားအစွမ်းကို ရောင်းခြင်း စသည်များသည် လူမှန်သမျှမှာ တစ်မျိုးစီရှိသော အဖိုးတန်ကုန်ပစ္စည်းတွေ ဖြစ်ကြလေရာ ကူလီ၊ အစေခံ၊ စာရေးမှစ၍ ဝတ်လုံ၊ ဆေးဆရာဝန်အထိ ရောင်းကြရသဖြင့် ဤအရောင်းစိတ်ပညာကျမ်းသည် လောက၌ ကြီးပွားလိုသူဟူသမျှနှင့် သက်ဆိုင်သောကျမ်း ဖြစ်လေသည်။

စိတ်ပညာကို စီးပွားရေးတစ်ခုခု၌ ထိထိရောက်ရောက် စ၍ အသုံးပြုသည်မှာ ရောင်းဝယ်ခြင်းအလုပ်၌ ဖြစ်လေရာ ဤပညာသည် လူ၏စိတ်ကို ဆွဲခြင်း၊ မဝယ်ချင်သူကို ဝယ်ချင်အောင် လုပ်ခြင်း၊ အသုံးမလိုသေးဟု မှတ်ထင်ရသော ပစ္စည်းကို အသုံးလိုကြောင်း ထင်ရှားစွာပြခြင်း နည်းလမ်းများကို သင်ပြသောပညာ ဖြစ်လေသည်။ ရှေးအခါက အင်္ဂလန်ပြည်၌ လက်ဖက်ခြောက်၊ ကိုကိုးတို့ကို သုံးရမှန်းမသိကြဘဲ ယခုအခါ မသုံးဘဲ မနေနိုင်သော အခြေအနေသို့ ရောက်ခြင်းသည် ဤအရောင်းပညာ၏ အစွမ်းကြောင့် ဖြစ်လေသည်။

ဤပညာသည် မိမိတစ်ဦးတည်းသာ ကြီးပွားစေနိုင်သည် မဟုတ်၊ တိုင်းပြည်ကြီးပွားရေးနှင့် အမျိုးသား တိုးတက်ကြီးမြင့်ခြင်း၏ အကြောင်းရင်းကြီးဖြစ်ခြင်းကို မည်သူမျှ မငြင်းနိုင်ချေ။ ကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် ၁၉၁၈ ခုနှစ်တွင် ဂျာမနီနှင့် စစ်ပြေငြိမ်းပြီးသောအခါ စစ်တပ်များမှ ပထမဦး

mgyoe.com

ထွက်ခွင့်ပေးရသူတို့သည် အရောင်းတတ်သော 'ဆေးလိပ်စမင်း' ခေါ် ဈေးသည်များ ဖြစ်ကြလေသည်။ ဤယခုအခါသည် မြန်မာအမျိုးတို့အတွက် ရောင်းဝယ်ခြင်းအတတ် ပို၍အရေးကြီးသော အခါ ဖြစ်လေသည်။ 'လယ်အလုပ်ကိုသာ အားကိုးခဲ့မိသဖြင့် အဘယ်မျှလောက် ဆင်းရဲဒုက္ခ ရောက်ကြရသည်ကို သိကြလေရာ ထိုဆင်းရဲအောက်ကျသော အခြေအနေမှ ပြန်၍တက်နိုင်ဖို့ရန် အရေးကြီးသော နည်းလမ်းမှာ ရောင်းချခြင်းအတတ် ဖြစ်ပေသတည်း'။

## မည်သူ ရောင်းသနည်း

ဝတ္ထုပစ္စည်းအရိုင်းကို ဖြစ်အောင်လုပ်သူမှစ၍ နောက်ဆုံး ဝယ်ခြမ်းသုံးစွဲသူများသို့ တိုင်အောင် အရောင်းသမားသည် သံကြိုးတွင် အဆက်ပမာ အသုံးခံရလေသည်။ ဝတ္ထုအရိုင်းလုပ်သူထံမှ ပစ္စည်းအသုံးအဆောင် လုပ်သူထံသို့ ထိုဝတ္ထုအရိုင်းကို ရောင်းသူက သယ်ပို့ရ၏။ ပစ္စည်းအသုံးအဆောင်လုပ်သူထံမှ လက်ကားများထံသို့ ရောင်းသူသည် လုပ်ပြီးသော ပစ္စည်း အသုံးအဆောင်ကို ပို့ရ၏။ ၎င်းနောက် လက်ကားထံမှတစ်ဆင့် ရောင်းသူသည် လက်လီသမားထံသို့ ပို့ရ၏။ လက်လီသမားထံမှတစ်ဖန် ရောင်းသူပင်လျှင် သုံးစွဲသူထံသို့ ပို့ရလေသည်။ ၎င်း ရောင်းသူကို ပွဲစားဟူ၍လည်း ခေါ်၏။ ကော်မရှင်ကိုယ်စားလှယ်ဟူ၍လည်း ခေါ်၏။ ခရီးသွားကိုယ်စားလှယ်လည်း ဖြစ်လေသည်။

## အစိုးရ၏ အလုပ်

အင်္ဂလန်ပြည်၌ Department of Overseas Trade ခေါ် Board of Trade အဖွဲ့ရှိ၏။ မည်သည့် တိုင်းပြည်၊ မည်သည့်ဒေသ၌ အဘယ်ပစ္စည်းမျိုး အရောင်းအဝယ်ရှိသည့်ပစ္စည်းများကို သိလို၍ စုံစမ်းသူတို့အား ထိုအဖွဲ့က ဖြေကြားညွှန်ပြကူညီရ၏။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အတိုင်ပင်ခံ အကြံဉာဏ်ပေးသူများ၊ ကော်မရှင်နာများ၊ ကိုယ်စားလှယ်များ၊ ကူးသန်းရောင်းဝယ်ရေးနှင့်ဆိုင်သော အကြောင်းအရာများနှင့် လမ်းစခန်းများအကြောင်းကို ထိုအဖွဲ့က စုဆောင်းပြီးလျှင် ၎င်းအဖွဲ့ကြီးက ရိုက်နှိပ်ထုတ်ဝေသော ပြန်ကြားစာများတွင် ၎င်းအကြောင်းအရာများကို ထည့်သွင်းဖော်ပြလေသည်။ ၎င်းဌာနမှ အကြံဉာဏ်တောင်းလျှင် လွယ်ကူစွာ ရနိုင်လေသည်။

## အတားအဆီး မရှိ

အခြားအလုပ်များမှာ လွယ်ကူစွာ လူတိုင်းမရ၊ ရောင်းချခြင်းအလုပ်မှာ အတားအဆီး အပိတ်အပင်မရှိ။ မည်သူ၏ စည်းကမ်းအမိန့်ကိုမျှ မနာခံရ၊ ကြီးမြင့်ခြင်းမှာလည်း အဆုံးမရှိသဖြင့် ဆာဘွဲ့၊ လော့ဘွဲ့ကြီးများကိုပင် ရောက်ဖို့ရန် လမ်းပွင့်လေရာ မရှက်မကြောက် အဟုတ်တကယ် စိတ်ကိုသွင်းကာ ရုံးတစ်ခုမှာ ကူညီစာရေးလုပ်သော အရွယ်က စ၍ ရောင်းချခြင်းအလုပ်ကို လေ့ကျင့်ကြမည်ဆိုလျှင် သာမန်ဉာဏ်စွမ်းသတ္တိရှိသူသည် ဤကျမ်း၌ ဖော်ပြသော နည်းလမ်းများကို

 mgyoe.com 

လိုက်နာခြင်းဖြင့် သူဌေးကြီးဖြစ်နိုင်သည်ကား ကံရှိသူနှင့် မဆိုင်၊ လူတိုင်းနှင့်ဆိုင်ကြောင်း လက်တွေ့ သိရှိနိုင်လေသည်။

## အလုပ်ပေါ်များခြင်း

ယခုအခါ စက်ကိရိယာ၏ အစွမ်းကြောင့် ကုန်ပစ္စည်းအထွက်များ၏။ ဆိုင်များမှာလည်း ကုန်ပစ္စည်းကျပ်လျက် နေကြ၏။ အရောင်းတတ်သူသည် ထိုပစ္စည်းများကို ဖောက်သည်ဈေးနှင့် ရအောင် ပြောဆိုစီစဉ်ကာ ရှေးဦးပထမ အနည်းငယ်ဝယ်ယူ၍ ကိုယ်တိုင် စပ်ဟပ်ရောင်းချပြီး တွင်သလောက် ထပ်ကာထပ်ကာ အခေါက်ခေါက်ယူချေက နောင် တစ်စတစ်စ အစွမ်းသတ္တိနှင့် ရိုးမှန်ကြောင်း လက်ကားဆိုင်ကြီးများက သိသောအခါ မြောက်မြားစွာ လဆိုင်းနှင့် ရနိုင်သော အခြေအနေသို့ ရောက်နိုင်လေသည်။

ယခုအခါ ရောင်းသူကို မည်သူမျှ မကဲ့ရဲ့ရှုံ့မှုမက ချီးမွမ်းခြင်းကိုပင် ပြုကြလေရာ ရှက်၍ ဆင်းရဲလျှင် မည်သူမျှ သနားဖို့မရှိချေ။ အများရောင်း၍ မတွင်သောကုန်ကို ငါတွင်အောင်ရောင်း မည် ဟူသော ထူးချွန်သောသတ္တိကို ရအောင် ကြိုးစားသူမှာ တောတောင်ကို ထွက်၍ ရွှေငွေ ကျောက်သံ ရှာသူ၊ ရွှေဖြစ် ငွေဖြစ် အဂ္ဂိရတ်ထိုးသူထက် ကြီးပွားချမ်းသာဖို့ သေချာလေသည်။

အဘယ်မည်သော လက်ကားဆိုင်သည် အရောင်းတတ်သူကို ငြင်းပယ်၍ ပစ်နိုင်ပါမည်နည်း။ လက်ကားဆိုင်ကြီးများမှာ မိမိ၏ကိုယ်ပိုင်အစွမ်းအားကြောင့်ဖြစ်စေ၊ ပက်ထရီတတ်ဆီကဲ့သို့ မသုံးဘဲ မနေနိုင်ကြသဖြင့်ဖြစ်စေ တွင်ကျယ်၍နေနှင့်သောပစ္စည်းများကို ရောင်းချရန်အတွက်သာ ငွေရင်းကြေးရင်းလို၍ အောက်ကျတိုးလျှိုးရလေရာ အစွမ်းကောင်းသော အရောင်းသမားသည် ထိုအလုပ်များကို ကြံဖို့မလို၊ နှံ့အောင် မကြော်ငြာနိုင်သည့်အတွက် ကုန်တွေ အိပ်၍နေသော ဆိုင်များ၊ ကုန်ပစ္စည်းအသစ် လုပ်ကိုင်တင်သွင်းရောင်းချသူများထံ၌ အရောင်းကောင်းသူအတွက် ကြီးပွားခြင်း၏တံခါးတွေ အလိုလိုပွင့်လျက် နေလေသည်။ ငါသည် ငွေနှင့်မရင်း၊ အစွမ်းသတ္တိနှင့် ရင်းရမည်ဟူသောစိတ်ကို တုံးတုံးချသူသည် မကြီးပွားဘဲ အဘယ်နည်းဖြင့် နေနိုင်ပါမည်နည်း။ လက်ကားဆိုင်ကြီးများသည် ဤကဲ့သို့သောသူများကို ကြီးပွားအောင် မ,ဖို့ရန် အသင့်ရှိနေကြလေသည်။

## ရောင်းသူ၏ ပထမအရေး

လူတို့သည် အများအားဖြင့် မိမိတို့မှာ လို၍နေသော အရာကို ကိုယ်တိုင်မသိကြ၊ ပစ္စည်းတစ်ခုခု သုံးဖို့ အရေးကြီးကြောင်း ညွှန်ပြအားပေးမှ သိတတ်ကြ၏။

လက်နိပ်စက်စာလုံးတွေ ပေါ်စက သုံးကောင်းသည်ဟု အယူမရှိကြချေ။ နောင် သုံး၍ဖြပြီး အချိန်၏ အဖိုးတန်ခြင်း၊ အချိန်ကုန်နည်းဖို့ဖြစ်ခြင်း၊ အသုံးလွယ်ကူ သန့်ရှင်းသပ်ရပ် သားနားခြင်း

mgyoe.com

mgyoe.com

စသည်များကို လုပ်ကိုင်၍ ပြသနိုင်ကြသောကြောင့်သာ ယခုအခါ အသုံးပြုကြရုံမက အလုပ်ဟူ သမျှမှာ အရေးကြီးဆုံး ပစ္စည်းတစ်ခု ဖြစ်၍နေလေသည်။

ထိုစာလုံးစက်ကို စတင်ရောင်းချသူမှာ အဘယ်မျှလောက် ခက်ခဲသည်ကို ဆင်ခြင်၍ကြည့် လေ။ ဝယ်သူ၏စိတ်၌ "ဤစက်ကို နှိပ်ဖို့ရန် အကြာကြီးလေ့ကျင့်ရဦးမည်၊ မြှုပ်ရမည့်ငွေကလည်း တရင်းတနီး၊ ပြီးတော့လည်း စာပုံနှိပ်သမား အပိုလည်း ငှားရဦးမည်၊ နှိပ်၍ဖြစ်အောင် မင်အဝတ် 'ရစ်ဘွန်' ကိုလည်း ဝယ်ရမတဲ့။ တိုးပြီး မြန်မှာလည်း မဟုတ်၊ မတော်တဆပျက်ရင် အခပေးပြီး ပြင်ရဦးမှာ၊ မဖြစ်ပါဘူး မဖြစ်ပါဘူး၊ ကြဲကြဲစည်စည် လုပ်မှလုပ်တတ်ပလေ၊ လက်တွေ အရှိသား နှင့် ဘယ်သူက ဝယ်မှာတုံး" စသည့်စကားမျိုး ပြောကြပေလိမ့်မည်။

ထိုမျှလောက် ရောင်းဖို့ရန်ခက်ခဲသော ကိရိယာကိုပင် ယခုအခါ တစ်ကမ္ဘာလုံး ဝယ်၍သုံး ကြရသည်မှာ အရောင်းသမား၏ အစွမ်းအဘယ်မျှကြီးသည်ကို သိသင့်ပေသည်။ ထိုမျှလောက် ခက်ခဲစွာ မပြောမဟောဘဲ တွင်ကျယ်နိုင်သောပစ္စည်းတွေ များစွာရှိကြလေရာ ကုန်ပစ္စည်းကို တွင်အောင် ရောင်းခြင်းသည် သူဌေးများထံ မျက်နှာချကာ အလုပ်တောင်းရမှာလောက် ဝန် မလေးသည်ကို ထောက်လျှင် လွန်စွာကောင်းသောအလုပ်ဟု ဆိုရပေမည်။

ရောင်းသူ၏ ပထမအရေးကြီးသောအလုပ်မှာ ကုန်ပစ္စည်းတစ်ခုခုကို အသုံးမလိုသေးပါဘူး ဟု ငြင်းသူအား ယခု အသုံးလိုကြောင်း ပိုင်နိုင်စွာ ပြောဟောခြင်းဖြစ်သည်ဟု မှတ်ရမည်။ များ သောအားဖြင့် ရောင်းသူတို့၏စိတ်၌ ဈေးသည်ကို အိမ်များက ခေါ်၍ဝယ်သလို ဝယ်ချင်သူရှိမှ ရောင်းဖို့ကို သဘောထားတတ်ကြလေသည်။ ရောင်းခြင်းအလုပ်မှာ ဤကဲ့သို့မဟုတ်၊ မဝယ်ချင် သူ၊ မခေါ်ဘဲ နေသူများထံသို့ သွားရောက်ကာ ဟောပြောရောင်းချတတ်သော အစွမ်းမှ အရောင်း တတ်သူ၏ အစွမ်းကောင်း သတ္တိကောင်းဟု ခေါ်ဆိုအပ်လေသည်။

ကုန်တိုက်တစ်ခုခုမှ ကုန်ကိုယူ၍ လှည့်ပတ်စပ်ဟပ် ရောင်းချသူမှာ ကုန်တိုက်ကြီး၏ကိုယ် စားလှယ်ဖြစ်သဖြင့် ဂုဏ်အသရေသေးသိမ်သည်မဟုတ်။ မိမိပိုင်ကုန်ပစ္စည်းကဲ့သို့ သဘောထား ကာ ကုန်တိုက်၏ အကျိုးစီးပွားကိုလည်း တိုးတက်လေအောင် ဝယ်သူမှာလည်း မနစ်နာရလေ အောင် သဘောထားတတ်ချေက ဂုဏ်ကျက်သရေ တစ်နေ့တခြား ကြီးပွားနိုင်လေသည်။

ရောင်းသူသည် မိမိကိုယ်ကို ဝယ်သူ၏နေရာမှာထား၍ ဝယ်သူဖြစ်က အဘယ်ပုံ သဘော ရမည်ဟု သိအောင်ကြိုးစားရာ၏။ ထိုအခါ ဝယ်သူ၏ စုံငြင်းပယ်သော ဆင်ခြေတို့ကို ချေပ နိုင်နင်းဖို့ရန် အသင့်ပြင်ဆင်ပြီးဖြစ်လေသည်။ အကောင်းဆုံးသော ကုန်တိုက်ကြီးများနှင့် စာရင်း ဖွင့်ကာ ဆက်သွယ်၍ ကုန်တိုက်၏ ဂုဏ်ကျက်သရေကိုတိုးအောင် သတိပြုရလေသည်။ ရိုးဖြောင့် မှန်ကန်ခြင်းသည် ထိုဂုဏ်ကို မြဲစေနိုင်၏။ ဝယ်သူဖောက်သည်၏ နားမလည်ခြင်းကို မိမိ၏ကိုယ်

mgyoe.com

ကျိုးအတွက် အသုံးမပြုရ။ နားမလည်သူကို နားလည်အောင်သင်ပြ၊ အစစ်အမှန်ကို ထိုက်တန်သော အဖိုးထားနှင့် ရောင်းချရာ၏။ သို့မှသာ ဖောက်သည်စွဲမြဲပြီး ဖောက်သည်အသစ်များကိုလည်း တိုးတက်ရရှိနိုင်လေသည်။

အရောင်းသမားသည် ရှေ့နေကောင်းပမာ ဖောက်သည်၏အပြစ်ရှာသော စကားများကို ချေပနိုင်၍ မိမိ၏ကုန်ပစ္စည်း၌ ဖောက်သည်က အပြစ်တစ်ခါဆိုလျှင် တစ်ဆင့်တိုး၍ အဖိုးတန်အောင် ခုခံပြောဆို၊ ပစ္စည်းဂုဏ်ကို မြင့်သည်ထက်မြင့်အောင် ပြောနိုင်ဖို့ လိုလေသည်။ ဖောက်သည် ပြောသောအပြစ်ကို ဖြေရုံ ပြောနိုင်ရုံနှင့် မပြီး၊ အပြစ်ပြောတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တိုး၍ အဖိုးတန်အောင် ပြောဖို့ရန် ပြင်ဆင်ပြီးရှိရမည်။ ဖောက်သည်ပြောမည့် အပြစ်တွေကို တင်ကြို၍ သိထားမှ တင်ကြို၍ ပြနိုင်လေသည်။

သူဌေးတစ်ယောက်က ခရီးသွားကိုယ်စားလှယ် လုပ်လိုသူတစ်ယောက်အား မီးအိမ်အသစ်အဆန်းတစ်ခုကို တွင်အောင်ရောင်းပေးနိုင်လျှင် ခရီးစရိတ်ရော၊ ကော်မရှင်ရော ပေးမည်ဟု ပြော၏။ ကိုယ်စားလှယ်လုပ်လိုသူက ရောင်းနိုင်ကြောင်းပြောသဖြင့် မီးအိမ်များကို ထုတ်၍ ပေးရာတွင် ကိုယ်စားလှယ်လုပ်လိုသူသည် မီးအိမ်များကိုယူ၍ မိမိကိုယ်စားလှယ်ဖြစ်ပြီ ဟူသော အနေဖြင့် ကျေနပ်စွာထွက်သွားရာ တံခါးသို့ရောက်လျှင် သူဌေးကပြန်ခေါ်ပြီး မီးအိမ်များကို ပြန်၍ယူကာ သွားတော့ဟု ပြောလိုက်လေ၏။

ကိုယ်စားလှယ်လုပ်လိုသူမှာ မျက်နှာပျက်၍ ထွက်သွားပြီးနောက် စာရေးက သူဌေးအား 'ခင်ဗျား ဘယ့်နယ်လုပ်တာလဲ' ဟု မေးလေရာ သူဌေးက 'ဒီလူ တွင်အောင်ရောင်းနိုင်မှာမဟုတ်ဘူး၊ လမ်းစရိတ်ကုန်ရုံ ရှိမှာပဲ' ဟု ပြန်၍ပြောလေသည်။ စာရေးက အကြောင်းကိုမေးသောအခါ 'သူက ဒီမီးအိမ်အကြောင်းကို ဘာမျှမမေးဘူး၊ ဝယ်သူက ထိုထိုဤဤ ပြောရင် သူ ဘယ့်နယ်ဖြေမလဲ' ဟု သူဌေးက ပြန်၍ပြောလေသည်။

ဤအလုပ်သည် လူပျင်း လူပျော့ စည်းစနစ်မရှိ၊ မသေချာ မရေရာ ပျော့ညံ့ညံ့လူမျိုးနှင့် မဆိုင်။ စိတ်ရောကိုယ်ပါ ထက်ထက်မြက်မြက် သွက်သွက်လက်လက် လျင်မြန် ကိုယ်စိတ်နှစ်ဖြာ နိုးကြားသူ ကျန်းမာသူတို့နှင့်သာ သက်ဆိုင်လေသည်။ အကြောင်းမူကား လူ၏စိတ်ကို ဆွဲနိုင်သူ၊ မိမိဘက်သို့ ညွတ်ယိမ်းလိုက်ပါအောင် လုပ်နိုင်သူဖြစ်ဖို့ အရေးကြီးလေရာ မကျန်းမာသူ၊ စိတ်အား ပျော့သူတို့မှာ ထိုအစွဲဓာတ် နည်းပါးလေသည်။ ၎င်းတို့မှာ လူကဲခတ်တတ်ခြင်း၊ လူစိတ်အလိုလိုသိခြင်းသည် ပထမ လိုအပ်သောအရေး ဖြစ်လေသည်။

ရောင်းသူသည် အခိုင်မာဆုံးသောစိတ်၊ ခွအကျဆုံးသော လူ၊ စိတ်တိုသူ၊ မခံချင်အောင် လုပ်တတ်သူတို့ကို မိမိဘက်ပါအောင် ကြိုးစားနိုင်သူ ဖြစ်ရလေရာ သည်းညည်းခံခြင်း၊ ဖွဲ့ကောင်းခြင်း၊ အခက်အခဲကို မကြောက်ခြင်း၊ ရဲရင့်ခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံဖို့လိုလေသည်။

mgyoe.com

ရောင်းချခြင်းသည် အမြတ်ရသော ဉာဏ်စစ်အကြံ ဖြစ်ရကား လေ့ကျင့်သူ အသင့်ပြင်ဆင်သူ၊ ကြိုတင်ထင်မြင်သူတို့သာ အောင်ပန်းကို ဆွဲနိုင်လေသည်။

အစဉ် စိတ်ပျက်စရာတွေကို များစွာတွေ့တတ်လေရာ ထိုစိတ်ပျက်စရာတွေကို မကြောက်လျှင် မနုဉ်စွာ မှော်ကြီးကို အောင်ပြီဟု စိတ်ချရမည်။ သို့ စိတ်ပျက်စရာတွေကို ခံနိုင်လျက် အားမငယ်ဘဲ ဖွဲသန်ချေက နောင်လွယ်ကူ၍ စားဖို့ရန် စခန်းလမ်းတွေ ရှိသော်လည်း တိုက်ဖို့ရန် စိတ်ကိုကား အဘယ်အခါမျှ မလျှော့ရ၊ စစ်တိုက်ရင်း သေရသော စစ်ဘုရင်များကဲ့သို့ သဘောထားရလေသည်။

အကြောင်းမူကား လောက၌ ငွေကို အယူသမားများသာ ရှိကြ၍ အပေးသမား မရှိချေ။ ရောင်းသူ၏အလုပ်သည် မပေးချင်သောငွေကို ရအောင်ယူတတ်သောအတတ် ဖြစ်လေသည်။ ဝယ်သူက နည်းနည်းပေးချင်၍ ရောင်းသူက များများယူချင်ကြသည်မှာ ဓမ္မတာဖြစ်ရကား ရောင်းသူ တစ်ဆယ်၊ ဝယ်သူ တစ်မတ်၊ လွန်ကတ်သတ်သဖြင့် အလွန်ကျပ်တည်းခက်ခဲသော ဗီလာဆန့်ကျင်သည့်အလုပ် ဖြစ်လေသည်။

—ငွေ ငါးဆယ် တစ်ရာကို မနမြောသောလူသည် ပစ္စည်းတစ်ခုကို တစ်ပဲမျှ ဈေးကြီးသည်ထင်၍ လိုချင်လျက် မဝယ်ဘဲနေတတ်လေသည်။

သို့သော်လည်း အားငယ်စရာမရှိ၊ အဖိုးတန်သောအရာမှန်က အစဉ် အပင်ပန်းခံမှ ရ၏။ ဤအဖိုးတန်သော ငွေတော ဥစ္စာတော တိုးရသောအတတ်မှာလည်း အစဉ် ခက်ခဲသော လေ့ကျင့်ခန်းသည် အဖိုးတန်သောအတတ် ဖြစ်ခြင်း၏ သက်သေဟု မှတ်ကာ သာလွန်အားတက်ဖွယ်ကောင်းလေသည်။

ယခု မြန်မာပြည်၌ ရောင်းချလုပ်ကိုင်နေကြသူတို့မှာ အများအားဖြင့် ကုန်ပစ္စည်းများဘာသာ ကုန်ပစ္စည်းများ၏အစွမ်းဖြင့် ကုန်ပစ္စည်းများ ကိုယ်တိုင် မိမိတို့ကိုယ်ကို ရောင်း၍ ထွက်ကြရ၏။ သို့ဖြစ်သောကြောင့် ကုန်ပစ္စည်းများမှာ ထိုကဲ့သို့ မိမိတို့ဘာသာ ထွက်နိုင်သောအစွမ်း မရှိသောအခါ ရောင်းသူကို အားထားလာရလေသည်။

ယခု မျက်မြင်ရောင်းချနေကြသော မြန်မာကုန်သည်တို့မှာ အများအားဖြင့် ခက်ခဲစွာ မစခဲ့ကြ။ လွယ်ကူစွာ စခဲ့ကြသဖြင့် ခနမှော် မအောင်သောကြောင့် လွယ်ကူစွာ ပျက်ကြလေသည်။

ဤအရောင်းအလုပ်၌ ငါ့ကို နှောင့်ယှက်ဖျက်ဆီးသူ မရှိ၊ ငါ၏ ညံ့ခြင်း၊ ငါ၏ ပျော့ခြင်း၊ ငါ၏ ပေါ့ခြင်းသာ ငါ၏ရန်သူ ဖြစ်မည်ဟု ယုံကြည်ရမည်။ အောင်စ ရှိလျှင် အောင်ချင်ချင်ဟူသော စကားကို အားကိုးရမည်။

တစ်ကြိမ် နှစ်ကြိမ် အခက်အခဲကို အောင်မိသဖြင့် မိမိကိုယ်ကို ယုံကြည်ကိုးစား၍လာသောအခါ ရောင်းသူသည် သမုဒ္ဒရာ၌ ဝေလငါး ပျော်မြူးသလို ရောင်းခြင်း၌ ပျော်ရွှင်အားတက်၍ လာ

mgyee.com

mgyoe.com

လိမ့်မည်။ အကြောင်းမူကား ဖွေးခနဲ ဖွေးခနဲမြင်ရသောငွေကို လေးခနဲ စီးခနဲ ကိုင်ဆုပ်မိတိုင်း သံလိုက်ဓာတ် အကြောအခြင်လိုက်ကာ သူ့ရဲ့ကောင်းသတ္တိတွေ အကြောပေါင်းတစ်ထောင် စိမ့်၍ ဝင်လာလိမ့်မည်။

ထိုကဲ့သို့ မထင်မရှားပျော်၍နေသော ခရီးသွားကိုယ်စားလှယ်လေးများကို ကိုယ်တိုင် တွေ့ ရဖူး၏။ ၎င်းတို့သည် မိမိတို့၏ စားလမ်းကို အများသိမှာ စိုးသဖြင့် မပြောကြချေ။ ၎င်းတို့သည် သားရေအိတ်ကလေးကို ဆွဲကာ ဘောင်းဘီတိုကလေးများနှင့် သုတ်သီးသုတ်ပျာသွားလျက် အဘယ်နေ့မှာ ငါ၏ကော်မရှင် ငါးရာကိုက်မည်၊ တစ်ထောင်ကိုက်မည်ကို စိတ်၍ တေးမှတ်ကာ အမြဲအားယူလျက် အားတက်၍နေကြလေသည်။

များမကြာမီက တရုတ်ကပြားလေးနှစ်ယောက်ကို ဟိုတယ်ဆိုင် တစ်ဆိုင်၌ တွေ့ရ၍ သိရသည်မှာ အခါကြီး လွန်စွာဆိုးသဖြင့် နေ့တွက် တစ်ဆယ်စီမျှ စီသည်ကို ညည်းညူ၍နေကြခြင်း ဖြစ်လေသည်။ ၎င်းတို့သည် သက္ကလပ်ထည်များကို သွားလာရောင်းချသူများဖြစ်လေရာ အသွင်အပြင်မှာ စာရေးစာချီ ကပြားကလေးများဟူ၍ မှတ်ထင်ရလေသည်။ ရောင်းသူတို့မှာ အထင်ရှားဆုံး အမြန်ဆုံးသောသတ္တိ ဈေးခေါ်လက်ဖွဲ့သည် ရွှင်ပျူလတ်ဆတ်သော စိတ်သဘော အမူအရာ ကြည်လင်တောက်ပခြင်း ဖြစ်လေသည်။

## ရောင်းသူ လေးမျိုး

ရောင်းသူ လေးမျိုးရှိ၏။ (၁) ဆိုင်ကြီးများ၌ရောင်းသော လက်လီရောင်းသူ၊ (၂) လက်ကားဆိုင်ထိုင်နှင့် နယ်ထွက်သူ ခရီးသွားအရောင်းသမား၊ (၃) စက်ကိရိယာအသစ်အဆန်းများကို စတင်ပျံ့နှံ့အောင် လုပ်ရသဖြင့် မိမိတို့ကိုင်သော ကုန်ပစ္စည်းအကြောင်းကို သေချာစွာနားလည်လျက် စွမ်းရည်သတ္တိ များစွာရှိဖို့လိုသော Speciality Salesman စပယ်ရှယ်ပစ္စည်းရောင်းသမား၊ (၄) ပရိုမိုးတား ခေါ် အလုပ်အကိုင် အရောင်းအဝယ် ကုမ္ပဏီကြီးများကို စ၍တည်ထောင်သူတို့ ဖြစ်ကြလေသည်။ ပရိုမိုးတားအလုပ်မှာ အကြီးကျယ်ဆုံးဖြစ်၍ သိစရာ တတ်စရာတွေ များစွာ လိုသေးသည်၊ ၎င်းလေးမျိုးအပြင် ယခုကာလ၌ အထက်ဖော်ပြခဲ့သည့်အတိုင်း လူဟူသမျှမှာ ရောင်းစရာတစ်ခုခု ရှိသဖြင့် လူတိုင်း အရောင်းသမားဖြစ်နိုင်လေသည်။

## အောင်မြင်ခြင်း

အောင်မြင်လိုသူသည် ကံဟူသောစကားကို ဖျောက်၍ အလုပ်ဟူသောစကားကို သုံးရမည်။ အောင်မြင်ခြင်း၏ ပထမနည်းသည် အောင်မြင်သောစိတ်၊ အောင်မြင်မည်ဟူသောစိတ် ဖြစ်၏။

ငါတော့ သာမန်လူစားပဲ၊ ဇာတာကလည်း သူဌေးဇာတာ မဟုတ်၊ ဖြစ်မှာမဟုတ်ပါဘူးလေ

mgyoe.com

ဟူသောအတွေးမျိုးကို တွေးသူ မများလျှင် မြန်မာလူမျိုးထဲ၌ မိလျံနာတွေ အခြားလူမျိုးများမှာလို ပင် ရှိနိုင်လေသည်။

မိလျံနာများသော လူမျိုးမှန်က ဤအတွေးမျိုးရှိသူ နည်း၏။ ဤတွင် ကံနှင့် ဇာတာ အပိုဖြစ် ကြောင်း သိသာလေသည်။ သူဌေးမဖြစ်မီ ဇာတာမှာ သာမန်မျှဖြစ်၏။ သူဌေးဖြစ်သောအခါ ဇာတာတစ်မျိုး ပြောင်းလိမ့်မည်။ ဗေဒင်ကိုယ်တိုင်က မပြောင်းဘဲ မနေဝံ့တော့ချေ။ ကိတ်ဂြိုဟ်များ လည်း ကြောက်ရွံ့ကာ နေရာအသွားပြောင်းပြီး စပယ်ရှယ်ကောင်း၍ ပေးကြလိမ့်မည်။ သို့ကြောင့် ကံနှင့် ဇာတာအတွက် ပူစရာမရှိ။

အလုပ်၌ ဝီရိယရှိသူသည် ဘုရင်မင်းမြတ်တို့၏ ခေါ်ပင့်ခြင်းကို ခံရ၏။ သတ္တဝါမှန်က ဖြစ် မြောက်ဖို့ မျိုးစေ့ပါ၏။ ထိုမျိုးစေ့ကို မြေတောင်မြှောက်ပေးဖို့သာ လို၏။ မည်သည့်အလုပ်မှ လူ့ ဘဝကို ရခြင်းထက် ပိုမို၍မခက်ဟု မှတ်ပါလေ။ စွန့်မှ စားရ၏။ စားလိုလျှင် စွန့်။

သည်းညည်းခံခြင်း၊ အတွေးအခေါ်ရှိခြင်း၊ ရှေ့အစွန်း နောက်အစွန်းကို မြင်ခြင်း၊ ရိုးနံဆခြင်း၊ ရဲရင့်ခြင်း၊ လုံ့လရှိခြင်း၊ မျှော်လင့်အားတက်ခြင်း၊ ရွှင်ပျခြင်း၊ စိတ်အားထက်သန်ခြင်း၊ သစ္စာရှိခြင်း၊ ယုံကြည်ကိုးစားခြင်း၊ ရိုးဖြောင့်မှန်ကန်ခြင်း၊ ကိုယ်အင်္ဂါတို့၏ စုပေါင်းခြင်းသည် ကြီးပွားအောင်မြင် သော ရုပ်အသွင်ကို ပေါ်ပေါက်စေ၏။

ကျန်းမာခြင်းကိုလည်း ဂရုပြုရမည်။ ကျန်းမာခြင်း၊ အသက်ရှင်ခြင်း၏ မလွဲနိုင်သော နည်း လမ်းသည်ကား အနေအစား၊ အသွားအလာ၊ အပျော်အပါးဟူသမျှ အဘယ်အရာမှာမျှ မလွန်ကျူး အပ်ခြင်း ဖြစ်လေသည်။

## လိုရင်းအချုပ်

ရောင်းသူမှာ ကိုယ်ခန္ဓာကျန်းမာခြင်း၊ စိတ်ကြည်လင်ခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း သည် ဩဇာတန်ခိုးကို တိုးတက်စေသဖြင့် ထိုသုံးချက်မှာလည်း လေ့ကျင့်ခြင်းဖြင့် ဖြစ်မြောက် နိုင်၏။

ဝယ်သူ၏စိတ်ကို သိအောင် အကဲခတ်ခြင်း၊ ရောင်းချသော ကုန်ပစ္စည်းအကြောင်းကို ကောင်းစွာသိခြင်း၊ ရောင်းရာ၌ ဝယ်သူစိတ်ကို စူးစိုက်စေခြင်း၊ စိတ်ပါအောင်လုပ်ခြင်း၊ ဆန္ဒကို နှိုးခြင်း၊ ဝယ်သူ၏စိတ်ကို ဆုံးဖြတ်ချက်ချအောင်ပြုခြင်း ဤအချက်များသည် ရောင်းခြင်း၌ အောင် မြင်ဖို့ နည်းလမ်းများ ဖြစ်လေရာ ဤအချက်များကို မမေ့ဘဲ စိတ်၌ အမြဲစွဲ၍ ထားရမည်။

## ဖောက်သည်

ဖောက်သည်၏စိတ်ကို သိအောင်ကြိုးစားရန် ဖော်ပြခဲ့၏။ ဖောက်သည်အမျိုးမျိုးရှိလေရာ တစ်ယောက်နှင့်တစ်ယောက် မတူကြချေ။ ဖောက်သည်၏အလိုကို လိုက်လျောကာ အကြိုက်ကို သိရမည်။ ဖောက်သည်၏ စိတ်နေသဘောထားပုံမျိုးကို မိမိ၌ ပေါ်ပေါက်စေရာ၏။

mgyoe.com

mgyoe.com

အလိုက်သင့် အလျားသင့် လိုက်လျောခြင်းဟူသော မြန်မာစကားအတိုင်း ကျင့်ရမည်၊ အချို့ ဖောက်သည်မှာ ကြောက်တတ်၏။ အားနာတတ်၏။ မဆစ်ရဲ၊ ၎င်းတို့ကို အားပေးရမည်၊ အချို့မှာ စိတ်လက်မသာမကြည်ခိုက် ဖြစ်တတ်၏။ စိတ်သာယာရွှင်ပျအောင် ပြောဆိုရမည်၊ အချို့မှာ မာနရှိ၏။ မြှောက်မှန်းမသိ မြှောက်ရမည်။

သို့ပင် လူအစားစားရှိသော်လည်း စိတ်ရင်းမှာ တူကြလေ၏။ လူကို အကဲခတ်တတ်သော အလေ့ရှိလျှင် အသိဉာဏ်အမြင်ကို တဖြည်းဖြည်းရနိုင်လေသည်၊ ကိုယ်နှင့်နှိုင်း၍ ကြည့်လျှင် အခြားလူများ၏စိတ်ကို သိခြင်း၌ များစွာမှားမည်မဟုတ်ချေ။

လူ၏စိတ်သည် လူ၏ ကိုယ်လက်အင်္ဂါ၊ ဦးခေါင်း၊ မျက်နှာ၊ မျက်လုံး၊ ခြေ လက်၊ အသံ၊ စကား၊ မျက်နှာထားတို့၌ ပေါ်နေတတ်၏။ ပါးစပ်နှင့် နဖူးလည်း စိတ်ကို များစွာပြတတ်လေသည်၊

လူသုံးမျိုးရှိ၏။ ၎င်းသုံးမျိုးကား (၁) ဉာဏ်သမား၊ (၂) ကိုယ်ခန္ဓာအလုပ်သမား၊ (၃) အာရုံသမားများ ဖြစ်ကြလေသည်၊ သို့သော်လည်း ထိုသုံးမျိုးသည် ထုံးစံအားဖြင့် လူမှန်သမျှမှာ ရော၍နေတတ်၏။ သို့ရာတွင် တစ်ဖက်ဖက်က ပို၍များတတ်လေရာ များရာဘက်ကို အစွဲပြုရလေသည်၊ တစ်ဖက်ဖက်ကမျှ ပိုမို၍မများဘဲ သုံးမျိုးစလုံး ညီမျှနေချေက ထိုလူမျိုးသည် အချိုးအစားမကျဆုံး ဖြစ်လေသည်၊

## (၁) ဉာဏ်သမား

၎င်းတို့သည် သိမ်မွေ့၏၊ သိလွယ်၏၊ ပါး၏၊ လျင်မြန်သောဉာဏ် ရှိ၏၊ စိတ်ဝေဒနာတစ်ခုခုကို ခံစားရာ၌ လျင်မြန်လွယ်ကူ၍ နာလွယ် သိလွယ်၏၊ အလှအယဉ်ကို မြင်တတ်၏၊ စိတ်ကူးယဉ်၏။ ဦးခေါင်းသည် ကိုယ်အချိုးအစားနှင့်စာလျှင် ပိုမို၍ကြီး၏။ ကိုယ်ဟန် ယဉ်ကျေး၏၊ မျက်နှာမှာ ခပ်လျားလျားရှိ၏၊ နဖူးမြင့်၏၊ တောက်ပသောမျက်လုံးရှိ၍ စိတ်အမူအရာကို မျက်နှာထားဖြင့် လွယ်ကူစွာပြနိုင်၏။

ဉာဏ်သမားမဟုတ်သော မျောက်တိရစ္ဆာန်မှာ လူနှင့်တူသော်လည်း စိတ်ကို မျက်နှာဖြင့် ပေါ်အောင်မပြနိုင်။ ဝမ်းနည်းခြင်း ဝမ်းသာခြင်းသည် မျောက်မျက်နှာ၌ မသိသာ။ ဉာဏ်ရှိသောလူမှသာ သိသာလေရာ သာ၍ဉာဏ်ပိုသော လူများမှာ သာလွန်သိသာလေသည်၊ မျောက်၏မျက်နှာနှင့် အသံသည် အမြဲဝမ်းနည်းပုံဖြစ်၏၊ သို့သော်လည်း မျောက်ထက်ပျော်သော အကောင် လောကမှာ ရှားပေလိမ့်မည်။

ထိုလူမျိုးသည် အတွေးအကြံ များ၏။ အကောင်းအဆိုး အကျိုးအမြတ်ကို မြင်လွယ်၏။ ၎င်းလူမျိုး၏စိတ်မှာ အခြားလူများလည်း မိမိတို့သိသလို သိလိမ့်မည်ဟု မှတ်ထင်ကာ အသိနှေးသော လူနုံ လူထုံ တစ်ယောက်ယောက်နှင့် တွေ့လျှင် လျင်မြန်စွာ စိတ်ဆိုးတတ်၏။ ထိုလူမျိုးမှာ အမြဲလိုလို ကြောင့်ကြပူပင်၍ နေတတ်၏။ အလုပ်ပန်း၍ အာရုံကြောရောဂါ ဖြစ်တတ်လေသည်၊

mgyoe.com

mgyoe.com

Nervous break down ခေါ် (စိတ်ထောင်းကိုယ်ကြေ ရောဂါမျိုး) ဖြစ်တတ်လေသည်။ ဤလို လူမျိုး ဖောက်သည်နှင့်တွေ့လျှင် စကားမရှည်ရ၊ လျင်မြန်စွာ အကြောင်းဆိုက်အောင်ပြော၊ သူ ပြောသမျှကိုသာ နားထောင်၊ ၎င်း၏ ဆင်ခြေဆင်လက် ထင်မြင်ချက်တွေ အကုန်ထွက်အောင် ပြောဖို့ လွှတ်ပေး၊ ရောင်းသူ ဝင်၍ထောက်စရာ အချက် အကွက်ပေါ်သောအခါကျမှ စကား အနည်းငယ် ဝင်၍ ကိုယ့်ဘက်သို့ ရောက်စေမည်။

## (၂) ကိုယ်ခန္ဓာ အလုပ်သမား

၎င်းတို့မှာ ကိုယ်ကာယ လက်ရုံးအလုပ်အကိုင်တို့နှင့် သက်ဆိုင်၏။ အရိုးအခြင်၊ အသား အကြော ကြီး၏။ ကိုယ်ခန္ဓာမှာ အကြမ်းထုလုပ်ထားသော အရုပ်ကြီးကဲ့သို့ အချိုးအစား ကိုယ် ပေါက် ကိုယ်ရောက် အင်္ဂါရုပ်ကြီးခိုင်သန်မာ၍ မပြေမပြစ် မချောသောအသွင်ရှိ၍ အမွေးဆံပင် များ၏။ စိတ်ဉာဏ်သမားများကဲ့သို့ မသိမ်မွေ့ချေ။ လှုပ်ရှားထကြွလုပ်ကိုင်ခြင်းများ၌ ပျော်ပိုက်၏။

ကိုယ်လက်ကျန်းမာ၍ ပင်ပန်းကြမ်းတမ်းခြင်းများကို ခံနိုင်၏။ လေ့ထိုးလှတိုက် တောင်သူ လယ်သမား စွန့်စားသွားလာ၊ တိုင်းနယ်ရပ်ရွာ အသစ်တည်ထောင် စွန့်စားခြင်းအလုပ်မျိုးနှင့် အထူးသင့်လျော်သောလူမျိုး ဖြစ်၏။

စိတ်အားထက်သန်၏။ မြဲခိုင်သော ရည်ရွယ်ချက်ရှိ၏။ မိမိတို့၏လက်ရုံးကို အားကိုးလျက် လွတ်လပ်စွာနေဖို့ကို လိုလား၏။ အလုပ်အကိုင် အရောင်းအဝယ်လုပ်ရလျှင် ဒေါမာန်ကြီးမား တင်းမာသောသတ္တိနှင့် မိမိတို့လုပ်ချင်သောအရာကို ပေါက်ရောက်အောင် လုပ်တတ်၏။ ရောင်း သူ၏ ရှည်လျားသောစကားများကို နှစ်သက်လေ့မရှိ။ တိုတိုနှင့်လိုရင်းကို ရောက်အောင်ပြောဆိုမှ သဘောကျ၏။ အတွေ့ကို ကြိုက်၏။ အသွယ်အဝိုက်ကို အလိုမရှိ။

## (၃) အာရုံသမား

အစားအသောက် အပျော်အပါး အာရုံငါးပါးဘက်သို့ အားကြီးစွာ ယိမ်းယိုင်၏။ စိတ်အား လည်း သန်၏။ ကိုယ်ခန္ဓာနှင့် မျက်နှာ လုံး၏။ ကြီးလျှင် ဝလာတတ်၏။ ရင်ဘတ် ဝမ်းဗိုက် ကြီး၏။ အသွေးအရောင်ပွင့်လင်း၍ သွေးရောင်လျှမ်း၏။ ဖြူဖြူနီနီနှင့် နသလိုလိုအဆင်းဟု မှတ်ထင်ရ၏။

ပျော်ရွှင်တတ်၏။ စည်းစိမ်နှင့် အကောင်းကြိုက်၏။ လတ်ဆတ်ပွင့်လင်းသော အပြင်လေ ကို ကြိုက်၍ သွားလာလည်ပတ် ကစားတတ်၏။ စိတ်အားထက်သန်၏၊ အလုပ်၌ စိတ်ပြောင်းလဲ တတ်၍ စိတ်မတည်တတ်။ ၎င်းတို့မှာ စားသောက်ပြီးစအခါ ရောင်းသူအတွက် အခြားအခါများ ထက် ပိုမို၍လွယ်ကူ၏။

၎င်း လူသုံးမျိုး တစ်မျိုးတည်းသတ်သတ်မရှိ။ တစ်မျိုးစီ၏ စိတ်နေသဘောထားသည် လူ တစ်ဦး၌ အနည်းနှင့်အများ ပါဝင်ရောစပ်နေကြ၏။ တစ်နည်းအားဖြင့် ပြရလျှင်ကား (၁) ဆန္ဒအား ထက်သန်၍ ဝေဒနာစိတ်များလျက် အကြံဉာဏ်နည်းသူတစ်မျိုး၊ (၂) ဆန္ဒအား သန်မာလျက်

mgyoe.com

mgyoe.com

အကြံဉာဏ်များ၍ ဝေဒနာစိတ်နည်းသူ တစ်မျိုး၊ (၃) ဝေဒနာစိတ်အားသန်၍ ဆန္ဒအားများလျက် အကြံနည်းသူတစ်မျိုး၊ (၄) ဝေဒနာစိတ် အားသန်၍ စိတ်အကြံများလျက် ဆန္ဒအားနည်းသူ တစ်မျိုး၊ (၅) စိတ်အကြံအားသန်၍ ဝေဒနာစိတ်များလျက် ဆန္ဒအားနည်းသူတစ်မျိုးဟူ၍ ငါးမျိုး ငါးစား ရှိကြလေရာ ထိုငါးမျိုးစလုံးမှာ မမျှတသူများ ဖြစ်ကြ၏။ များသောဘက်က များ၊ သန်သော ဘက်၌ သန်၊ နည်းသောဘက်၌ နည်းကြ၍ လွန်ကဲတတ်ကြ၏။ ချိန်သားမမျှကြချေ။

ချိန်သားကျ၍ မျှတသူမှာ ဆန္ဒအားမနည်းလွန်း၊ အတန်ငယ်သန်၍ စိတ်အကြံ မသန်လွန်း ဘဲ အတန်ငယ်များလျက် ဝေဒနာစိတ် မများလွန်းသူ ဖြစ်ကြလေသည်။

မှတ်ရန်။ ။ ဆန္ဒအား ဆိုသည်မှာ အင်္ဂလိပ်လို ဝီလ်ပါဝါ ခေါ် တစ်စုံတစ်ခုကို ဖြစ်အောင်လုပ်မည် ဟူသော စိတ်၏သတ္တိဖြစ်၍ ဝေဒနာစိတ်ဆိုသည်မှာ ဝမ်းနည်းခြင်း၊ စိတ်ဆိုးခြင်း၊ သနားကြင်နာ အားနာခြင်း၊ စိတ်နာတတ်ခြင်း၊ စိတ်သာယာခြင်း စသည့်ဝေဒနာမျိုးကို ဆိုလိုရင်းဖြစ်သည်။

ကမ္ဘာပေါ်၌ လူမှန်သမျှ ထိုငါးမျိုးထဲမှ မထွက်နိုင်ကြချေ။ အနည်းအများ ရောစပ်လျက်ရှိကြ ၏။ တစ်မျိုးလျှင် ဖော်ပြခဲ့သည့်အတိုင်း သတ္တိသုံးမျိုး ပါ၏။ ထိုသုံးမျိုး၏စပ်ပုံမှာ ငါးနည်းဖြစ်၏။ ထို ငါးနည်းမှာလည်း အကြမ်းများဖြစ်လေရာ ထိုသတ္တိသုံးပါး အချိုးအစားမှာ အမျိုးမျိုးဖြစ်နိုင်လေ သည်။

မျှတသောလူမျိုးမှာ ရှားလေသည်။ မျှတသောလူကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြည့်စုံ သောလူဟု ခေါ်၏။ အပြစ်ကင်းသည် ဟူလို။ ထိုလူမျိုးမှာ လွန်စွာရှားလေသည်။

ပထမအမျိုးမှာ မငြိမ်မသက် တလှုပ်လှုပ် တရွရွလုပ်ကိုင်၍ နေတတ်၏။ စိတ်အကြံနည်း သဖြင့် ဆန္ဒအားနှင့် ဝေဒနာလွှမ်းမိုးသောကြောင့် ငြိမ်၍မနေနိုင်။ စိတ်အကြံသမားမှသာ ငြိမ်နိုင် လေသည်။ ၎င်းတို့မှာ စိတ်အကြံနည်းသဖြင့် တည်တံ့သောရည်ရွယ်ချက်နှင့် တစ်စုံတစ်ရာကို ပေါက်ရောက်အောင် လုပ်ဖို့ရန် ရည်စူးချက်မရှိ၊ လမ်းလွဲတတ်၏။ လုပ်သော်လည်း စိတ်လိုက် မာန်ပါတွေသာ များ၏။ တစ်စုံတစ်ရာကို ဆုံးခန်းသို့ရောက်အောင် မလုပ်နိုင်။

ဤလူမျိုးသည် လွယ်ကူစွာကတိထားတတ်၏။ ထားသောကတိ ပျက်လွယ်တတ်၏။ ၎င်း တို့မှာ စိတ်ကောင်းနှင့် ဆောင်ရွက်လုပ်ကိုင်ချင်၏။ သို့သော်လည်း ရည်ရွယ်ချက်မရှိသဖြင့် အတန်ကြာလျှင် အေးမြသွားတတ်၏။

မိမိကိုယ်ကို အထင်ကြီးတတ်၏၊ ၎င်းတို့အား ဆုံးမသင်ပြရန် ခက်၏။ သို့သော်လည်း သနားအောင်၊ ကြင်နာအောင်၊ ဝမ်းနည်းအောင်၊ စေတနာရှိအောင်၊ ဒေါသထွက်အောင် လုပ်၍ စိမ်လိုက်လျှင် လိုက်ပါတတ်လေသည်။

ဒုတိယလူမျိုးမှာ ဆန္ဒအား 'ဝီလ်ပါဝါ' သန်မာလျက် အကြံဉာဏ်များ၍ ဝေဒနာနည်းပါး

mgyoe.com

mgyoe.com

သဖြင့် အလုပ်များစွာ လုပ်၏။ သို့သော်လည်း ပထမလူစားလို ဝေဒနာစိတ်ကို လွယ်ကူစွာ နှိုး၍မရသဖြင့် ၎င်းလူမျိုးနှင့် အပေါင်းရခက်၏။ သို့သော်လည်း အကြောင်းအကျိုး သင့် မသင့်၊ လျော် မလျော်ကို ဆင်ခြင်ဉာဏ်နှင့် ပြောနိုင်သောအစွမ်းရှိသူမှာ ၎င်းလူမျိုးကို နိုင်၏။

ထိုလူမျိုးသည် အားမနာတတ်၊ မသနားတတ်၊ စိတ်ဆိုးသည်ကို ထင်ရှားစွာလည်း ပြလေ့မရှိ၏။ ထိုစိတ်များသည် ဝေဒနာစိတ်များဖြစ်လေရာ ၎င်းမှာ နည်း၍နေ၏။ ပထမလူမှာကား များ၏။ သို့ဖြစ်၍ သနားအောင်ပြောလျှင် ဖြစ်၏။

ဤဒုတိယလူမှာ သနားအောင်ပြောလျှင် ကျောက်ဆောင်ကို ရေနှင့်နှူးသလိုသာ ဖြစ်ရာ၏။ စိတ်လိုက်မာန်ပါ မလုပ်တတ်ချေ။ သို့ဖြစ်၍ ကြီးပွားအောင်မြင်တတ်၏။ အကျိုးအမြတ် ရှိမည် မရှိမည်ကို သိလွယ်၏။ ၎င်းလူမျိုးအား တစ်စုံတစ်ခုရောင်းလျှင် လျင်မြန်စွာ မဝယ်နိုင်၊ လျင်မြန်စွာ ငြင်းပယ်လေ့ရှိ၏။

၎င်းတို့သည် ကိုယ်ကျိုး ကိုယ့်စီးပွားအတွက်သာ အသိများသဖြင့် ၎င်းတို့အတွက် အကျိုးစီးပွားဖြစ်နိုင်သော အချက်အလက်များကို ဖော်ပြရမည်။ သို့သော်လည်း အသိဉာဏ်ရှိသူများဖြစ်လေရာ ထိုအချက်များကို ၎င်းလူမျိုး၏စိတ်၌ နိုင်လုံစွာရောက်အောင် ပြောဖို့ရန် ရောင်းသူမှာ ဉာဏ်လိုသည်။ ဉာဏ်စွမ်းသတ္တိကို များစွာအသုံးပြုလေ။

တတိယလူမျိုးမှာ ဝေဒနာစိတ်သန်၍ ဆန္ဒအား 'ဝီလ်ပါဝါ' များလျက် စိတ်အကြံဉာဏ် အားနည်းလေရာ စိတ်ထားမတည်တံ့၊ တင်ကြို့မျှော်လင့်ခြင်း၊ ကြိုတင်ကြောက်ရွံ့ခြင်းများကြောင့် ယခုခေတ်ကာလ လျင်မြန်ထက်မြက်သော အရောင်းအဝယ်အလုပ်နှင့် မတော်ချေ။

အသစ်ကို စိတ်အားထက်သန်စွာ လိုက်စားတတ်၏။ အဆုံးသို့ရောက်အောင် မဆွဲတတ်ကြချေ။ အပြောက်အပင့်ကို အထူးလိုလား၏။ ၎င်းတို့မှာ ဆုံးရှုံးခြင်း၊ စိတ်ပျက်ခြင်း၊ မျှော်လင့်ချက်လွဲမှားခြင်းတွေ များစွာဖြစ်တတ်လေသည်။

စတုတ္ထလူစားမှာ ဝေဒနာစိတ်သန်၍စိတ်အကြံဉာဏ်များလျက် ဆန္ဒအားနည်း၏။ တတိယလူစားလို အားနာသနားသောစိတ်၊ ဒေါသစိတ် စသည့် ဝေဒနာစိတ်မျိုး၏ဘက်သို့ ပါလွယ်၏။ လေထဲ၌ တိုက်အိမ်ဆောက်လျက်သော်လည်းကောင်း၊ စိတ်အပျက်ကြီး ပျက်လျက်သော်လည်းကောင်း နေတတ်၏။

တတိယလူစားထက် စိတ်အကြံဉာဏ်ပိုသဖြင့် အကြံကောင်း၏။ သူတစ်ထူး နားထောင်၍ မငြီးအောင် မိမိတို့၏အကြံတွေကို ဝေဝေဆာဆာပြော၍ပြတတ်၏။ သို့သော်လည်း အကြံတွေရှုံးတတ်သည်။ ၎င်းတို့မှာ အကြံကြီးခြင်းဖြင့် အစွမ်းသတ္တိတွေ ကုန်၏။

ပေါက်ရောက်သောအရောင်းသမားသည် ထိုလူမျိုးကို လွယ်ကူစွာ မိမိဘက်သို့ပါအောင်

mgyoe.com

mgyoe.com

ဆွဲနိုင်၏။ ပြောလျှင် သေချာစွာ နားထောင်တတ်၏။ အဝယ်အခြမ်းမှာ မိမိ၏အကျိုးစီးပွားဖြစ်အောင် မဝယ်တတ်။

ပဋ္ဌမလူစားမှာ စိတ်အကြံဉာဏ်အားသန်၍ ဝေဒနာစိတ်များလျက် ဆန္ဒအား နည်း၏။ ၎င်းတို့ကို အားနာအောင်၊ လိုချင်အောင်၊ တပ်မက်အောင် ပြော၍မရ။ ထိုစိတ်များသည် ဝေဒနာစိတ်များ ဖြစ်သော်လည်း များရုံများ၍ ဆန္ဒအားမသန်သဖြင့် စိတ်အားထက်သန်ခြင်းမရှိ။ အသစ်အဆန်းကို မလိုလား။

၎င်း၏ စိတ်နေသဘောထားပုံကို သိအောင်လုပ်၊ ဘယ်လိုသဘောရသလဲဟု မေး။ ၎င်း၏ထင်မြင်ချက်ကို ရသောအခါ ထိုထင်မြင်ချက်နှင့် လိုက်လျောစေရမည်။ ၎င်း၏ ထင်မြင်ချက် အတိုင်း လုပ်စေရအောင် အစွမ်းကုန် ကြိုးစားလေ။

ထိုလူမျိုးငါးမျိုးမှာ အနည်းအများ၌ ဖော်ပြချက်များနှင့် သိကြ၏။ တိတိကျကျကား မဟုတ်ပေ။ သို့သော်လည်း ဤအရင်းခံအခြေကို သိ၍ထားလျှင် လူမှန်သမျှ၏ စိတ်အသွား အဘယ်ဘက်မှာ များသည်ကို ရိပ်မိနိုင်လေသည်။

လူများ၌ အဘယ်သို့ပင် စိတ်နေသဘောထားရှိစေကာမူ အတက်စိတ်နှင့် အကျစိတ်သည် ကြီးပွားတိုးတက်ရေး၌ အချုပ်ဖြစ်လေသည်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာသူမှန်က အတက်စိတ် ဖြစ်ပေါ်နိုင်၏။ သို့သော်လည်း အကျစိတ်ရှိသူများစွာတို့ကိုလည်း တွေ့နိုင်လေသည်။

အတက်စိတ်သည် အကောင်းကို မျှော်လင့်၏။ အကျစိတ်သည် စိတ်ပျက်ဖွယ်ရာ အကြောင်းအရာတို့ကို တွေးတတ်၏။ သည်အလုပ်ကို ငါလုပ်ရလျှင် အောင်မြင်မှာပဲဟု ယုံကြည်သောစိတ်သည် အတက်စိတ်ဖြစ်၏။ နေရာကျမှာမဟုတ်ပါဘူး ဟူ၍ တွေးတတ်သောစိတ်မျိုးသည် အကျစိတ်မျိုး ဖြစ်သည်။

လူတစ်ယောက်သည် အထပ်နှစ်ဆယ်မြင့်သော တိုက်အိမ်ပေါ်မှ ကျ၍လာရာ လမ်းခုလတ်သို့ ရောက်သောအခါ မိမိမြေကိုကျ၍ မသေသေးသည့်အတွက် ဘုရားသခင်၏ ဂုဏ်ကျေးဇူးကို ကြွေးကြော်သည်ဟူသော ပုံပြင်ကလေးတစ်ခု ရှိ၏။

ထိုလူမျိုးသည် အတက်စိတ်မျိုး၊ ဇနကစိတ်မျိုး ဖြစ်လေသည်။ ၎င်းတို့၏စိတ်၌ သေတော့မှ သေ၊ ပျက်တော့မှပျက်၊ မပျက်သေး မသေသေးသမျှ ပျက်ရေး သေရေးအကြောင်းကို တင်ကြို တွေးတောခြင်း မပြုကြချေ။

ငါသေခါနီးပြီ၊ ပညာသင်လို့ ဘာလုပ်မှာလဲဟူသောစိတ်သည် အကျစိတ်မျိုးဖြစ်၏။ သေခါနီး အကြောင်းကို အဘယ်အတွက် တင်ကြိုသိနိုင်ပါသနည်း။ ထိုစိတ်မျိုးသည် အောင်မြင်ခြင်းနှင့် ဗီလာဖြစ်လေသည်။

အတက်စိတ်ရှိသူသည် ပျက်စီးတိုင်းပြန်၍တက်ဖို့ကို ကြိုးစား၏။ သို့ကြိုးစားခြင်းအစွမ်းဖြင့်

mgyoe.com

mgyoe.com

တစ်ရံသောအခါ၌ အောင်မြင်ရ၏။ အကျစိတ်ရှိသူသည် တစ်ကြိမ် နှစ်ကြိမ် ပျက်လျှင် ပြန်၍မတက်ချင်၊ သည်အလုပ် နေရာမကျပါဘူး၊ ဘာများ လုပ်ရပါ့မလဲဟု တွေးတောကာ စိတ်ကို လွင့်ပါးစေတတ်လေသည်။

အတက်စိတ်ရှိသူအတွက် ကြီးပွားရန်အလုပ် များ၏၊ အလုပ်မရှားချေ။ အကျစိတ်ရှိသူတို့မှာ ကြီးပွားရန်အလုပ် လွန်စွာရှားလေသည်။ အဘယ်အလုပ်မျှ မကြီးပွားနိုင်။ လွယ်လွယ်နှင့် မကြီးပွားလျှင် စိတ်ကို လျှော့တတ်လေသည်။

ရောင်းချရာ၌ အတက်စိတ်ရှိသူတို့အား ရောင်းသောပစ္စည်း၏အကျိုးစီးပွားဖြစ်ဖို့ နည်းလမ်းများကို ပြရုံသာ ပြဖို့လို၏။ အကျစိတ်ရှိသူတို့ကို အကျိုးစီးပွားရှိမည်ကို ပိုင်နိုင်စွာပြောလျက် ၎င်းတို့၏ စိတ်အားတက်ကြွအောင် ပြောရလေသည်။

## ရောင်းသူ၏ အင်္ဂါများ

အောက်ပါအင်္ဂါအားလုံးနှင့် အကုန်အစင်ပြည့်စုံလျှင် ဒိဋ္ဌအောင်မြင်၍ အကောင်းဆုံးသော အရောင်းသမား ဖြစ်၏။ သို့သော်လည်း ထိုအင်္ဂါအားလုံးနှင့် ပြည့်စုံရန် ခက်၏။ ခက်သော်လည်း တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုးစားအပ်လေရာ ထိုအင်္ဂါများကို ရရှိသလောက် ကြီးပွားနိုင်လေသည်။

၎င်းတို့သည်ကား..

(၁) သိက္ခာဂုဏ်၊
(၂) ယဉ်ကျေးခြင်း၊
(၃) ရဲရင့်ခြင်း၊
(၄) တွန်းဆောင်ခြင်း၊
(၅) စိတ်ထက်သန်ခြင်း၊
(၆) ဖြူးဖြောင့်ခြင်း၊
(၇) ခေတ်ကာလ ပညာတတ်ခြင်း၊
(၈) မျက်လုံးကို နေရာတကျ အသုံးပြုခြင်း၊
(၉) သာယာညင်းပျောင်း ပြောဆိုတတ်ခြင်း၊
(၁၀) ဖော်ရွေခြင်း၊
(၁၁) အဝတ်အစား သားနားခြင်း၊
(၁၂) ဆင်ခြင်ဉာဏ်နှင့် အတွေးအခေါ်မှန်ခြင်း၊ အချိုးကျခြင်း၊
(၁၃) ကိုယ်ပိုင်ဉာဏ် ရှိခြင်း၊
(၁၄) ရယ်ရွှင်ဖွယ် ပြောတတ်ခြင်း၊

mgyoe.com

mgyoe.com

(၁၅) မိမိရောင်းချသော ကုန်ပစ္စည်းအကြောင်းကို သေချာစွာ သိခြင်း၊
(၁၆) လူကဲခတ်တတ်ခြင်း၊
(၁၇) ကျန်းမာခြင်း။

ထိုအရည်အချင်းများကို သေချာစွာ သတိနှင့် လေ့ကျင့်လျှင် အနည်းအများ ရနိုင်၏။ ထိုအရည်အချင်းများ ရှိလျှင် ရောင်းချခြင်းဖြင့် ကေန်ကြီးပွားရမည်။ ထိုအရည်အချင်းများကို လေ့ကျင့်သင်ကြားခြင်းသည် မှော်အတတ် စိတ်ပညာအတတ်များလောက် ခက်ခဲခြင်း မရှိချေ။ လေ့ကျင့်၍ ပေါက်ရောက်သလောက် ချက်ချင်းအကျိုးခံစားရ၏။

ထိုအင်္ဂါတို့နှင့် ပြည့်စုံသော အရောင်းသမားမှာ ကံနိမ့်သည်ဟု မရှိ။ ထိုအရည်အချင်းများထက် စွမ်းသော ဈေးခေါ် မရှိချေ။ ဒိဋ္ဌကြီးပွားခြင်း၏ နည်းလမ်းဖြစ်၏။ မိလျံနာသူဌေးဖြစ်လမ်းကို တံခါးမရှိ ဓားမရှိ သွားနိုင်သောပတ်စပို့လက်မှတ်ဖြစ်လေရာ ကြီးပွားလိုသူမှန်က လေ့ကျင့်အပ်၏။

လေ့ကျင့်ခြင်းမှာ ပင်ပန်းသောအရာ မဟုတ်။ အနေအစား အသွားအလာ အပြုအမူ အပြောအဆို အရာရာမှာ သတိရှိဖို့သာ လိုလေသည်။ ထိုအင်္ဂါတို့သည် ရောင်းချသောအလုပ်မှာသာ မဟုတ်၊ အဘယ်အလုပ်မှာမဆို အရေးကြီး၏။ သံလိုက်ဓာတ်သည် ထိုအင်္ဂါများ၏ စုပေါင်းခြင်းပင်ဖြစ်လေသည်။ ဤအင်္ဂါများကို လေ့ကျင့်ခြင်း၌ သာလွန်လျင်မြန်စွာ ပေါက်ရောက်လိုက ကျွန်ုပ်ရေးသော ကမ္ဘာ့မင်တံ ဒုတိယတွဲကို ဖတ်ပါလေ။

## သိက္ခာဂုဏ်

၎င်းဂုဏ်ကို ရဖို့ရန် အကျင့်စာရိတ္တကောင်းခြင်းသည် လိုရင်းဖြစ်၏။ စိတ်ထားမြတ်၍ ကိုယ်ကျင့်ကောင်းလျှင် သူတစ်ထူးအပေါ်၌ ဩဇာတန်ခိုးကို အလိုလိုဖြစ်စေသော သမာဓိဂုဏ်၊ သိက္ခာဂုဏ်သည် ကိုယ်သဏ္ဌာန် အပြောအဆို အမူအရာ စသည်တို့မှာ အလိုလိုထွက်ပေါ်လျက် တစ်ပါးသော သူကို မိမိဘက်သို့ တိမ်းညွတ်အောင် ပြုနိုင်လေသည်။

အသက်မွေးကောင်းသောသူ၏ ကိုယ်မှ တန်ခိုးထွက်၏။ ၎င်းတို့နှင့် တွေ့ရသူတို့၏ စိတ်မှာ ချမ်းမြေ့ခြင်းကို ခံစားရ၏။ ၎င်း၏မျက်နှာသည် ကြည်လင်တောက်ပလျက် ၎င်း၏ သာယာရွှင်ပျသော နှုတ်ဆက်စကားတစ်လုံးသည် မြင်းကြမ်းများကို စွပ်၍ဖမ်းသော ကောင်းဘွိုင်၏ ကြော့ကွင်းနှင့် တူလေသည်။ ၎င်း၏ဆိုင်မှာ ပိုမို၍ သာယာသည်။

လူကောင်းသည် လူကိုချစ်၏။ ရောင်းသူ လူကောင်း၏ မေတ္တာစိတ်သည် ဖောက်သည်တို့ကို ဆီး၍ သွေးဆောင်ကာ အကောင်းဆုံးသောဧည့်ဝတ်ကို ပြုလေသည်။ ၎င်း၏ ကောင်းသော စိတ်မှာ အပြောအဆို လတ်ဆတ်စေလျက် စိတ်အားထက်သန်သော အသွင်အမူအရာကို ဖြစ်စေ၏။ မိမိ၏ကုန်ပစ္စည်းများ၏ ထိုက်တန်ကောင်းမွန်ခြင်းအကြောင်းကို ပြောပြရာ၌ မှန်ကန်ခြင်း၏ လက္ခဏာကို ဖောက်သည်များ တွေ့ရှိနိုင်လေသည်။

mgyoe.com

စိတ်အားထက်သန်ခြင်းသည် ကိုယ်ကျင့်တရားကောင်းခြင်းနှင့် တွဲလျက်ရှိလေသည်။ ကိုယ်ကျင့်ကောင်းသူမှာ လျှို့ဝှက်စရာ မရှိ၊ ရဲရင့်၏။ သို့ဖြစ်၍ တစ်ပါးသူ၏စိတ်ကို ပိုမိုအစိုးရနိုင်လေသည်။

လူ၏သိက္ခာ သမာဓိစိတ်မှာ ကိုယ်၊ စိတ်၊ ဝိညာဉ် သုံးပါးစပ်လျက် ပါရှိ၏။ ထိုဂုဏ်တို့ကို ရဖို့ရန် အောက်ပါအချက်များကို လေ့ကျင့်ရာ၏။ ထိုအချက်များ၏ ဗီလာဖြစ်သော ရန်သူများကိုလည်း တင်းမာစွာ နိုင်အောင်ကြိုးစားရ၏။

သမာဓိ သိက္ခာဂုဏ်အတွက် လိုရင်းအချက်ကြီးများနှင့် ၎င်းအချက်တို့၏ ရန်သူ အဖျက်အဆီးများမှာ..

(၁) မှတ်ဉာဏ် သတိရှိခြင်း၊ ၎င်းရန်သူကား မေ့လျော့တတ်ခြင်း၊
(၂) ဆင်ခြင်စဉ်းစားခြင်း၊ ၎င်း၏ရန်သူ – မစူးစမ်း မဆင်ခြင်ခြင်း၊
(၃) စိတ်ပြဋ္ဌာန်းခြင်း၊ ရန်သူ – ရှေ့လောကြီးခြင်း၊
(၄) အမှတ်သညာထားခြင်း၊ ရန်သူ – သတိမမူခြင်း၊
(၅) စိတ်ကူးဉာဏ်သစ်ခြင်း၊ ရန်သူ– တုပခြင်း၊
(၆) စူးစိုက်ခြင်း၊ ရန်သူ– စိတ်ပျံ့လွင့်ခြင်း၊
(၇) သူတစ်ထူးကို စိတ်ပါအောင် ပြောတတ်ခြင်း၊ တွန်းဆောင်ခြင်း၊ ရန်သူ – တိုတောင်းခြင်း၊
(၈) ယုံကြည်ခြင်း၊ ရန်သူ – မသင်္ကာခြင်း၊
(၉) ထောက်ထားကြင်နာခြင်း၊ ရန်သူ– မကြင်နာခြင်း
(၁၀) ရိုးဖြောင့်မှန်ကန်ခြင်း၊ ရန်သူ– ဟန်ဆောင်ခြင်း၊
(၁၁) မျှော်လင့်ခြင်း၊ ရန်သူ– စိတ်ပျက်ခြင်း၊
(၁၂) အတက်စိတ်ရှိခြင်း၊ ရန်သူ– အကျစိတ်ရှိခြင်း၊
(၁၃) စိတ်အားသန်ခြင်း၊ ရန်သူ– အားငယ်ခြင်း၊
(၁၄) ရဲရင့်ခြင်း၊ ရန်သူ– ကြောက်ရွံ့ခြင်း၊
(၁၅) စ၍ဆောင်ခြင်း တစ်စုံတစ်ရာ လုပ်ကိုင်ကြံစည် ပြောဆိုဖို့ရှိသည့်အခါ တခြားသူများက ချီတုံချတုံဖြစ်လျက် အေးအေးပေ့ါပေ့ါနေကြသည့်အခါ မိမိကစ၍ တစ်ခုခုကို လုပ်ခြင်း၊ ပြောခြင်း၊ အကြံထုတ်ခြင်း၊ ရန်သူ – အေးဆေးပေ့ါလျော့ လျစ်လျူရှုခြင်း၊
(၁၆) လုံ့လရှိခြင်း၊ ရန်သူ – ပျင်းရိခြင်း၊
(၁၇) ထကြွလုံ့လရှိခြင်း၊ ရန်သူ – လေးလံခြင်း။

ထိုသမာဓိစိတ်တန်ခိုးကို လိုချင်မတောင့်တရုံမျှနှင့် မရ၊ လုပ်၍ယူရလေသည်။ အသင်၌

အဘယ်သို့သော အပြစ်များရှိသည်ကို အသင်၏မိတ်ဆွေများ ပိုမို၍သိ၏။ ၎င်းတို့၏စကားကို ပြန်၍ မငြင်းနှင့်။ ဝန်ခံကာ ပြုပြင်ဖို့ကို ကြိုးစားရမည်။

လူတို့သည် အများအားဖြင့် ရင်းနှီးချစ်ခင်သူတို့၏စကားကို လိုက်နာယုံကြည်လေ့ မရှိကြချေ။ ရင်းနှီးသူသည် မှန်ရာကို ပြောတတ်၏။ မချစ်မခင် မရင်းနှီးသူတို့သာ မြှောက်ပင့်ကာ အလိုက်သင့် ပြောတတ်လေရာ လူတို့၏ကြီးသောအမှားသည် အလိုက်သင့်ပြောသူကို ချစ်ခင်သူဟု မှတ်ထင်တတ်ခြင်း ဖြစ်လေသည်။

လူတစ်ယောက် ကြီးပွားမည် ပျက်စီးမည်ကို သိလိုလျှင် ရင်းနှီးသူ၏အပြစ်ဆိုခြင်းကို နာခံသလား၊ မရင်းနှီးသူ၏ မြှောက်ပင့်ခြင်းကို လိုလားသလားဟု ကြည့်လေ။ ပျက်စီးမည့်သူသည် အတွင်းထရံကို အပြင်ထရံပြု၏။ ထိုကဲ့သို့ပြုခြင်းသည် ထိုသဘောပင် ဖြစ်လေသည်။

ဤစကားကို အထပ်ထပ်ဆင်ခြင်လေ၊ အထပ်ထပ်စဉ်းစားလေ။ လူရင်းကို မမုန်းနှင့်၊ လူရင်းကိုမုန်းခြင်းသည် ပျက်စီးခြင်း၏ အစ ဖြစ်၏။ 'ကြွမ္မာယွင်းယို၊ ပျက်စီးလိုက၊ အဆိုတခြား၊ အနေမှားသည်' ဟူသောစကားသည် ရန်သူ၏အပြစ်တင်ခြင်းကို မုန်းထားရှောင်ရှားကာ မရင်းနှီးသူ၏ ချီးမြှောက်ခြင်းကို လိုက်စားခြင်း၌ သာလွန်ထင်ရှားလေသည်။

ဤနည်းဖြင့် ပျက်စီးသူတို့ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ခဲ့ဖူးလှလေပြီ။ ကြီးပွားလိုသူတို့ ဤအချက်ကို အထူးဂရုပြုကြရမည်။ ရင်းနှီးချစ်ခင်သူမှ အပြစ်ကို ဖော်၏။ အပြစ်ကိုဖော်၍ မလိုက်နာမှန်း သိသောအခါ ရင်းနှီးသူသည် လွယ်ကူစွာ အမျက်ထွက်၏။ ထိုအခါ ရင်းနှီးသူနှင့် ခိုက်ရန်ဖြစ်ကာ စိတ်ဝမ်းကွဲ၏။ ထိုအခါ ရင်းနှီးသူသည် အလွန်စိတ်မြင့်မြတ်သူဖြစ်က လျစ်လျူရှု၏။ စိတ်ထား နက သစ္စာရှိသောခွေးအဖြစ်မှ မြေခွေးအဖြစ်သို့ ရောက်တတ်လေရာ မိုက်မှားသူမှာ စိမ်းသူ၏ရန်ထက် ရင်းနှီးသူ၏ရန် ပိုမို၍ ပေါ်လာတတ်လေသည်။ ဤအချက်ကြီးကို မမေ့အပ်။ အထူးဆင်ခြင်၊ အထူးသတိထား၊ အထူးမှတ်သားထားကြရမည်။

အတက်စိတ်ရှိသူသည် အဘယ်မျှပင် ဆုံးရှုံးစေကာမူ စိတ်မပျက်ချေ။ အသက်အာမခံကိုယ်စားလှယ်၊ ခရီးသွားကိုယ်စားလှယ်တို့မှာ ထိုစိတ်သည် လွန်စွာအရေးကြီး၏။ လူတစ်ယောက်ကို ပြောဟော၍ မရ။ အတန်တန်ငြင်းဆန်သဖြင့် မရနိုင်တော့ပါဘူးဟု စိတ်ကို မလျှော့အပ်။ သင်းလောက်ကလား၊ တစ်နေ့ သင်းလက်မှတ်ကို ငါရမည်၊ သင်း မပေးချင်သောငွေကို ငါရအောင်ယူမည်ဟူသောစိတ်မှာ နည်းလမ်းရှိသမျှ အကြံဉာဏ်ထုတ်ကာ တစ်နည်းနည်းအုပ်ဖို့ ကြိုးစားလျှင် တစ်နေ့နေ့ ဧကန်မိရမည်ဟူသောစိတ်ကို ထားရမည်။

အမြဲမမာသူ၊ နေပူလျှင် ဖျားသူ၊ မိုးစွတ်လျှင် နာစေးသူ၊ မိုးအုံ့လျှင် ခြေဖျားအေးသူ၊ တစ်ခုခုစားလျှင် ဝမ်းရောင်သူတို့မှာ အကျစိတ်သမားတွေ များကြ၏။ ၎င်းရှိသည် မိမိတို့ကိုယ်ကို အကဲခတ်ကာ ဝေဒနာကို မှန်ဘီလူးနှင့်ကြည့်၍ ရှာတတ်ကြလေရာ ထိုလူမျိုးမှာ အသက်တိုတတ်ကြလေသည်။

mgyoe.com

mgyoe.com

အတက်စိတ်သမားမှာ ငါဒီဘဝမှာ ကြာကြာကြီးနေမယ်၊ ဘာဖြစ်ဖြစ် ဘာအရေးကြီးသလဲ ဟူသောစိတ်မျိုးကို ထားရုံမက အနိဋ္ဌာရုံစိတ်တို့ကို လက်မခံသဖြင့် ကျန်းမာလျက် အသက်ရှည်ကြ၏။

အချို့မှာ ကျန်းမာရေးကို လွန်စွာဂရုစိုက်ပါလျက် စောစောသေကြ၏။ ၎င်းတို့မှာ အကျစိတ် ပိုမိုများလေသည်။ ကျန်းမာခြင်းကို ဂရုစိုက်ခြင်းမှာပင် သေမှာကို ကြောက်သောစိတ်က လွှမ်းမိုးနေ၏။ ကျန်းမာရေးကို ဂရုစိုက်ရာ၌ တစ်ခုခုအနည်းငယ်မျှဖြစ်လျှင် ကျန်းမာခြင်းကို ပျက်စီးတော့မှာပဲ၊ ဘာများပါလိမ့်မလဲဟု တွေးကာ အကြောက်ကြီး ကြောက်တတ်လေသည်။

သို့ဖြစ်၍ ကျန်းမာခြင်းကို ကြိုးစားလေ့ကျင့်သူတို့သည် သေမှာ ရောဂါရမှာတို့ကို ကြောက်သောစိတ်နှင့် မကြိုးစားရ။ ပိုမိုကျန်းမာလျှင် ပိုမိုအသက်ရှည်မည်၊ အသက်ရှည်ရခြင်း၏အရသာကို ပိုမိုခံစားရမည်။ သွားလာလုပ်ကိုင်စားသောက် အိပ်ပျော်ခြင်းမှာ စည်းစိမ်ရှိမည်၊ အရွယ်တင်မည်၊ ငါ၏အသားအရေ ကိုယ်လက် ပိုမိုအချိုးအစားကျပြီး နုံညားလုပ ကြီးမားထွားကျိုင်းလျက် မက်မောသောအပျိုတွေ များလိမ့်မည်ဟူသော အတက်စိတ်မျိုးကို ထားကာ လေ့ကျင့်ကြမှ အသက်ရှည်နိုင်လေသည်။

ကုန်သည်အလုပ်နှင့် ကြီးပွားလိုသူသည် ကံဇာတာအကြောင်းကို မတွေးရ၊ ဗေဒင်မမေးရ။ ငါကြီးပွားရမည်၊ ရောင်းချသောအလုပ်ဆိုသည်မှာ အဆုံးမရှိ။ အတောမသတ် ကြီးမြင့်နိုင်သည်။ ငါသည် ကံထူးသူဖြစ်သောကြောင့်သာ ဤအလုပ်ထဲကို ရောက်တာ၊ ကြီးမြင့်မယ့်သူမို့သာ ဤအလုပ်ကို လုပ်မိတာပဲ၊ လခစားတွေမှာ ငါလိုလူမျိုးခိုင်းဖို့ ထာဝရဘုရားသခင် ဖန်ဆင်းထားသူတွေပဲဟူသောစိတ်ကို ထားရမည်။

အောင်ချမ်းသာ မြေပဲလှော်ရောင်းသော သူငယ်ချောချောကလေးမှာ ဤစိတ်မျိုး အမြဲ ရှိလျှင် ၎င်း၏ ယခုအဆင့်အတန်းသည် အိုင်အေ ဘီအေနှင့် မလဲနိုင်အောင် အဖိုးတန်၏။ အကြောင်းမူကား ၎င်း၏ ရဲရင့်ခြင်းသည် လွယ်ကူစွာရရှိသော ရဲရင့်ခြင်းမဟုတ်။ အိုင်အေ ဘီအေ အောင်သူများ ရဖို့ရန် ခက်ခဲသော ရဲရင့်ခြင်းဖြစ်လေရာ လေ့ကျင့်ခြင်းဖြင့်ရရှိသော ရဲရင့်ခြင်း ဖြစ်လေသည်။

ဤကျမ်းကိုဖတ်၍ ဤကျမ်း၏ သင်ပြချက်များကို သေချာစွာလေ့ကျင့်လိုက်နာလျက် ငွေရင်း များစွာမလိုသော မုန့်ပဲသရေစာရောင်းခြင်း အလုပ်မှစ၍ လုပ်သူ ၁၀ ယောက်နှင့် အင်္ဂလိပ်ကျောင်းသား ၃၀ ယောက်ကို တစ်ရွယ်တည်း တစ်ကြိမ်တည်း ကြီးပွားရေးပြိုင်ပွဲကို သွင်းချေက ရေးသည်များက ပန်းဆွဲသူ ပိုမို၍များမည်ကို ဒိဋ္ဌပြောနိုင်လေသည်။

အသင်၏ စွမ်းရည်သတ္တိကို အမှန်အတိုင်းသိအောင် ကြိုးစားရမည်၊ မျှော်လင့်စိတ်ကို မြဲမြဲ သန်မာစွာထား၍ ထွင်တတ်သော စိတ်ကူးဉာဏ်ကို ဆောင်ပါလေ။

mgyoe.com

mgyoe.com

## ဖော်ရွေခြင်း

ဖော်ရွေခြင်းသည် အပြင်အပ ယဉ်ကျေးသော အမူအရာထက် မြင့်၏။ သူတစ်ပါးကို ထောက်ထားညှာတာလျက် ကောင်းရာကောင်းကြောင်းဖြစ်အောင် ကူညီလိုသောစိတ် ဖြစ်လေရာ ထိုစိတ်၏ မြင့်မြတ်ခြင်းသည် ကုန်ပစ္စည်းသို့ ကူးစက်ကာ ဝယ်သူ၏စိတ်၌ ကုန်ပစ္စည်းကို ပိုမို ထူးမြတ်သည်ဟူ၍ပင် စွဲမှတ်စေတတ်၏။

ရှိုင်းစိုင်းတိုတောင်းသူ၊ ဂုဏ်မောက်သူ၊ ဖောက်သည်အပေါ်၌ ရှုတ်ချသော စိတ်အမူအရာ ထားသူများသို့ တစ်ခါသာ လာဝယ်ကြလိမ့်မည်။ ကုန်ပစ္စည်းများကို စိတ်ရှည်စွာပြခြင်း၊ ဝယ်သူ၏အလိုကို သိအောင်ကြိုးစားပြီး အလိုပြည့်အောင် ကူညီချင်သောစိတ် ရှိခြင်းတို့မှာ ဖောက်သည်ဖြစ်သူအတွက် အဖိုးပေးရသည်ကိုပင် ပေးရသည်ဟု သဘောမထား၊ ကျေးဇူးပြုခြင်းခံရသည်ဟု မှတ်ယူတတ်လေ၏။ ထိုစိတ်သည် အရောင်းအဝယ်အလုပ်ကို အဆင့်အတန်းမြင့်စေ၍ ကျေးဇူး အတုံ့အလှည့်ပြုခြင်းအနေသို့ ရောက်စေသောစိတ် ဖြစ်လေသည်။

အချို့သော အထည်ဆိုင်များ၌ အထည်အလိပ်များကို အမျိုးမျိုးထုတ်ကာ ဖြန့်ပြခြင်းသည် ထိုစိတ်မျိုးရှိသော ကုန်သည်၏နည်း ဖြစ်သဖြင့် နည်းကောင်းဖြစ်လေသည်။ သို့သော်လည်း ယခု ကာလ အထည်သည်များမှာ ထိုအလုပ်၌ ရောင်းလိုသောစိတ် အားကြီးထင်ပေါ်၍နေသဖြင့် နည်း မကျလှချေ။ ထိုမျှလောက် လောကြီးပျာယာဖြစ်ခြင်းသည် စိတ်သဘော ဖော်ရွေကောင်းမြတ်ခြင်းထက် ရောင်းလိုသောစိတ် လောကြီးခြင်းကို ပြရာသို့ရောက်သည့်ပြင် ဝယ်သူ၏ စိတ်ကို အနှောင့်အယှက်ဖြစ်အောင်လုပ်ခြင်း၊ အားနာအောင်လုပ်ခြင်းနှင့် တူလေသည်။

အထက်မန္တလေးမြို့ ဈေးသည်များ၏ လောကွတ်ပျူငှာပြုခြင်း၊ စားစရာသောက်စရာ ကျွေး ခြင်း နည်းလမ်းသည်လည်း ထိုနည်းလမ်းမျိုးပင် ဖြစ်လေသည်။ သို့ဖြစ်၍ စိတ်ကောင်းစိတ်မြတ် ကို ထိုမျှလောက် ထင်ရှားစွာပြဖို့မလို၊ အဟုတ်တကယ်ဝယ်၍ ကျေနပ်အောင်ကူညီလိုသော ရိုး ဖြောင့်သည့်စိတ်ကို ထားပြီးလျှင် ၎င်း၏စိတ်ကို သိအောင်ကြိုးစားပြီး ၎င်းသိလိုသမျှကို စိတ်ရှည် စွာ ပြဖို့သာ လိုလေသည်။

အမြဲသာယာသောမျက်နှာ ထားရမည်။ အကယ်၍ထိုကဲ့သို့ကြိုးစားပြီးနောက် ဖောက်သည် သည် စိတ်မနိုင်၍ မဝယ်ဘဲနေစေကာမူ မျက်နှာမပျက်ဘဲ အခြားမှာ သွားရောက်စုံစမ်းရန် ပြော ရမည်။ ထိုကဲ့သို့ ထွက်သွားသည့်တိုင်အောင် အခြားနည်းဖြင့်ကူညီသောစိတ် ရှိစေရမည်။ ထို အခါ ကောင်းမြတ်သောစိတ်၏ သတင်းပျံ့နှံ့ကာ အရှည်အကျိုးစီးပွားဖြစ်နိုင်လေသည်။

ဖောက်သည်တစ်ယောက် မဝယ်ဘဲနေလျှင် ကုန်ပစ္စည်း ရောင်းရသည်ထက် ပိုမို၍ အဖိုး တန်သော အရာတစ်ခုကို ၎င်းထံမှရအောင် ကြိုးစားရာ၏။ ထိုအရာသည်ကား ကောင်းသော ထင် မြင်ချက်ပေတည်း။ မိမိ၏ကုန်ကို မဝယ်သဖြင့် စိတ်ဆိုးပြီး ဖောက်သည်မခံချိသော အသုံးအနှုန်း

mgyoe.com

mgyoe.com

အမှုအရာမျိုးကို ပြချေက မရောင်းရခြင်းထက် ပိုမို၍ အကျိုးယုတ်စေသော မကောင်းသတင်းကို ဖြစ်စေနိုင်လေသည်။

ယခုကာလ ရိုးရိုးလုပ်လျှင် မကြီးပွား၊ ဆန်းနိုင်မှ တော်ရုံကျသည်။ ရိုးလျှင် မရ၊ လိမ်နိုင်မှ လူကောင်းဟူသော အရူးစကားတွေကို မယုံကြည်အပ်၊ ထိုစာမျိုးကို ရေးသူများကိုယ်တိုင်မှာ ထို မကောင်းသောစိတ်မျိုး ရှိတတ်လေရာ ထိုစာများကို တွေ့လျှင် မဖတ်ဘဲ အိမ်သာထဲကို ချပစ်ရမည်။ အရှည်ကို ကြည့်ပါလေ။

## ရဲရင့်ခြင်း

ရောင်းချခြင်းအလုပ်၌ ရဲရင့်ခြင်းသည် လူရိုးဖြစ်၏။ ပထမတွေ့ကြုံရသော အခက်အခဲများကြောင့် စိတ်မပျက်ရ၊ အခက်အခဲများကို တစ်ကြိမ် နှစ်ကြိမ် အောင်မြင်မိသောအခါ နောင်အောင်မြင်ရန် မခက်တော့ချေ။ လမ်းရိုးမှထွက်ကာ ရောင်းနည်းအသစ် မည်သူမျှမသုံးသောနည်းကို ထွင်ဝံ့ရမည်။

မိမိကိုယ်ကို အားမကိုးခြင်း၊ ကြောက်ခြင်းထက် ကြီးသောရန်သူ မရှိချေ။ မကောင်းသော ဒုစရိုက်မှတစ်ပါး အခြားကြောက်စရာ မရှိချေ။ သူတစ်ပါး တလွဲထင်ခြင်းခံရမည်ကို မကြောက်ရ၊ ကဲ့ရဲ့မည်ကို မရှက်ရ၊ အများ၏ အထင်အမြင် အလေ့အကျင့်တို့နှင့် မတူအောင်လုပ်ဖို့ရန် ရဲဝံ့ရမည်။

## တွန်းဆောင်ခြင်း

တွန်းဆောင်ခြင်း၊ ဆွဲဆောင်ခြင်း၊ ကိုယ့်ဘက်ပါအောင်လုပ်ခြင်းသည် အချက်အလက်ကို သိခြင်းဖြစ်လေသည်။ ဝယ်လိုသူ အဘယ်လူစား၊ အဘယ်အဆင့်အတန်း၊ အဘယ်စိတ်သဘော ထား ရှိသည်ကို သိလျက်နှင့် လိုက်လျောစွာ အချက်ကျကျပြောခြင်း၊ အခါအခွင့် အခြေအနေကို သိခြင်း၊ ဘယ်လူကို ဘယ်လိုပြောရမည်ဟု နားလည်ခြင်းတို့ ဖြစ်လေသည်။

စကားများများပြောတိုင်း လူတစ်ယောက်ကို မိမိဘက်ပါအောင် ဆွဲဆောင်၍မရ၊ အပြော ကောင်းတိုင်း မပိုင်၊ အပြောလည်တိုင်း မနိုင်၊ စကားများခြင်းကြောင့်ပင် အရေးနိမ့်နိုင်လေသည်။

ကလေးကို ပြုံးရွှင်စွာ ပြောဆိုရမည်၊ ဖောက်သည်ကို အတင်းတိုက်တွန်းခြင်းမပြုရ၊ မသိ မသာ ကိုယ့်ဘက်ပါအောင် ဆွဲရမည်၊ အားတိုက်မဆွဲမှု၍ ရေသည် နိမ့်ရာသို့ အလိုလိုစီးဆင်း သလို ဖောက်သည်၏စိတ်ကို စီးဆင်းလိုက်ပါအောင် လမ်းပြရမည်၊ အချို့ ဖောက်သည်များမှာ စိတ်ရှုပ်၍ လာတတ်ကြ၏။ သို့အတွက် အများကြီးသတိထားမှသာ လိုက်လျောခြင်း အောင်မြင် နိုင်၏။

စကားတစ်ပုံလျှင် အချက်အလက်သိခြင်း ဆယ်ပုံရှိစေရမည်၊ အမြောက်အပင့်ကြိုက်သူ

mgyoe.com

mgyoe.com

အား မသိမသာမြှောက်ပင့်ရမည်၊ စိတ်ညစ်၍လာသူအား စိတ်ပျော်အောင် ကြိုးစားရာ၏။ မာန ကြီးသူ ခက်ထန်သူအား ပျော့၍ပေးပါလေ။

## ရိုးသားခြင်း

မမှန်သောပစ္စည်းကို မရောင်းရ၊ တစ်ပတ်ရိုက်ခြင်းသည် တစ်ခါသာ အောင်မြင်၏။ စစ်မှန် ထိုက်တန်သော ကုန်ပစ္စည်း၏ အဖိုးတန်မှန်ကန်ခြင်းကို စိတ်အားထက်သန်စွာ ပြောပြရမည်။ မိမိ ၏ ကုန်ပစ္စည်း တကယ်အမျိုးကောင်း အမျိုးမှန်ဖြစ်ခြင်းကို မိမိကိုယ်တိုင် လေးစားဂရုပြုခြင်း၊ တကယ်အလေးအမြတ်ပြုခြင်းဖြင့် ထင်ပေါ်စေနိုင်သည်။

အမှန်ကို အဟုတ်တကယ် စိတ်အားထက်သန်စွာ ပြောသည့်အခါ မှန်ကန်ခြင်းသည် ပြော သူ၏မျက်လုံး မျက်နှာ၌ ထင်ပေါ်၍လာ၏။ မရိုးမသားသောနည်းဖြင့် ရရှိသောပစ္စည်းသည် အပူ ကို မခံနိုင်သော ဆီးနှင်းပမာ အရည်ပျော်၍ ပျောက်ပျက်၏။ ဤကား မလွဲနိုင်သော လောက ဓမ္မတာကြီး ဖြစ်၏။ အကြောင်းမူကား မရိုးသားသူကို မည်သူမဆို ပျက်စီးစေချင်၏။ သို့ပျက်စီးစေ လိုသော အများ၏စိတ်တန်ခိုးကို တစ်ယောက်တည်းသော မရိုးသားသူသည် မြင့်ရှည်စွာ ခုခံခြင်း မပြုနိုင်ချေ။

ယခုအခါ ကမ္ဘာကို အစိုးရ၍နေသော ငွေရှင်သူဌေးများ ပျက်စီးစပြုကြသည်မှာ မကျေချမ်း သော၊ ကုဋေကုဋာများလုစွာသော လူဆင်းရဲအပေါင်းတို့၏ စိတ်တန်ခိုးအစွမ်းကြောင့်ဖြစ်လေရာ ပြိုစပြုလျှင် ဆက်လက်၍ ပြိုကြတော့မည်ကား အမှန်မလွဲဖြစ်လေရာ ယခုအခါသည် ငွေရှင်များ ပျက်စီး၍ ဆင်းရဲသူတွေ တန်ခိုးကြီးရတော့မည့်ခေတ်ကြီး၏ အစဖြစ်ကြောင်းကို လေဘာအလုပ် သမားများ အရပ်ရပ်မှာ အသံကျယ်စွာ လွှမ်းမိုးလာခြင်းဖြင့် သိသာလေသည်။

## ကာလပညာတတ်ခြင်း

ကြီးပွားရေးဟူသမျှ၌ ခေတ်ကာလပညာကို လိုလေရာ အထက်တန်းစား လူလိမ္မာသူတတ် လူပညာရှိတို့နှင့် ပြောဆိုရောင်းချရသော အရောင်းအလုပ်တွင် ဗဟုသုတပညာကို သာ၍လိုလေ သည်။

မဟာဝင် ရာဇဝင် ဇာတ်တော်ကြီးများ၊ ခေတ်ကာလကျောင်းများ၌ သင်ကြားရသော ပထဝီ ဝင် စသည်တို့နှင့် အကျိုးရှိမည့် စာအုပ်ပေါင်းများစွာ ပေစာပေါင်း ရှစ်သောင်းလေးထောင်ပါ မကျန်အောင် အားလပ်သည့်အခါ ဖတ်ရှုမှတ်သားအပ်ကြလေသည်။ သို့မှသာ စိတ်ကူး ယဉ် ကျေးလျက် ပြောရေးဆိုရေးမှာ အချိုးကျနိုင်လေသည်။

ယဉ်ကျေးခြင်းသည် ကုန်သည်များနှင့် အထူးသက်ဆိုင်လေရာ ကာလပညာကို မတတ်က တကယ်ယဉ်ကျေးခြင်းရှိဖို့ရန် ခက်လေသည်။ ကြီးပွားရေးစိတ်ပညာများကိုလည်း အထူးလေ့

mgyoe.com

mgyoe.com

ကျင့်အပ်၏။ အင်္ဂလိပ်ဘာသာမှ ပြန်ဆိုအပ်သော အီကိုနိုမိလောကစာတတ်ပညာရှင်များကို နားလည်ခြင်းသည် ဂုဏ်ကျက်သရေကို တိုးစေ၍ ရောင်းရာ၌ ဝယ်သူ၏စကားများကို ချေပနိုင်သော သတ္တိကိုလည်း ရရှိနိုင်လေသည်။

စာပေးစာယူမှာ အကြောင်းဆိုက်အောင် မှန်ကန်ပြေပြစ်စွာ ရေးတတ်ခြင်း၊ အနောက်တိုင်းသားများ၏ ကြော်ငြာနည်းအမျိုးမျိုး နမူနာများကို ဖတ်ခြင်းဖြင့် သိနားလည်အပ်ခြင်း၊ စိတ်တွက်မြန်ခြင်း၊ သတင်းစာ ဂျာနယ်တို့ဖြင့် ခေတ်ကာလ လက်ငင်း ကမ္ဘာ့အရပ်ရပ်၌ ဖြစ်ပွားနေသော အကြောင်းအရာများကိုသိခြင်း စသည်တို့ ဖြစ်သည်။ ရောင်းသူကို ဝယ်သူက လေးစားရသော အရည်အချင်းများဖြစ်လေရာ လေးစားနားလည်ခြင်းကို ဖြစ်စေနိုင်သည့်သတ္တိ ဟူသမျှသည် ရောင်းချခြင်း၌ များစွာပေါက်ရောက်စေနိုင်လေသည်။

ကြီးမှ ခြောက်လ တစ်နှစ် ပညာကို လိုချင်မျက်စိနှင့် ဆည်းပူးခြင်းသည် ငယ်စဉ်အခါက ငါးနှစ် ခြောက်နှစ် သင်ကြားရသည်ထက် ပို၍ပေါက်ရောက်စေနိုင်သဖြင့် ခွေးအိုကြီး လက်ပေးသင်သည်ဟူသောစကားကို မြန်မာစကားမှ ထုတ်ပယ်ပစ်ရန် လိုလေသည်။

သို့သော်လည်း အချို့သူများသည် မိမိတတ်သိလိမ္မာခြင်းကို ပြလိုစိတ်နှင့် အပြောသန်ကြ၏။ ထိုအကျင့်သည် အကျိုးယုတ်စေသော အကျင့်ဖြစ်လေရာ တတ်သိလိမ္မာခြင်းဆိုသည်မှာ အထူးပြဖို့မလို။ အပြောအဆို အတွေးအခေါ်မှာ အချိုးအစားကျပြီးဖြစ်သဖြင့် အလိုလိုပေါ်ပြီးဖြစ်လေသည်။

လူတစ်ယောက်သည် ဗဟုသုတ အတော်ကလေးများသဖြင့် ၎င်းနှင့် တွေ့စမှာ ပြောပုံဆိုပုံကြောင့် အတော်ပင် ကြည်ညိုလေးစားခြင်းကို ခံရ၏။ နောက် ထပ်ကာထပ်ကာ ဆက်လက်၍ တွေ့ရသောအခါ စကားများခြင်းကြောင့် ကြည်ညိုစိတ် ပျက်စီးသွားဖူးလေသည်။ ပြောလိုပြောခြင်းနှင့် အကြောင်းရှိ၍ပြောခြင်းမှာ သိသိသာသာခြားနားလေသည်။

ထို့အပြင် ပညာအသိအလိမ္မာကို စာအုပ်၌မှာသာရှိသည်ဟု မအောက်မေ့ရ။ တွေ့သမျှလူများမှာ မှတ်စရာ၊ တတ်စရာ၊ သိစရာ အသုံးဝင်သော ပညာတစ်မျိုးစီ ပါရှိလေရာ တွေ့သမျှလူကို ဆရာဟုအောက်မေ့ကာ ၎င်းထံမှ တစ်ခုခုကို ရအောင် သတိထားရလေသည်။ အကဲခတ်ခြင်းသည် ပညာရခြင်း၏ နည်းလမ်းကြီးဖြစ်လေသည်။

ရှေးစာများသည် အများအားဖြင့် အဖိုးတန်၏။ အဖိုးမတန်လျှင် ယခုကာလတိုင် ရောက်အောင် တည်နေနိုင်ဖို့ မရှိချေ။ သို့ဖြစ်လေရာ ရှေးပညာရှိများ၏ စာဟူသမျှကို ဖတ်တိုင်း မှတ်သားဖွယ်ရာ အဖြာဖြာတို့ကို ရရှိနိုင်လေသည်။

ယခုခေတ်ကာလ ကြီးပွားရေးပညာတို့မှာ အများအားဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် ရှိကြလေရာ အင်္ဂလိပ်စာကို မည်သူမဆို တတ်အပ်လေသည်။ စာကိုဖတ်၍ နားလည်ရုံမျှသော

mgyoe.com

အင်္ဂလိပ်စာကို အားလပ်သည့်အခါ သင်ခြင်းဖြင့် ဆရာမလိုဘဲ တတ်နိုင်သည့်နည်းလမ်းတွေ များစွာ ရှိကြလေသည်။

## မျက်လုံးကို သုံးနည်း

မျက်လုံးသည် စိတ်၏တံခါးကြီးဖြစ်၏။ စကားပြောရာ၌ ဖောက်သည်၏မျက်နှာကို ကြည့်၍ ပြောရမည်။ မျက်လုံးလွှင့်ပါးခြင်းသည် မတည်ကြည် မရိုးသားသောလက္ခဏာ ဖြစ်၏။

မျက်လုံး၌ သံလိုက်ဓာတ် ရှိ၏။ တစ်ဖက်သားပြောသည့်အခါ ၎င်း၏မျက်လုံးများကို မကြည့်ရ။ ၎င်း၏တစ်ကိုယ်လုံးကို မသိမသာ တစ်လှည့်စီ သေချာစွာ နားထောင်အကဲခတ်ရင်း ကြည့်လေ။

ဂရုစိုက်၍ နားထောင်ရမည်။ မျက်လုံး၌ စိတ်၏ဝေဒနာအားလုံး ထင်ပေါ်လေသည်။ ကြွင်းသော အင်္ဂါများမှာ အသံသာယာပြေပြစ်ခြင်း၊ စကား အမြန်အနှေး ရှင်းလင်းပီသခြင်း၊ ခင်မင်ချစ်ခင် မလွန်မယုတ်သော အရောတဝင်ပြုခြင်း၊ အဝတ်အစား သန့်ရှင်းသပ်ရပ်ခြင်း၊ အလှအဆန်း လွန်စွာမလိုဘဲ ခန့်ညားဖောင်ဝတ်ဆင်ခြင်း၊ မစုတ်ပြတ် မညစ်ပေခြင်း၊ မိမိရောင်းချလိုသောပစ္စည်းနှင့်ပတ်သက်၍ ပြောစရာအချက်များ ရှိသမျှကို တင်ကြိုပြင်ဆင်ထားခြင်း၊ ရောင်းနည်းပြောနည်း အသစ်အဆန်းထွင်ခြင်း၊ ရယ်ရွှင်ဖွယ်ပြောတတ်ခြင်း၊ မိမိရောင်းသော ကုန်ပစ္စည်း၏ ဂုဏ်အမျိုးမျိုးကို အကုန်သိခြင်း၊ နာလွယ်အောင် ပြောတတ်ခြင်း၊ အလွန်တရာဖော်ရွေ၍ အလွန်အရောဝင်လိုလျက် အလွန်ယဉ်ကျေးသော ဖောက်သည်များကို အရမ်းမယုံခြင်း၊ ၎င်းနှင့် အလုပ်ဆက်သွယ်ခြင်း ပြုသင့် မပြုသင့် စုံစမ်းခြင်း၊ အဝယ်လွယ်၍ အပေးနှေးတတ်သော လူမျိုးကို သိခြင်း၊ လူရိုးလူကောင်းလူဆန်းအား မျက်လုံးကိုကြည့်ခြင်းဖြင့် သိတတ်သောအလေ့ကို ဆည်းပူးခြင်း၊ ကျန်းမာရေးကို ဂရုစိုက်ခြင်း စသည်များ ဖြစ်လေသည်။

## ကုန်ပစ္စည်းများအကြောင်း

ရောင်းချသောကုန်ပစ္စည်း စစ်မှန်ကောင်းမွန်ခြင်း၊ အသွင်အပြင်အားဖြင့် သားနားခြင်း၊ အထုပ်အလုပ် အပတ်အရစ် အထူးကျက်သရေရှိခြင်း၊ ကြော်ငြာပုံနည်းလမ်းတို့၏ ခံ့ညားခြင်း စသည့် ပကာသန မျက်နှာပန်းပြယုဂ်များ၏ ထူးခြားဆန်းသစ် လတ်ဆတ်ခြင်းများမှာ ကုန်ပစ္စည်းကို တွန်း၍ထုတ်သော လက်နက်ကောင်းများဖြစ်သည်ကား အထူးပြောရန် မလိုချေ။ ကုန်ပစ္စည်းကို ဖြစ်အောင်လုပ်ခြင်း အရေးကြီးသလောက် ထိုအချက်များသည်လည်း အရေးကြီးလေသည်။

ကြော်ငြာနည်းအတတ်ကို မမေ့ရာ၊ အနောက်တိုင်း ကုန်သည်ကြီးများ၏ ကြော်ငြာပုံ နည်းစနစ်များကို ကြည့်ရှုမှတ်သား၊ လူစိတ်ကို စွဲစေမည့် အချက်များကို ဂရုထားရာ၏။ ထင်သလို မလုပ်အပ်ချေ။ မြန်မာသတင်းစာများ၌ ထင်သလိုလုပ်ထားသော မြန်မာကြော်ငြာများစွာကို တွေ့မြင်နိုင်လေသည်။

mgyoe.com

mgyoe.com

ရောင်းချသောကုန်ပစ္စည်းများ၏ အကြောင်းအရာ အချက်အလကလ်တို့ကို အရင်းအဖျားမှ စ၍ သိပြီးလျှင် အခြား အလားတူပစ္စည်းများနှင့် ခြားနားခြင်းများကိုသိလျက် တစ်ပါးပစ္စည်းကို မရှုတ်ချဘဲ မိမိပစ္စည်း၏ ထူးခြားခြင်းကို ထင်ပေါ်အောင် ပြောဟောညွှန်ပြတတ်ဖို့ အရေးကြီးလေသည်။

ထိုအကြောင်းအရာများကို သိဖို့ရန် ထိုကုန်ပစ္စည်းများနှင့်ဆိုင်သော စာများကို ဖတ်ရှုမှတ်သားထားရပေမည်။ ကုန်ပစ္စည်းလုပ်ကိုင်ရောင်းချသူတို့သည် မိမိ၏ပစ္စည်းများအကြောင်းကို ဖော်ပြသည့် စာအုပ်စာတမ်းများကို ထုတ်လေ့ရှိကြရာ ကိုယ်စားလှယ်အဖြစ်နှင့် ကော်မရှင်စားရောင်းချသူတို့သည် ထိုစာများကို ဂရုစိုက်၍ ဖတ်ကြရလေသည်။ အဆမတန် ပိုမိုကြွားဝါခြင်းကိုကား မပြုသင့်ချေ။ ကောင်းသောကုန်ပစ္စည်း၏ဂုဏ်ကို ဖော်ပြရာ၌ ရိုးသားမှန်ကန်လျက် စိတ်အားထက်သန်ခြင်းရှိချေက ထိုစိတ်အားသန်ခြင်းသည် ဝယ်သူ၏စိတ်သို့ ကူးစက်မြဲဖြစ်လေသည်။

ခေတ်ကာလ အသုံးအဆောင်များ၏ ပြောင်းလဲခြင်းကိုလည်း ဂရုစိုက်၍ မှတ်သားရမည်။ ကုန်ပစ္စည်းများအကြောင်းကို ရောင်းသူထက် ဝယ်သူက ပိုမို၍သိပြီးဖြစ်ခြင်းသည် ရောင်းသူအားများစွာအကျိုးယုတ်စေနိုင်လေသည်။

ယခုခေတ်ကာလ နေ့စဉ်ဖြစ်ပျက်သော အကြောင်းအရာများ၊ အရေးကြီးသော ကမ္ဘာ့သတင်းများကိုလည်း သိအောင် သတင်းစာများကို ဖတ်ရ၏။ စီးပွားရေးသတင်းများ၊ ကောက်ပဲအသီးအနှံ ပျက်စီးခြင်း၊ ဖြစ်ထွန်းခြင်းအကြောင်းများ၊ ကုန်သည်များ သိအပ်သော သတင်းများကို သိထားရမည်။

အခြားကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ခြင်း၌ အပြိုင်ဖြစ်သော ကုန်တိုက်များ၏ အမည်ကို ဖော်ပြ၍ မပြောဘဲ ၎င်းတို့ပစ္စည်းထက် မိမိ၏ပစ္စည်းက ပိုမိုထူးခြားကြောင်းကို သိအောင်ကြိုးစားရမည်။

ကုန်ပစ္စည်းနမူနာ အကောင်းဆုံး အသစ်ဆုံးများကို အသင့်ဆောင်ထားကြရမည်။ အချို့ကုန်တိုက်ကြီးများမှာ စက်ကိရိယာနှင့်ဆိုင်သော ပစ္စည်းများကို ရုပ်ရှင်ကားများနှင့်ပြ၍ ရောင်းကြလေရာ စက်ကိရိယာ၏အလုပ်ကို သာလွန်ထင်ရှား သိသာသဖြင့် ဝယ်သူ၏စိတ်၌ တပ်မက်သော စိတ်ကို ဖြစ်ပေါ်စေလေသည်။

ပစ္စည်းတန်ဖိုးမှာ အချိန်ကိုကုန်စေသော ဈေးဆစ်ခြင်းမရှိရအောင် တစ်ခွန်းတည်းသောဈေးကို ထားရမည်။ နောင် ဆစ်၍မရကြောင်း သိသောအခါ ရောင်းရာ၌ လွယ်ကူလျင်မြန်၍ အလုပ်ပိုတစ်ခု သက်သာလေသည်။ ဆစ်၍ တစ်မူး တစ်ပဲ ဈေးပိုရခြင်းကိုသာမြင်၍ အချိန်ကုန်ခြင်းကို မမြင်ခြင်းသည် အတွက်မရှိခြင်းတစ်မျိုး ဖြစ်လေသည်။

အခါများစွာ ပေါ်ပင်သတင်းစကားများကို ပြောရာမှ ရောင်းချသောအလုပ်သို့ရောက်အောင်

mgyoe.com

ဆွဲမရသဖြင့် ပေါ်ပင်သတင်းများကို သိဖို့လိုလေသည်။ ရောင်းခြင်း၌ ဖွဲကောင်းခြင်းသည် လွန်စွာ အရေးကြီး၏။ အခါများစွာ ကုန်ပစ္စည်းတစ်ခုကို တိုက်ဆိုင်ကြီးတစ်ခု၌ တင်၍ရောင်းရန် ပြောဆိုဖို့ သွားသည့်အခါ ဆိုင်၌ အရေးကြီးဆုံးသောသူ မည်သူဖြစ်သည်၊ နာမည် အဘယ်သို့ ခေါ်သည်၊ ၎င်း၏ စိတ်သဘော အဘယ်ပုံရှိသည်၊ ၎င်းမှာ ထိုနေ့ ထိုရက်၌ စိတ်လက် အားလပ်သည်၊ မအား လပ်သည်၊ ၎င်း၏စိတ်မှာ ရှုပ်ထွေး၍နေသလား စသည်များကို သိထားလျှင် သာလွန်၍ ပေါက် ရောက်လွယ်၏။ အခါများစွာ လက်အောက်ငယ်သားများနှင့်သာ တွေ့၍ အရေးကြီးသော ဥက္ကဋ္ဌ ထံ လွယ်ကူစွာ မရောက်နိုင်ဘဲ ရှိတတ်လေသည်။ သို့ဖြစ်လေရာ ပေါက်ရောက်အောင် ဉာဏ်ကို စေစားအသုံးပြုရခြင်း၌လည်းကောင်း၊ ပြောဆိုခြင်း၌လည်းကောင်း ဒီပလိုမေစီ ခေါ် အသိပညာ လိုလေသည်။

ကုန်ပစ္စည်းများကိုပြ၍ ပြောဆိုသည့်အခါ အလင်းရောင်ကောင်းသော နေရာ၊ ဖောက်သည် နှင့် နှစ်ယောက်တည်း အခြားလူပို အနှောင့်အယှက်မရှိဘဲ တွေ့ဖို့ အခါကောင်းကိုရအောင် သတိ ပြုရမည်။

လူပိုတစ်ယောက်ယောက် အပါးမှာရှိသည့်အခါ ပြောဆိုရောင်းချရာ၌ စိတ်ပျံ့လွင့်ခြင်း၊ အား ငယ်ခြင်း ဖြစ်တတ်လေသည်။ နံဘေးကလူက ငါ့ကို ဘယ်လိုများ သဘောရမလဲဟူသော အတွေးမျိုး ပေါ်ခြင်းသည် သတ္တိအားကို ဆုတ်ယုတ်စေလေသည်။

ဖောက်သည်နှင့်တွေ့ရာ၌ ပြုံးရွှင်သာယာသော မျက်နှာ ထားရပြီးဖြစ်ရမည်။ လွန်စွာအရော ဝင်သည့် အမူအရာမျိုးကား မပေါ်စေရ။ ရောင်းသူမှာ အဖိုးတန် အမျိုးမှန် တွင်ကျယ်သောပစ္စည်း ကို ရောင်းချသူဖြစ်သဖြင့် အလုပ်အကိုင် ဖြစ်ထွန်းအောင်မြင်နေသော သူ၏အသွင်အပြင်ကို တစ် ကိုယ်လုံး၌ ထင်ပေါ်စေရမည်။ စုတ်နုတ်သိမ်ဖျင်း နိမ့်ကျသောအသွင် မရှိအပ်ပေ။

အောင်မြင်နေသူ၏ အသွင်ကို ကိုယ်ရော စိတ်ရော ဆောင်သောသူအတွက် အောင်မြင် ခြင်းသည် အသင့်ရှိလေသည်။ အဟုတ်တကယ်ကောင်းသော ကုန်ပစ္စည်းကို ရောင်းချရာ၌ မိမိ၏ အစွမ်းသတ္တိကို ယုံကြည်စိတ်၊ အထမြောက် အောင်မြင်ရမည်ဟူသော ကိုးစားစိတ်သည် တိုး တက်လွယ်လေသည်။

ထိုစိတ်သည် အရေးကြီးဆုံးဖြစ်၏။ ကုန်ပစ္စည်းမကောင်း၍ ရောင်းရခြင်း၌ အားမရှိလျှင် အခြားပစ္စည်းကို ရောင်းရမည်။ မိမိကုန်ပစ္စည်းကိုယူ၍ရောင်းသောတိုက် မမှန်မကန်လျှင် အခြား မှန်ကန်သောတိုက်နှင့် ဆက်သွယ်၍ ကိုယ်စားလှယ်လုပ်ရမည်။ အဘယ်အခါမှ ကိုယ့်စိတ်ကို ပျော့၍မနေရ။ နီးကြားလတ်ဆတ်ခြင်း အမြဲရှိရမည်။

ဆိုင်များတွင် အမြင်သားနားခြင်းသည် အရေးကြီး၏။ အတွင်းမှာထက် အပြင်ကို သားနား

mgyoe.com

mgyoe.com

စေရမည်။ ရောင်းသူ၏အသွင်မှာလည်း အောက်တန်းစားမဟုတ်၊ အထက်တန်းစားဖြစ်သည် ဟူသော အယူမျိုး ဖောက်သည်၏စိတ်၌ ပေါ်ပေါက်အောင် သတိပြုရမည်။

လူသည် ပထမမြင်ရသောအသွင်ကို အများအားဖြင့် စွဲမှတ်ကာ အထင်ကြီးခြင်း၊ အထင်သေးခြင်း ရှိတတ်လေသည်။ ဖောက်သည်၏စိတ်၌ အားနာသောစိတ်မျိုး ပေါ်ပေါက်လောက်အောင် ဂရုစိုက်ရာ၏။

အထူးသားနားသန့်ရှင်းစွာ အဖိုးတန်အဝတ်အစားကိုဝတ်သော ရောင်းသူသည် ဝယ်သူကျေးတောသား၏ ကြီးမားထူထဲသော ခြေကြမ်းကြီး၌ ပြောင်လက်သောဖိနပ်ကို မိမိကိုယ်တိုင် တပ်ဆင်၍ မဝင်လျှင် ဝင်အောင်လုပ်ပေးပြီး ဖိနပ်ကြိုးကိုချည်ပေးလိုက်လျှင် ထိုဖောက်သည်မှာ အဟုဝယ်နိုင်လောက်သောငွေ အိတ်ထဲမှာ ပါချေက မဝယ်ဘဲ နေနိုင်မည်မဟုတ်ပေ။

နှုတ်ဖြင့် ဖွင့်မပြောဘဲလျက် မျက်နှာထားအမူအရာဖြင့် အင်မတန်ကြည့်၍ကောင်းပုံကို ပြလိုက်ချေက အဘယ်ပြောဖွယ်ရာ ရှိတော့အံ့နည်း။ အချို့မှာ မသိမသာ နှုတ်ဖြင့်မြှောက်ပင့်၍ ပေးနိုင်လေသည်။

အချို့ဖောက်သည် သည် မခံချင်အောင် ပြောတတ်၏။ စိတ်မဆိုးဘဲ အေးအေးဆေးဆေး ယဉ်ကျေးစွာ သည်းညည်းခံ၍ ပြောပါလေ။ ၎င်း၏အိတ်ထဲကငွေကို ရအောင်ယူခြင်းဖြင့် ၎င်းကို နိုင်အောင်ပြုရမည်။ အချို့က ဒီပစ္စည်းမျိုး ကျုပ်တို့ဆိုင်မှာ ထားဖို့မလိုဘူးဟု ပြောတတ်၏။ ထိုအခါ လိုကြောင်းကို ပေါ်ပေါက်အောင် ပြောရမည်။

လူဟူသမျှ ဝါသနာတစ်ခုခုရှိ၏။ ထိုဝါသနာနှင့်ဆိုင်ရာ စကားများကို ပြောတတ်ဖို့ရန် ဗဟုသုတ အမျိုးမျိုးရှိရမည်။ မြင်းပွဲ၊ ကလပ် စသည်တို့၏အကြောင်းကို နားလည်ရမည်။ ထိုကဲ့သို့ ဆိုင်ရာ ဝါသနာအလိုက် လိုက်လျောတတ်ခြင်းသည် စိတ်၏ ရင်းနှီးပုံချင်းကို ဖြစ်စေလေသည်။ ထိုအကြောင်းအရာများ၌ မိမိက ပိုမိုကျွမ်းကျင်လျှင် သာ၍ပိုင်နိုင်လေသည်။

သို့သော်လည်း တာရှည်စွာအချိန်မဖြုန်းဘဲ အလုပ်သို့ရောက်အောင် စကားအပြောင်းအလဲ အကူးအဆက်ကို သိရမည်။ အသံသည်လည်း လူ၏စိတ်ကိုဖွဲ့ခြင်းမှာ များစွာကူညီ၏။ သာယာပြေပြစ်၍ နားထောင်ကောင်းအောင် ပြောတတ်ခြင်း၊ အသံကို မနိမ့်လွန်း မမြင့်လွန်းစေခြင်း၊ ဖောက်သည်၏မျက်နှာကို တည့်တည့်ကြည့်ကာ ပိုင်နိုင်လွှမ်းမိုး အစိုးရသောစိတ်နှင့် ပြောရမည်။ ဖောက်သည်က ပြောသည့်အခါ ၎င်း၏မျက်လုံးများကို မကြည့်ဘဲ ၎င်း၏ ပါး၊ နား၊ ဦးခေါင်း၊ ကိုယ် လက်တို့ကို မသိမသာကူးပြောင်း၍ကြည့်ကာ ဂရုစိုက်၍ နားထောင်ရမည်။

သို့ပြောရာ၌ ငါပြောသောစကားကို သင်းအရေးစိုက်ရမည်ဟူသောစိတ်ကို ပိုင်နိုင်စွာ ထားရမည်။ အကြောင်းဆိုက်အောင် နေရာတကျ ပြောရမည်။ စကားရှေ့နောက်ညီစေ၍ အချိုးအစားကျစေရမည်။ ဆင်ခြေဆင်လက် နိုင်လုံရမည်။ တစ်ဖက်သား၏စိတ်ကို တိုက်ရိုက်မဆွဲ တိုက်ရိုက်

mgyoe.com

 mgyoe.com 

မတွန်း အကျိုးအကြောင်းဖြင့် ၎င်း၏သဘောအတိုင်း မိမိဘက်ကို ပါအောင် ဆောင်ရမည်။ တိုက်ရိုက်ကြီး နည်းပေးလမ်းပြမပြုအပ်။ ၎င်း၏အတွက် ကောင်းမည့်နည်းလမ်းများကိုသာ ဖော်ပြရမည်။

တိုက်ရိုက်ပြောခြင်းသည် ခုခံသောစိတ်ကို ဖြစ်စေတတ်သည်။ ဘယ်အရာကိုလုပ်ပါဟု ပြောမည့်အစား လုပ်လျှင် အဘယ်အကျိုးမျိုး ဖြစ်မည်ကို ပြောရမည်။

ဖောက်သည်မှာ စိတ်မရှင်းမလင်းကိစ္စတွေ များ၍နေသည့်အခါ အလုပ်၌ အာရုံမစိုက်တတ်သဖြင့် ၎င်း၏စိတ်၌ အခြားကိစ္စတွေ အားကြီးနေသည့်လက္ခဏာ ပေါ်ပေါက်ချေက အခြား သင့်လျော်မည့်အချိန်၌ တွေ့ဖို့ရန် ကောင်းစွာမှာကြားချိန်းဆိုထားရမည်။ ကုန်ပစ္စည်းအကျိုးအကြောင်းကို ပြောရာ၌ အရေးကြီးသောအချက်များကို စည်းလုံးစွာ ပြောဆိုပြီး အသေးအဖွဲတို့ကို နောက်မှ အနုစိပ်ရာ၏။

စ၍ မေးမြန်းရာ၌ 'ဒီပစ္စည်းမျိုး ခင်ဗျားတို့ဆိုင်မှာ မလိုသေးဘူး ထင်ပါရဲ့' ဟူသော အငြင်းစကားမျိုးနှင့် 'ဟုတ်ကဲ့၊ မလိုသေးဘူး' ဟူသောအဖြေမျိုးကိုသာ ရဖို့ရှိ၏။

ပညတ်မှာ ဓာတ်ပါ၏။ စကားမှာ တရားပါ၏။ 'မလိုသေးဘူး ထင်ပါရဲ့' ဟူသောစကားမှာ အဖြစ်မဆောင်၊ အဖျက်ကိုဆောင်သော ရေလာမြောင်းပေးစကားမျိုး ဖြစ်လေရာ ထိုစကားမျိုးကို ရှောင်ရလေသည်။

'ဒီပစ္စည်းမျိုးကို မေးသူများရဲ့လား၊ ဒီပစ္စည်းမျိုး ခင်ဗျားတို့ဆိုင်မှာထားလျှင် ကောင်းမယ် ထင်တယ်' ဟူသော စကားမျိုးသည် ဖောက်သည်၏စိတ်ကို ဆွဲတတ်လေသည်။ ထို့ထက် 'ဒီပစ္စည်းတော့ ခင်ဗျားတို့ဆိုင်မှာထားလျှင် မြန်မြန်ထွက်မယ်ထင်တယ်' ဟူသော စကားသည် ဝယ်လိုသူ၏စိတ်ကို ပစ္စည်း၌ အာရုံစိုက်စေလေသည်။

အလွန်ရဲတင်းလျက် ပြာပြာလောင်လောင် လှုပ်လှုပ်ရှားရှား ဝင်ထွက်သွားလာပြောဆိုခြင်းမှာ ဖောက်သည်၏စိတ်ကို မနှစ်လိုခြင်း ဖြစ်စေတတ်လေသည်။ ရောင်းမည့်ပစ္စည်းနှင့် ပတ်သက်၍ အရေးရှိက ဖြေဖို့အချက်၊ အပြစ်ဆိုက ခုခံဖို့အချက်များကို အသင့်ထားရှိရမည်။ မိမိ၏ပစ္စည်း၌ အဘယ်အချက်တွေကို ဖော်ဖို့ကောင်းသည်ကို သေချာ ရှာကြံရမည်။

လူနှစ်ယောက် တွေ့ဆုံပြောဆိုရာ၌ တစ်ယောက်က တစ်ယောက်ထက် စိတ်၏တန်ခိုးလွှမ်းမိုးတတ်၏။ လွှမ်းသူသည် မိမိလွှမ်းမိုးကြောင်းကို သိ၏။ နိမ့်သူကလည်း နိမ့်ကြောင်းကို သိလေရာ ငါအနိမ့်မခံ ငါသင်းအပေါ်က နေမည်ဟူသောစိတ်ကို ခိုင်မြဲစွာထားရမည်။ အကြောက်အရွံ့ဟူသမျှ မရှိစေရ။ ပေါ်လာတိုင်း ဖျောက်ဖျက်၍ပစ်ရမည်။ မိမိတို့စိတ်၌ စိတ်အားထက်သန်စွာ စူးစိုက်၍နေသည့်အခါ ကြောက်စိတ်ဝင်ရန် လမ်းမရှိချေ။ အကြောက်ကိုတွေးလျှင် အကြောက်တိုး၏။ အလုပ်ကိုသာ တွေးလေ။

mgyoe.com

mgyoe.com

ညအခါ တစ်ယောက်တည်း အိမ်နောက်ဖေး ဆိတ်ငြိမ်သောအိမ်သာသို့ သွားရာ ကြောက်တတ်သူသည် ကြောက်စရာတွေကို တွေးတိုင်း ကြောက်၏။ အခြားအကြောင်းတစ်ခုကို တွေး၍ဖြစ်စေ၊ စာကိုဖတ်၍ဖြစ်စေ ထိုင်နေချေက အကြောက်ကို သတိမရတတ်ချေ။ သို့ဖြစ်၍ မိမိ၏ လွှမ်းမိုးသော သတ္တိတန်ခိုးကို ပိုင်နိုင်စွာ သိအပ်ခြင်းသည် အားတစ်ခုဖြစ်သည်ဟု မှတ်ရမည်။ စကားပြောရာ၌ လူ၏စိတ်သဘောကိုသိလျက် သူ့အလိုကို အတော်အတန်လိုက်တတ်ရမည်။ မိမိကိုယ်ကို အထင်ကြီးသူအား မသိမသာ မြှောက်ရာ၏။

အကြံပေးခြင်းထက် အကြံတောင်းခြင်းသည် အခါများစွာ ပို၍ခရီးရောက်လွယ်၏။ အကြံတောင်းခြင်းဖြင့် အကြံပေးခြင်းအဖြစ်သို့ရောက်အောင် ဆောင်နိုင်လေသည်။ အကြံတောင်းခြင်းသည် မြှောက်ပင့်ခြင်းတစ်မျိုး ဖြစ်လေသည်။

ရှေးဦးပထမ ဖောက်သည် သည် ရောင်းသူကို လေးစားဂရုပြု၏။ ထိုကဲ့သို့သော လေးစားဂရုပြုအောင် လုပ်နိုင်က ရောင်းသောပစ္စည်းကို လေးစားဂရုမပြုဘဲ နေနိုင်တော့မည် မဟုတ်ချေ။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဟူသောအတိုင်း ဖြစ်လေသည်။

ဥပမာ ကုန်ပစ္စည်းအသစ်အဆန်း တစ်ခုခုကို လုပ်ကိုင်၍ လက်လီဆိုင်ကြီးတစ်ဆိုင်သို့ ရောင်းရန် သွား၍စပ်ရာ၌ ဆိုင်ရှင်သူဌေးက ထိုပစ္စည်းကို ဂရုစိုက်၍ကြည့်ပြီး အဘယ်လို လုပ်ပါလား၊ အဘယ်ပုံ ထုပ်ပတ်ပါလား၊ မင့်ဘူးက နည်းနည်းရှိုးနေတယ်၊ ဘယ်တိုက်မှာ ဘူးအဆန်းကလေးတွေ ရှိတယ်။ ဟောဒီမှာ ဘူးပုံစံကက်တလောက်တစ်ခု၊ အဲဒီမှာကြည့်ပြီး မှာပါလားဟူသော အကြံပေးခြင်းမျိုးကလေးဖြင့် စ၍ကူညီလျှင် နောင်ကိုလည်း တွင်ကျယ်အောင် ကူညီလိုသောစိတ်ကို ထားရှိပြီဟု ကိုးစားရမည်။ ထိုအခါ ရိုးဖြောင့်မှန်ကန်စွာ သူ့အကျိုး ကိုယ့်အကျိုးကို ကြည့်၍ ဆက်ဆံရာ၏။ အကြံကောင်းကို တောင်းရာ၏။ တွင်ကျယ်ဖို့လမ်း မြင်သလောက်ကိုလည်း တိုး၍ကူညီချင်အောင် ပြောရလေသည်။

အကျိုးဆောင်လိုသောစိတ်ကို ရိုးမှန်စွာ ထားရမည်။ မိမိတစ်ဦးတည်းအကျိုးကိုသာ မကြည့်အပ်ချေ။ ကုန်ပစ္စည်းတစ်ခုခုကို လုပ်ကိုင်ကြော်ငြာ ရောင်းချရာ၌ တစ်ဆင့်ဖောက်သည်ယူ၍ ရောင်းချသူများမှာ အဟုတ်တကယ် အကျိုးများပါစေဟူသော စိတ်မျိုးကို ထားရှေက ပိုမိုကြီးပွားရမည် ဧကန်ဖြစ်လေသည်။

မည်သည့်အလုပ်မှာမဆို လူအချင်းချင်း ခင်မင်ခြင်းကိုဖြစ်စေသည့် နည်းလမ်းကလေးများကို အသုံးပြုဖို့ လိုလေသည်။ ထိုနည်းလမ်းကလေးများကို မမေ့သူသည် အလုပ်ကြီးပွားနိုင်လေသည်။

လူမှန်သမျှ၏ စိတ်နှလုံးမှာ ဝင်ပေါက်တစ်မျိုးစီရှိသည်ကို စဉ်းစားကာ ထိုဝင်ပေါက်ကို တွေ့အောင် ရှာရမည်။ အဘယ်မျှပင် ခက်ထန်သောသူ ဖြစ်စေကာမူ ဝင်ပေါက်တစ်ခု ရှိပြီမှတ်ရမည်။

mgyoe.com

mgyoe.com

## စိတ်ဝင်စားခြင်း

သတိထားခြင်းသည် အပေါ်ယံစိတ် ဖြစ်၏။ အခြား သတိထားစရာ အကြောင်းတစ်စုံတစ်ခု ဖြစ်ပေါ်၍လာသောအခါ ဤအရာကို ဂရုစိုက်သတိထား၍နေရာမှ အခြား ထိုအရာသို့ စိတ်ရောက်တတ်၏။

စိတ်ဝင်စားခြင်းမှာ ထိုကဲ့သို့မဟုတ်၊ အပြောကောင်းသော အရောင်းသမား၊ တစ်ဖက်သားဘက်က ဝင်စရာစကားများကို တင်ကြိုသိမြင် ကာကွယ်ပိတ်ဆို့လျက် ဝင်ပေါက်မရှိအောင် ပြောနိုင်သော အရောင်းသမား၊ နားထောင်၍ကောင်းအောင် သာယာချောင်ချောင်ချွတ်စွာ ပြောနိုင်သော အရောင်းသမား၊ တစ်ဖက်သား အားနာလေးစားလောက်အောင် ပြောနိုင်သော အရောင်းသမားသည် ကုန်ပစ္စည်းအပေါ်သို့ ဝယ်လိုသူက စိတ်ဝင်စားလာအောင် လုပ်နိုင်လေသည်။

ဤအချက်၌ စကားသွက်ခြင်းသည် အထူးအရေးကြီး၏။ ထစ်ထစ်ငေါ့ငေါ့ ဆိုင်းကာငံ့ကာ ပြောလျှင် မိမိကုန်ပစ္စည်း ကောင်းကြောင်းကို မိမိကိုယ်တိုင် မပိုင်နိုင် မယုံကြည်ရာသို့ ရောက်၏။

ရှေးဦးပထမ မိမိရောင်းလိုသောပစ္စည်းကို အာရုံစိုက်အောင် လုပ်ခြင်း၊ ထိုနောက် စိတ်ဝင်စားအောင် လုပ်ခြင်း ဤနှစ်ချက် အထူးအရေးကြီးလေသည်။ ထိုအချက်နှစ်ချက်သို့ ရောက်အောင် မပြောနိုင် မဆွဲနိုင်သမျှ ကုန်တွင်အောင်ရောင်းဖို့ ခက်လေသည်။

သို့ပြောရာ၌ ကုန်ပစ္စည်းထွက်ပေါ်ရာဌာနဖြစ်အောင် လုပ်ကိုင်ရပုံ၊ အဘယ်ပုံ အသုံးကျပုံ၊ အဘယ်မျှ အရေးကြီးပုံ၊ အဘယ်မျှ အကျိုးများပုံ၊ အဘယ်အတွက် တစ်ဆင့်ရောင်းချဖို့ ကောင်းကြောင်း၊ တွင်ကျယ်မည့်လမ်းတွေ အဘယ်မျှ များပြားကြောင်းများကို ဖော်ပြရာ၏။ ဝယ်သူ၏ ထင်မြင်ချက်ကိုလည်း တောင်းရာ၏။ ၎င်း၏ထင်မြင်ချက်စကားများကို မရရှိသေးသမျှ မိမိကသာ တွင်တွင်ပြောရမည်။

ဖောက်သည်များသည် လာ၍ပြသမျှသော ကုန်ပစ္စည်းများကို ဝယ်လေ့မရှိ။ အပြစ်တစ်စုံတစ်ရာကို ရှာဖွေကာ ငြင်းပယ်တတ်လေရာ ၎င်း၏အပြစ်ရှာခြင်းများကို နိုင်အောင် ချေနိုင်ဖို့ အရေးကြီးလေသည်။

ထိုကဲ့သို့ အပြစ်ရှာဖွေ၍ပြောဆိုငြင်းပယ်သည့်အခါ စိတ်မပျက်ရ။ သာ၍ အားတက်ဖို့ ဖြစ်လေသည်။ အကြောင်းမူကား အပြစ်ကို ပျောက်အောင် ချေပနိုင်လျှင် မဝယ်ဘဲနေဖို့ရန် အခြား အကြောင်းတစ်စုံတစ်ရာ ပြနိုင်ဖို့ခက်လေသည်။ အကယ်၍ အပြစ်ဆိုစရာ အချက်တို့ကို ရောင်းသူက သိထားပြီးဖြစ်၍ တင်ကြို၍ ဖြေရှင်းထားပြီးဖြစ်ချေက သာ၍လွယ်၏။

အချို့သော ဖောက်သည်များသည် မဆိုင်သောအကြောင်းအရာများကို လျှောက်၍ ပြောတတ်၏။ နောက်ဆုံး၌ ဆိုင်သောအကြောင်းကို ရောင်းလိုသူက ပြောသောအခါ ၎င်းမှာအခြား

mgyoe.com

mgyoe.com

ကိစ္စတွေ များအားကြီးသဖြင့် ရုတ်တရက်ချက်ချင်း စဉ်းစားဖို့ အချိန်မရကြောင်းနှင့် ဖြေကြားတတ်လေသည်။ ထိုဖောက်သည်မျိုးသည် စိတ်ပျက်စရာအကောင်းဆုံး ဖြစ်လေသည်။

အချုပ်မှာ အရောင်းသမားသည် အပြောကို ဆောင်ရမည်။ တစ်ဖက်သားပြောသည်ကို နားထောင်၍သာ မနေရ၊ မိမိ၏ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပြောစရာ ဖြေရှင်းစရာ အချက်ဟူသမျှကို အမြဲရှာကြံကာ မိမိကိုယ်ကို လက်နက်ကိုင်စစ်သားကဲ့သို့ စကားလက်နက်တို့ဖြင့် တင်ကြို ပြင်ဆင်ပြီး ဖြစ်စေရမည်။

စကားပြောရာ၌ လောမကြီးရ၊ အေးအေးငြိမ်ငြိမ် တည်တည်နှင့် ဖောက်သည်၏စိတ်ကို လွှမ်းမိုးနိုင်ဖို့ လိုလေသည်။ သူ့စိတ်ကို လွှမ်းမိုးခြင်း၌ စိတ်သည် အဟုတ်တကယ် အသုံးကျသော ကုန်ပစ္စည်းကို ရောင်းချသူဖြစ်သည်။ ထိုအသုံးကျသော ကုန်ပစ္စည်းကို ရောင်းချခြင်းဖြင့် ငါသည် လူသတ္တဝါတို့၏ အကျိုးကို တ စ်ဖက်တစ်လမ်းဆောင်သူဖြစ်၏ ဟူသော စိတ်၏အသိသည် ကြီးစွာသော အထောက်အပံ့ကို ပေးနိုင်လေသည်။

လူကြိုက်သောပစ္စည်းသည် ကုန်သွယ်ခြင်းသဘောအရ ပစ္စည်းကောင်းဖြစ်သည်ဟု ဆိုရမည်။ ခေတ္တကြိုက်သောပစ္စည်း မဟုတ်စေရ။ အရှည်ကြိုက်သောပစ္စည်း ဖြစ်စေရာ၏။

အဟုတ်တကယ် လူသတ္တဝါတို့၏ အကျိုးစီးပွားကို ဖြစ်စေသောပစ္စည်းကို ရောင်းချခြင်း၌ ဖောက်သည်ကို နိုင်ဖို့ရန်လမ်းသည် ပိုမိုများပြား နိုင်လုံလေသည်။ ဥပမာ– သတင်း၊ မဂ္ဂဇင်း၊ ဂျာနယ်တိုက်များ၌ ပိုလျှံ၍နေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ် အဟောင်းတွေကို လျှော့ဈေးနှင့် ယူ၍ စာတိုက်နှင့် ဝေးသဖြင့် သတင်းစာ အဖတ်အရှု၊ ဝတ္ထု အဖတ်အရှုနည်းသော ရပ်ရွာများကို လှည့်လည်ကာ ကိုယ်တိုင်သော်လည်းကောင်း၊ စာပေအဖတ်အရှု ကောင်းသူတို့ကိုသော်လည်းကောင်းအဖတ်ခိုင်း၍ဟောပြောရောင်းချချေက သတင်းစာတိုက်များအား ကူညီရာရောက်၍ မိမိမှာလည်း အကျိုးကြီးစွာဖြစ်စေလျက် တိုင်းပြည်၌ စာဖတ်ခြင်းအလေ့ကို တိုးတက်စေဖို့ ရှိသဖြင့် လွန်စွာမွန်မြတ်သောအလုပ်ပြစ်လေရာ ထိုမွန်မြတ်သော အကျိုးထူးတရားကို ဟောပြောကာ ထိုသတင်းစာ ဂျာနယ်အဟောင်းတို့ကို ရောင်းချလျှင် ရိုးရိုးဈေးရောင်းသူ မဟုတ်၊ စာပေသာသနာကို ပြုသူတစ်မျိုး ဖြစ်သောကြောင့် များစွာအကျိုးဖြစ်နိုင်လေသည်။ ဤအလုပ်ကို စမ်း၍ကြည့်ကြရမည်။

အချုပ်မှာ ဖောက်သည် သည် ရောင်းသူ၏စကားများကို ဂရုစိုက်၍ နားထောင်အောင် ကြံစည် ပြောဆိုခြင်း၊ ရောင်းလိုသောပစ္စည်း၌ ဖောက်သည်စိတ်ဝင်စားအောင် လုပ်ခြင်း၊ စိတ်ဝင်စားသောအခါ ကုန်ပစ္စည်း၏အချက်ကောင်း အလက်ကောင်းတို့ကို အဟုတ်တကယ် ထက်သန်သော စိတ်နှင့် ဖော်ပြအပ်ခြင်းများ ဖြစ်ကြလေသည်။ သို့ဖြစ်လေရာ ကုန်ပစ္စည်းနမူနာအကောင်းများကို အသင့်ရှိအောင် ထားတတ်ခြင်းသည် ပထမအရေး ဖြစ်လေသည်။

mgyoe.com

တွင်အောင်ရောင်းချခြင်း၌ ကိုယ်ပိုင် ဉာဏ်သစ်ဉာဏ်ဆန်းများကို ထွင်နိုင်ရမည်။ အခြားသူများ၏ နည်းလမ်းများကို အတုခိုးခြင်းသည် အခါများစွာ ဖောက်သည်ကိုယ်တိုင် သိရှိဖူးသောနည်းဖြစ်နေတတ်လေသည်။

ကုန်ပစ္စည်းများ၏အကြောင်းကို ခြေခြေမြစ်မြစ် မသိလျှင်လည်း တစ်ဖက်သား စိတ်ပါအောင် ပြောဖို့ရန် ခက်သည့်ပြင် ရောင်းသူ၏ ကုန်အကြောင်းကို ဝယ်သူက ပို၍သိနှင့်သည့်အခါ ရောင်းသူ၏ စကားများသည် အရာမရောက်ဘဲ နေတတ်သဖြင့် မိမိရောင်းသော ပစ္စည်းအကြောင်းနှင့် ဆိုင်သည့် စာအမျိုးမျိုးကို ဖတ်ရလေသည်။ လုပ်ကိုင်ရောင်းချသူတို့မှာ ထိုပစ္စည်းများ၏အကြောင်းကို ဖော်ပြသော လစ်ထရေးချား ခေါ် စာတိုစာရှည်များ ရှိမြဲဖြစ်လေသည်။

ရှေးဦးပထမ အကြမ်းဖျင်းကို ပြောပြခြင်း၊ ထိုနောက် ဖောက်သည် စိတ်ဝင်စားလာသောအခါ အသေးစိတ်၍ ပြောခြင်း၊ ဥပမာ– လယ်ထွန်စက်ကို ပြပြီး အဘယ်စက်မျိုးဟု မပြောဘဲ အဘယ်ပုံကိုင်၍ အဘယ်ပုံမောင်းရာ အဘယ်အချက်က အဘယ်ပုံ အကျိုးရှိ၍ ဝက်အူက ဘယ်နချောင်းမှာ အဘယ်ပုံ ဆီထည့်ရန် လွယ်ကူသည်ဟူသော အသေးစိတ်များကို ပြောပြချေက နားထောင်သူသည် ထိုကဲ့သို့သော ရောင်းသူကို ကုဋ္ဌိုင်းစိတ်ရောဂါရှိက ထွက်ပြေး၍လာသလားဟု တွေးမိတတ်လေသည်။

## စိတ်ကို နှိုးခြင်း

အချို့သော ဖောက်သည်များသည် စကားများစွာမပြောဘဲ ခေါင်းညိတ်ကာ နေတတ်၏။ ၎င်းသည် အဟုတ်တကယ် ဂရုစိုက်နားထောင်သည်ဟု အမှန်မပြောနိုင်ချေ။ ထိုအခါ စိတ်ကို နှိုးရ၏။

ဖောင်တိန်ပင် ရောင်းသူတစ်ယောက်သည် ထိုကဲ့သို့ ဦးခေါင်းညိတ်သော ပုတ်သင်ညိုဖောက်သည်နှင့်တွေ့ရာ ဖောင်တိန်၏ခိုင်မာကြောင်းကို ပြသလိုသဖြင့် စကားပြောရင်း ဖောင်တိန်တစ်ချောင်းကို သမံတလင်းပေါ်သို့ မတော်တဆလိုနှင့် လက်ကလွှတ်ချပြီးမှ ကုန်း၍ကောက်ကာ ခိုင်ကြောင်းကို ဆက်၍ပြောလေသည်။

ထိုကဲ့သို့ အံ့အားသင့်သောနည်းမျိုးသည် စိတ်ကို နှိုးခြင်းဖြစ်လေသည်။ စိတ်တွက် လျင်မြန်ခြင်းသည်လည်း အရောင်းသမားအလုပ်၌ ကြီးစွာသောအကူအညီဖြစ်ကြောင်း အထူးပြောဖို့ မလိုချေ။

## ဆန္ဒကို နှိုးခြင်း

ဖောက်သည် သည် ရောင်းသူပြောသောစကား၌ စိတ်ဝင်စား၍လာသောအခါ ဝယ်ချင်သော ဆန္ဒ ပေါ်အောင် တစ်နည်းနည်းကြံရ၏။ ဝယ်လိုသောစိတ် ပေါ်လာခြင်း၏ အမှတ်သည်

mgyoe.com

အဖိုးကိုမေးခြင်း၊ တင်ပို့သော စရိတ်စက အဘယ်မျှကျမည်၊ အဘယ်မျှလောက် ကြန့်ကြာမည် စသည့်အမေးမျိုးကို မေးခြင်းများ ဖြစ်လေသည်။

ဆန္ဒကို နှိုးခြင်းမှာ ဂုဏ်လိုလားသောဆန္ဒ၊ တစ်စုံတစ်ရာကို သိလိုသောဆန္ဒ စသည်ဖြင့် အမျိုးမျိုးရှိရာ ရောင်းချမည့် ဝတ္ထုပစ္စည်းသည် အဘယ်သို့သော ဆန္ဒကို ပြည့်ဝစေမည်ဟု သိအောင် ရှာကြံရလေသည်။

ဆန္ဒနှိုးခြင်းသည် ကြော်ငြာ၌ အထူးအရေးကြီး၏။ ကြော်ငြာများ၌ အများပြည်သူများ ဘယ်အရာကို လိုလားနေကြသည်ဟူသောအကြောင်းကို စုံစမ်းကာ ထိုဆန္ဒကို တိုးမိအောင် ကြော်ငြာကို ဆင်ရလေသည်။

ဥပမာ– ခြောက်လုံးပြူးတစ်လက် တစ်ကျပ်ဟု ခေါင်းတပ်ပြီး ရန်သူကို ခြောက်လုံးပြူးနှင့် ကာကွယ်နိုင်သလို အဘယ်တစ်ကျပ်တန်ဆေးသည် အဘယ်ရောဂါမျိုးကို ကာကွယ်နိုင်ကြောင်းနှင့် ကြော်ငြာလိုက်လျှင် ခြောက်လုံးပြူးတစ်လက်ကို တစ်ကျပ်နှင့် ရနိုင်က လိုချင်သူများသဖြင့် ထိုဆန္ဒစိတ် ရှိသူများသည် ထိုကြော်ငြာကို မဖတ်ဘဲ နေလိမ့်မည်မဟုတ်ပေ။

ကုန်ပစ္စည်းကိုပြ၍ရောင်းရာ၌ လိုချင်ဖွယ်ရာအချက်အလက်တွေကို ကွင်းကွင်းကွက်ကွက် ထင်ရှားအောင် ပြောခြင်း ပြခြင်း၊ စားစရာဖြစ်လျှင် နမ်းကြည့်စေခြင်း၊ မြည်းကြည့်စေခြင်း၊ အထည်အဝတ်ဖြစ်လျှင် ကိုင်၍ကြည့်စေခြင်း၊ ကိုယ်၌ကပ်၍ပြခြင်းနည်းများကို အသုံးပြုရလေသည်။ ကြော်ငြာများ၌ လှပစွာဆင်ယင်၍ထားသော အသုံးအဆောင်ပစ္စည်းများသည် ဆန္ဒကို နှိုးခြင်းများ ဖြစ်ကြလေသည်။

ကုန်ပစ္စည်းအသုံးအဆောင် တစ်ခုခုကို လုပ်ရန်လွယ်၏။ မက်လောက်အောင် တန်ဆာဆင်ခြင်း၊ ကြော်ငြာခြင်းမှာ မလွယ်ကူချေ။ သို့ဖြစ်လေရာ ကုန်ပစ္စည်းကောင်းသလောက် ပကာသန၊ အတွေးအမြင် အထူးကောင်းအောင် ကြိုးစားရလေသည်။ ပစ္စည်းအမျိုးမျိုး ရောင်းရာ၌ ဝယ်သူ၏စိတ်မှာ လိုချင်သောအရာတွေ များပြီး စိတ်ဝေခြင်းမဖြစ်ရအောင် တစ်ခုကို စူးစိုက်စွဲလမ်းအောင် ပြသပြောဟောရလေသည်။

## အငြင်းစကားများ၊ သံသယစကားများ

'သည်ပစ္စည်းမျိုး ခင်ဗျားတို့ဆိုင်မှာ မလိုသေးဘူး ထင်ပါရဲ့' ဟူသော စကားမျိုးသည် မဝယ်ပါနှင့်ဟု ပြောသည်နှင့် မခြားချေ။ ရဲစွမ်းသတ္တိရှိခြင်း၊ သံသယကင်းခြင်း၊ ငါပြောလျှင် အောင်မှာပဲ ဟူသော စိတ်ကိုဆောင်ခြင်းသည် လွန်စွာခရီးရောက်၏။

အချို့ဖောက်သည်များသည် နောက်တဖြည်းဖြည်းမှဟူသော စကားကို သုံးတတ်၏။ ထိုအခါ နောင်မှဆိုလျှင် ဈေးကြီးနေမည်၊ အသုံးကျသောပစ္စည်းဖြစ်၍ တစ်နေ့နေ့ ဝယ်ရမည်ဖြစ်ချေက ယခု ယူထားမှ စိတ်ချရမည်၊ စိတ်အေးမည်ဟူသော အကြောင်းများကို ပြောပြရမည်။

မိမိ၏ ကုန်ပစ္စည်းအကြောင်းကို ပြောရာ၌လည်းကောင်း၊ အခြားကုန်ပစ္စည်းများနှင့် မိမိ ရောင်းသော ပစ္စည်းများကို နှိုင်းယှဉ်၍ပြရာ၌လည်းကောင်း၊ မိမိ ကိုယ်စားလှယ်ခံ၍ လုပ်ကိုင်သော ကုန်တိုက်နှင့် အခြားကုန်တိုက်များကို ယှဉ်ပြိုင်၍ပြရာ၌လည်းကောင်း အခြား ကုန်ပစ္စည်းများကို ရှုတ်ချခြင်းမပြုအပ်ပေ။ တစ်နေ့သ၌ မိမိရှုတ်ချပြောဖူးသော ကုန်ပစ္စည်းများကို မိမိကိုယ်စားလှယ်ယူ ရောင်းချသောအခါများ ကြုံလာတတ်လေသည်။ အချို့သော အသက်အာမခံကိုယ်စားလှယ်များသည် ထိုကဲ့သို့သော မှားယွင်းခြင်းမျိုးကို ကျူးလွန်တတ်ကြလေသည်။ အရှည်ကို မြော်မြင်ကြစေ။

စကားပြောရာ၌ ရှေ့စကား နောက်စကားညီ၍ အချိတ်အဆက် မှန်ရမည်။ တစ်ဆင့်မှတစ်ဆင့် အစီအစဉ်တည့်အောင် မှန်ရာကို ပြောရမည်။ ရောက်တတ်ရာရာပြော၍ စကားများတိုင်း အကျိုးမရှိချေ။ မိမိကုန်ပစ္စည်းအကြောင်း ပြောခိုက်မှာ အခြားကုန်ပစ္စည်းများအကြောင်း မပြောရ၊ တစ်စုံတစ်ခုသော အချက်အလက်ကို ပြောပြသည့်အခါ ကုန်စင်ရေလည်အောင် ပြောရမည်၊ ဤအချက်မှ ထိုအချက်သို့ အရမ်းကူးသန်းခြင်း မပြုအပ်ပေ။

အဖိုးအကြောင်းကို ပြောရာ၌ ငါးကျပ်တည်းပဲ၊ တစ်ဆယ်ကျပ်တည်းပဲဟု တည်းပဲဟူသော စကားကို မမေ့အပ်ပေ။ ဖောက်သည်ကို တိုက်တွန်းခြင်းမပြုရ၊ ဝယ်အောင်ဆွယ်ခြင်း ဆွဲခြင်းကို ပြုရမည်။ ၎င်း၏ သဘောအတိုင်း ၎င်း၏အသိဉာဏ်ဖြင့် ချင့်ချိန်၍ ဝယ်သောအနေဖြင့် ရောက်အောင် လုပ်ရမည်။

ဖောက်သည်မှာ ကုန်ပစ္စည်း၏ ကောင်းမြတ်ထိုက်တန် အသုံးဝင်ခြင်းကို မသိသူဖြစ်သောကြောင့် သိအောင် အတင်းပြောတိုက်တွန်း၍ ရောင်းသောအနေသို့ မရောက်စေရ။ လူမှန်က ကိုယ်တိုင်အသိနှင့် အလိုဆန္ဒကို အားကိုးမြဲဖြစ်လေရာ 'ကျုပ်သိပါတယ်ဗျာ၊ လိုချင်တော့ မှာပါ မယ်' ဟူသောစကားမျိုးကို ပြန်ပြောသောအနေမျိုးသို့ ရောက်အောင် မတွန်းကောင်းပေ။

## အငိုက်ကို ဖမ်းခြင်း

လူသည် အမှတ်တမဲ့ယောင်ယမ်းကာ အတုခိုးတတ်၏။ တစ်ယောက်လုပ်သလို လုပ်တတ်လေရာ အရောင်းအဝယ်ကို လက်မှတ်ထိုးစာချုပ်နှင့် လုပ်ရသည့်အခါ ကျင်လည်သော အရောင်းသမားသည် ပြောရင်းပြောရင်း စာချုပ်စာတမ်းပုံစံ၌ ရေးစရာ ထည့်စရာကလေးများကို ရေးထည့်ကာ မိမိ၏လက်မှတ်ကိုထိုးပြီး ဖောင်တိန်ကို ဝယ်မည့်သူလက်သို့ အမှတ်တမဲ့ပေးပြီး သည်နေရာမှာ လက်မှတ်ဟု လွှတ်ခနဲပြောနိုင်လေသည်။ ထိုအခါ ဝယ်သူမှာ စိတ်မပါတစ်ချက် ပါတစ်ချက်နှင့် ရှိရာက ဤနေရာတွင် စိတ်ပါခိုက်ဖြစ်သော စက္ကန့်အနည်းငယ်အတွင်းမှာ ကလောင်တံကို ကိုင်မိလျှင် လက်မှတ်ထိုးမိတတ်လေသည်။

အလွန် ရဲစွမ်းသတ္တိရှိ၍ အပြောကောင်းလျက် မိမိ၏စိတ်တန်ခိုးသတ္တိကို ယုံကြည်သော

mgyoe.com

mgyoe.com

အရောင်းသမားများသည် ထိုနည်းမျိုးဖြင့် ကြီးသောအရောင်းအဝယ်ကြီးများကို ဖြစ်နိုင်ကြလေသည်။

စက်ရောင်းသူတစ်ယောက်မှာ စက်ကောင်းကြောင်း အားကြီးပြောသဖြင့် ဝယ်အောင်ပြောဖို့ကို သတိလစ်ကာ ဝယ်အောင် ပြောပောာဆွဲဆောင်ခြင်းအလုပ်က နည်းပြီး မိမိ၏စက် ကောင်းကြောင်း ပြ၍နေခြင်းက ပိုမိုများသဖြင့် ဖောက်သည်မှာ စိတ်ပြောင်းသွားပြီး ဝယ်မည်ကြံပြီးမှ မဝယ်ဘဲနေသောကြောင့် မရောင်းရဘဲ ရှိဖူးလေသည်။ သို့ဖြစ်လေရာ ကုန်ပစ္စည်းအကြောင်း အဘယ်မျှသာ ပြောရမည်၊ ဝယ်အောင်ဆွဲဖို့စကားကို အဘယ်မျှပြောရမည်၊ ဘယ်လိုအခါ၌ ဆွဲဆောင်ရမည်ကို သိတတ်သောဉာဏ် လိုလေသည်။

ဤနေရာ၌ လူကဲကိုခတ်တတ်ခြင်းသည် လွန်စွာအရေးကြီးလေရာ အပျိုလှည့်သော လူပျိုကဲ့သို့ မိမိဘက်သို့ ပါလောက်ပြီ၊ မပါလောက်ပြီကို သိဖို့နှင့် မိအောင်ဖမ်းဖို့ အရေးကြီးလေသည်။

ကြီးသော အဖိုးတန်ပစ္စည်း၊ မော်တော်ကား၊ တိုက်တာခြံမြေ စသည်တို့ကို ရောင်းချခြင်း၌ အရောင်းကိစ္စတစ်ခု ပြီးမြောက်လျှင် အဘယ်မျှလောက် အကျိုးအမြတ်ရှိသည်ကိုလည်းကောင်း၊ အသက်အာမခံ တစ်ယောက်ကိုရလျှင် အဘယ်မျှလောက် အဆက်မပြတ် အကျိုးခံစားရမည်ကိုလည်းကောင်း ထောက်လိုက်သော် ထိုကဲ့သို့ ဉာဏ်စွမ်းသတ္တိထုတ်ခြင်းသည် ထုတ်လောက်သောအရာ ဖြစ်လေသည်။

နောင်အကျင့်ရ၍ အောင်မြင်စပြုသောအခါ ဤအလုပ်၌ ပျော်ရွှင်လာလိမ့်မည်။ အစ၌ လွန်စွာ ခက်ခဲသည်ဟု မှတ်ထင်ရ၏။ လုပ်မိသောအခါ အောင်မြင်ခြင်းအချက်သည် ပင်ပန်းခြင်း ဟူသမျှကို ပြေပျောက်စေလောက်အောင်ကြီးသော ဝမ်းမြောက်ခြင်းကို ဖြစ်စေလေသည်။

အခါများစွာ ပြောပောာ၍ မရနိုင်အောင် ခက်ခဲသည့်အခါ စိတ်လျှော့သည့်အနေနှင့် စကားရပ်ပြီး နာရီကိုထုတ်၍ကြည့်ကာ မီးရထား ဘယ်အချိန်ရောက်ပါလိမ့်မလဲဟု မေးသော ပရိယာယ်မျိုးဖြင့် စမ်းသပ်နိုင်၏။ သို့မဟုတ် 'စဉ်းစားပါဦး၊ နောက်တစ်လှည့် တွေ့ကြသေးတာပေါ့' ဟူသော စကားမျိုးကို သုံးနိုင်၏။ ထိုအခါ ဖောက်သည်မှ မူပြောင်း၍ 'နေပါဦးလားလေ၊ ခင်ဗျားစက်တော့ သဘောကျပါတယ်၊ နည်းနည်း အဖိုးက..' ဟူသော စကားမျိုးဖြင့် လိုက်လျောတတ်လေသည်။ ထိုအခါ ရောင်းသူက 'ဒီစကားမျိုးကို ကျွန်တော်ဖြေရတာ အကြိမ်ငါးဆယ်ကျော်ပြီ၊ နောက်ဆုံး ကျတော့ ကျေနပ်တာပါပဲ၊ ခင်ဗျားလဲ အခုပြောရင် ကျေနပ်မှာပဲ၊ သို့သော်လဲ အချိန်ကုန်ရုံရှိမှာမို့ မပြောပါရစေနဲ့တော့၊ ခင်ဗျား ယူမယ့်အတူတူ လက်မှတ်ထိုးလိုက်ရုံပေါ့ဗျာ' ဟုပြောကာ ကိုယ်တိုင် ထ၍ထိုးပြီး ရော့ဟု ကလောင်ကိုပေးခြင်းဖြင့် အလုပ်ပြီးသည့်အခါမျိုးတွေ များစွာရှိဖူးလေသည်။

ရောင်း၍ပြီးသောအခါ ချက်ချင်းပြန်၍မသွားအောင် ဝယ်သူက ကံကောင်းကြောင်း၊ အမြင်

mgyoe.com

mgyoe.com

ဉာဏ် မနည်းကြောင်း၊ အချိန်ကုန်စေသည့်အတွက် အားနာကြောင်း၊ ဝယ်သူအတွက် အများကြီး ကျေနပ်ဝမ်းသာဖို့အချက်တွေကို တဖြည်းဖြည်း တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ နောင် သည့်ထက် ပို၍ မှာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အမြဲအကျိုးဆောင်ဖို့ အသင့်ရှိကြောင်း ပြောဆိုပြီး ဖောက်သည်က တိုက်ကျွေးသော မုန့်ပဲသရေစာမျိုးစုံကို အေးအေးဆေးဆေးစားသောက်ပြီးမှ ကျေကျေနပ်နပ် မိတ်ဖွဲ့၍ပြန်သင့်လေသည်။ မိမိမှာကား ဝါဝင့်ကာ ဖောဖောသီသီ ပေးလားကမ်းလား ဝယ်လား ခြမ်းလား စားလားသောက်လား မလုပ်ကောင်းပေ။ သူ့မှာ ငွေရလွန်းစွာချောင်ပါကလားဟု သော အထင်မျိုး မည်သူ၏စိတ်မှာမှ ပေါ်အောင်မပြုအပ်ပေ။ အဝတ်အစားကိုပင် သားနားသပ်ရပ်ဖို့သာ လို၏။ ဝင့်ဝါခြင်းကိုကား မပြုအပ်ပေ။ မိမိ၌ လွန်စွာမှ စည်းစနစ်ကြီးစွာနှင့် ခြစ်ခြုတ်ရသော အသွင် ရှိစေရမည်။

အချုပ်မှာ စိတ်အားမငယ်ခြင်း၊ မိတ်ဆွေကောင်းသဘောရှိလျက် ဖော်ရွေခြင်း၊ မကြောက်ရွံ့ခြင်း၊ အပြောပိုင်ခြင်း၊ ရှေ့နောက် စကားညီခြင်း၊ ဆင်ခြေဆင်လက် နိုင်လုံခြင်း၊ ကိုယ်ပိုင်ဉာဏ် သုံးခြင်း၊ မျက်စိလျှင်ခြင်း၊ လူ့ကဲသိခြင်း၊ လတ်ဆတ်ရွှင်ပျခြင်း၊ သူတစ်ပါးစိတ်ပျော်ရွှင်အောင် ပြောခြင်း၊ စကားကြည်လင်ရှင်းလင်း သဲကွဲခြင်း၊ သိသိသာသာ မမြှောက်ပင့်ခြင်း၊ စိတ်မတိုခြင်း၊ ဖောက်သည် စိတ်ညစ်နေသလား၊ စိတ်အားငယ်နေသလား စသည်တို့ကို သိအောင်ဂရုစိုက်ခြင်း၊ တတ်သိလိမ္မာ အသိပညာလူတန်းစေ့ခြင်း၊ အတွက်အချက်မြန်ခြင်း၊ တိုက်တွန်းအား မကြီးခြင်း၊ စိတ်ကြည်လင်ခြင်း၊ ရိုးဖြောင့်ခြင်း၊ ပျာယာမခတ် လောမကြီးခြင်း၊ တည်ကြည်အေးငြိမ်း ခံ့ညားလွန်းခြင်း၊ ချိန်းချက်သည့်အချိန် မှန်ခြင်း၊ မိမိကို အထင်မသေးစေခြင်း၊ အရောမဝင်လွန်းခြင်း၊ စကားမများလွန်းခြင်း၊ အပြောအဆို မရိုင်းစိုင်းခြင်း၊ 'ခင်ဗျားမို့လို့ အထူးလျှော့ပြီး တမင် အကောင်းဆုံး ပြတာပါ'ဟူသော နည်းမျိုးကို မသုံးခြင်း၊ လူ၏စိတ်ကို သိခြင်း၊ လူ၏အကြိုက် စရိုက်ဝါသနာကို မြင်ခြင်း၊ မိမိ၏ ကုန်ပစ္စည်းအကြောင်းကို ကောင်းစွာသိခြင်း၊ ကုန်ပစ္စည်း လုပ်ကိုင်ဖြစ်ပေါ်ပုံနည်းလမ်းကို မှတ်သားခြင်း၊ နမူနာများ သားနားခြင်း၊ ဝယ်မည့်သူသည် ချွေတာသူလား၊ ဂုဏ်မက်သူလား၊ ဟန်ပကာသနသမားလား၊ တစ်ဆင့် အမြတ် လိုချင်သူလား ဟူ၍ သိစွာ ၎င်း၏ဝါသနာနှင့် တိုက်ဆိုင်မည့်အချက်တို့ကို ပစ္စည်းပေါ်၌ ပေါ်အောင်ပြောခြင်း၊ လိုလားနေသောပစ္စည်း ဟုတ် မဟုတ် သိခြင်း၊ ကြိုက်ကုန် ဟုတ် မဟုတ်ကို သိခြင်း၊ ပစ္စည်းလိုမည့်အခါ မလိုမည့်အခါကို သိခြင်း၊ ရပ်ရွာဒေသအခြေအနေ အသုံးအစွဲကိုမှတ်သားခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဝယ်သူ၏နေရာ၌ မိမိကိုယ်ကိုထား၍ စာနာခြင်း၊ အပြိုင် ရှိ မရှိ၊ များ မများကို သိခြင်း၊ အခြားရောင်းသူ၏အလုပ်ကို အနှောင့်အယှက်မပြု၊ အကျိုးယုတ်အောင် မပြော မကဲ့ခြင်း၊ ရိုးဖြောင့်မှန်ကန်ခြင်း၊ စိတ်ကို ဆွဲခြင်း၊ စိတ်ဝင်စားအောင် ပြုခြင်း၊ ဆန္ဒစိတ်ကို နှိုးခြင်း၊ တိုက်ခိုက်ခုခံခြင်း၊ ငြင်းခုံခြင်းကို မပြုခြင်း၊ အားမငယ်ခြင်း၊ ဆန္ဒစိတ်ပေါ်လာသည့်အခါကို သိအောင်အကဲခတ်ခြင်း၊ အမိဖမ်းခြင်း၊ စိတ်အား

mgyoe.com

mgyoe.com

ထက်သန်ခြင်း၊ အချက်ကျခြင်း၊ ကြက်တူရွေးပမာ မပြောခြင်း၊ အမေးကို လျင်မြန်စိတ်ကျေနပ်အောင် ဖြေနိုင်ခြင်း၊ အခါအခွင့် အချိန်ကာလ နေရာဌာန သင့် မသင့် လျော် မလျော်ကို သိခြင်း၊ မိမိအား ကျေးဇူးပြုသောအနေဖြင့် ဝယ်ပါခြိမ်းပါဟူသော စကားမျိုးကို မသုံးခြင်း၊ ဖွဲသန်၍ အထပ်ထပ် သွားရောက်ပြောဟောရဲခြင်း၊ ဗဟုသုတ အကြားအမြင်များ၍ ပါးရေနပ်ရေရှိခြင်း၊ ဤအချက်အားလုံးကို တစ်မျိုးစီ တစ်မျိုးစီ စိတ်၌ဓာတ်ခွဲသလို ဝေဖန်ဆင်ခြင်ကာ လေ့ကျင့်ခြင်းသည် ကြီးစွာသော အကျိုးကို ဖြစ်စေလိမ့်မည်ဟု စိတ်ချအပ်ပေသည်။

## ခုခံငြင်းဆန်ခြင်း

ဖောက်သည်များ ခုခံငြင်းဆန်သည့်အခါ ၎င်းတို့ပြောသော စကားများသည် အခါခပ်သိမ်း မမှန်ကန်တတ်ကြချေ။ သို့ဖြစ်လေရာ အဘယ်စိတ်နှင့် ငြင်းဆန်သည်ဟူသောအကြောင်းကို သိအောင် ဆင်ခြင်တတ်သောအလေ့ ရှိစေရာ၏။

မသက်ာတတ် လူလိမ်လူညာဟု ဖောက်သည်က ထင်မှတ်ဟန်ရှိလျှင် ဤမျှလောက်အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်၍ လာသူတစ်ယောက်အား ရိုးသားသူတစ်ယောက်ယောက်လာ၍ညာလျှင် ချက်ချင်းပေါ်မည်ဟု မိမိယုံကြည်ကြောင်း၊ ဤပစ္စည်းသည် ဈေးအနှံ့အပြားမှာရှိနေသည်။ ဆိုင်မှာတင်ထားလို့ အလကားပဲဟု ပြောလျှင် များခြင်းသည် အများလိုလားခြင်း၏ သက်သေဖြစ်ကြောင်း၊ လယ်တွေမများလျှင် စပါးအရောင်းအဝယ်ဖြစ်ဖို့ မရှိကြောင်း စသည့် နည်းမျိုးဖြင့် မိမိ၏ကုန်ပစ္စည်း တွင်ကျယ်နိုင်ကြောင်းကို ပြောရမည်။

အချို့ဆိုင်ရှင်များသည်ကား မည်သူမရှိလို့ မည်သူ့ကို တိုင်ပင်ရဦးမည်ဟူသော စကားမျိုးကို ပြောတတ်၏။ သို့သော်လည်း 'ခင်ဗျားပြီးလျှင် ပြီးပါတယ်၊ ကျုပ်ပစ္စည်း ကောင်းကြောင်းကို ကြည့်ရှုပဲကြည့်ပါ၊ နောက် ခင်ဗျားလူကို တစ်ဆင့်ပြောပြပါ' ဟူသောစကားမျိုးဖြင့် မိမိ၏ပစ္စည်းအကြောင်းကို ဝယ်ချင်အောင် ယဉ်ကျေးသိမ်မွေ့စွာပြောဖို့သာ လိုလေသည်။

အခြားတစ်ယောက်နှင့် အေးအေးဆေးဆေးတိုင်ပင်ပြီးမှ နောက်တစ်ဖန် လာပါမည်၊ တိုင်ပင်ပါဦးမည်ဟုပြော၍ ထွက်ခဲ့ချေက မအောင်မြင်နိုင်၊ အကြောင်းမူကား ဝယ်လိုသူသည် တစ်စုံတစ်ယောက်နှင့် တိုင်ပင်လျှင် ပျက်မြဲဖြစ်၏။ သို့ဖြစ်၍ မတိုင်ပင်ဘဲ မိမိသဘောအတိုင်း ဝယ်ချင်စိတ်ပေါက်အောင် ပြောရမည်။

ဈေးကို မဆစ်စေဘဲ တစ်ခွန်းတည်းထားခြင်းသည် နောင်ကို ဝယ်သူများက ထိုအကြောင်းကို သိလာသောအခါ စိတ်ချနိုင်သဖြင့်တစ်ကြောင်း၊ အချိန်မကုန်သောကြောင့်တစ်ကြောင်း များစွာ အကျိုးပိုမို၍ ရှိနိုင်လေသည်။

အချို့သော ဆိုင်ရှင်သူဌေးများထံ ကုန်ပစ္စည်းနမူနာ သွား၍ပြသည့်အခါ ရိုင်းစိုင်းစွာ ပြောတင်၏။ စိတ်ရှည်ကာ ပြုံးရွှင်စွာ ပြန်၍ရဲရဲပြောဆိုပါလေ။ ထိုလူမျိုးကို အသိအလိမ္မာတိုးပါစေဟု

သဘောထားရမည်။ အကယ်၍ ထိုသူဌေးသည် မိမိကဲ့သို့ ခရီးသွားကိုယ်စားလှယ်များကို အသုံးပြုသူဖြစ်ချေက 'ခင်ဗျားလွှတ်ထားတဲ့ လူတစ်ယောက်ကို အခြားသူဌေးတစ်ယောက်က ခင်ဗျား ပြောသလိုပြောလျှင် ခံနိုင်ပါ့မလားခင်ဗျာ' ဟု စိတ်မဆိုးဘဲ ဝမ်းနည်းစွာ မျက်နှာငယ်ငယ်နှင့် ပြောပါ။

ထိုအခါ ၎င်းမှာ စိတ်ပြောင်း၍လာပြီး ပြောသောစကားများကို နားထောင်လိမ့်မည်။ သို့သော်လည်း ရှည်ရှည်မပြောနှင့်။ လိုရင်းအချက်ကိုရောက်အောင် နှုတ်ခမ်းနှင့်လျှာကို အတောင်တပ်၍ ပေးလေ။

ရက်ရွေ့သောဖောက်သည်များကို တွေ့လျှင် ၎င်းတို့မှာ စိတ်မနိုင်သူဖြစ်ကြောင်း သိရမည်။ ထိုလူမျိုးအား အခါအခွင့်ကို လက်မလွှတ်သင့်ကြောင်း၊ မယူလိုက်ရတာ မှားသွားတယ်ဟူသော စကားမျိုးရှိသည်မှာ ဤလိုအမှားမျိုးတွေ ဖြစ်ခဲ့ဖူးသောကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ယခုဝယ်အောင် ပြောရမည်။

အချို့ကား ရှေးကျ၍ အဆန်းအသစ်ကို မလိုလားတတ်ကြချေ။ အချို့ကလည်း ကုန်ကို တစ်နေရာတည်းမှ ဝယ်တတ်၏။ ၎င်းတို့မှာ အသိနည်းသော လူရိုးများဖြစ်ကြရာ စိတ်ရှည်စွာပြောလျှင် ရနိုင်၏။ အချို့ကလည်း ကိုယ်စားလှယ်လုပ်၍ ရောင်းလာသောသူ၏ တိုက်ရင်းနှင့် မသင့်မတင့်ဖြစ်၍ နေတတ်လေရာ သင့်မြတ်လေအောင် မကျေမနပ်ဖြစ်ဖူးက ကျေနပ်အောင် လုပ်၍ ပေးရမည်။ မိမိတိုက်က မတော်တဆမှားယွင်းဖူးလျှင်လည်း ပြုပြင်ပေးရမည်။

ဤနည်းမျိုးဖြင့် ရောင်းသူ၏စိတ်၌ ဖောက်သည်များ ပြောဆိုမည့်စကားများကို တင်ကြို၍သိနှင့်လျက် ဖြေလုံးတွေ ပြည့်နက်စွာထားရှိဖို့ရန် လိုလေသည်။ ဤသို့ဖြေလုံး ပြောလုံးကောင်းခြင်း၊ လျှင်ခြင်းသည် ပုဂ္ဂိုလ်ခင်၍ ပစ္စည်းကိုဝယ်ချင်သောစိတ်များ ဖြစ်နိုင်လေသည်။

ငွေမရှိ၊ ကုန်တွေ အိုက်နေသည်၊ ကုန်ကိုမကြိုက်၊ ခင်ဗျားတို့ပစ္စည်းက ကြော်ငြာမှ မရှိဘဲ၊ အပေါ်စားကုန်မှ တွင်နေတဲ့အခါ ဖြစ်တယ်၊ ပိုက်ဆံရှားတယ်၊ လူတွေ မဝယ်နိုင်ကြဘူး၊ မလိုသေးဘူး၊ လဆိုင်းမှ မပေးဘဲကိုး၊ ခင်ဗျားတိုက်က ဘယ်သို့ ဘယ်ညာကိုး၊ ခင်ဗျားတို့တိုက်ကလေးက ငယ်တယ်၊ သည်တော့ ကုန်ပစ္စည်း စိတ်မချရဘူး၊ မှန်ပါ့မလား၊ ခင်ဗျားတို့တိုက်ကို မကြားဖူးဘူး၊ ကျုပ်တို့ ခရီးသွားကိုယ်စားလှယ်များထံမှ ဝယ်လေ့မရှိဘူး၊ အလုပ်များတယ်၊ စကားမပြောအားဘူး စသည့်နည်းမျိုးဖြင့် ခုခံငြင်းဆန်ခြင်းသည် အခါခပ်သိမ်း အဟုတ်တကယ် မဟုတ်၊ ထိုစကားများကို ပြေလည်အောင် အဘယ်ပုံပြောရမည်၊ မအားလပ်သူနှင့် တွေ့ရအောင် အဘယ်ပုံ ကြံရမည် ဟူသောနည်းတို့ကို ကြံစည်၍ ကြိုတင်ပြင်ဆင်ကာ နည်းလမ်းကို ရှာတတ်ချေက အောင်မြင်ဖို့လမ်းတွေ များစွာ ပေါ်ပေါက်နိုင်လေသည်။

mgyoe.com

mgyoe.com

## ကိုယ်ကို ရောင်းခြင်း

ငင်းသည် အလုပ်ကိုရအောင်ရှာခြင်း၊ လျှောက်ခြင်းဖြစ်လေသည်။ အလုပ်တိုက်တစ်ခုခုမှာ အလုပ်ဝင်၍လုပ်လျှင် ထိုတိုက်မှာ လူလိုသည် မလိုသည်ကို မေးဖို့မလို၊ လူမလိုဟု စာကပ်၍ထားသည်ကိုလည်း ဂရုစိုက်ဖို့မရှိ၊ ငင်းတိုက်သည် အဘယ်အလုပ်မျိုးကို လုပ်သည့်အကြောင်း သိရှိကာ ထိုတိုက်၏နည်းလမ်း အခြေအနေများသို့ တတ်သိနားလည်အောင် ရှေးဦးစွာ ကြိုးစားရမည်။ ထို့နောက် အလုပ်ကို ရိုးရိုးမတောင်းဘဲ မိမိအဘယ်အရာကို နားလည်ကြောင်း၊ အဘယ်ပုံ လုပ်ကိုင်လျှင် အကျိုးများဖို့ရှိကြောင်း အကြံဉာဏ်ပေးခြင်း၊ မိမိသာ ဆောင်ရွက်ပေးရလျှင် အဘယ်မျှ ပိုမို၍ဖြစ်ထွန်းနိုင်ကြောင်းများကို ပြောကာ အကြံသစ် ဉာဏ်သစ် နည်းသစ်များပေးခြင်းဖြင့် အလုပ်ကို ရနိုင်လေသည်။

ထိုနည်းဖြင့် ကိုယ်စားလှယ်အလုပ်များကို ရနိုင်လေသည်။ သို့သော်လည်း တိုက်ဟူသမျှမှာ ထိုကဲ့သို့ မဖြစ်နိုင်ချေ။ များမကြာမီက ထိုနည်းမျိုးဖြင့် မြန်မာလူမျိုးတစ်ဦးသည် မြန်မာပြည်တစ်ပြည်လုံးကို မော်တော်ကားများနှင့် လှည့်လည်၍ ကြော်ငြာသောအလုပ်ကို ကုန်တိုက်ကြီးများ ထံမှ အခများစွာယူ၍ လုပ်ဖူး၏။ ယခု ရပ်နား၍နေခြင်းမှာကား အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေလိမ့်မည်။

လူစရှိဖို့၊ ပေါက်ရောက်ဖို့ အထက်၌ဖော်ပြခဲ့သော နည်းလမ်းတို့ကို သတိပြုမှတ်သားလေ့ကျင့်ကာ အသုံးပြုဖို့သာ လိုလေသည်။ ဉာဏ်ကြီးသလောက် ရဲရင့်၍ အကြံလည်းကြီးလျှင် ကြီးသော တိုက်ကြီးများမှ ကြီးသောနေရာများကို ရနိုင်လေသည်။

ကြော်ငြာကိုယ်စားလှယ် လုပ်သူများသည် ဤလိုလူမျိုးတွေ ဖြစ်ကြ၏။ ကုန်တိုက်၌ရောင်းချသော စာရေးအလုပ်ကို လျှောက်တောင်းသည်ထက် စာရေးထံ တိုက်ရိုက်ဝင်ပြီး ခင်ဗျားထံမှာရှိသော ကုန်များကို ကျုပ် တွင်အောင်ရောင်းပေးမည်၊ ဘယ်လိုနည်းလမ်းရှိသည်၊ ကျုပ်ကို ဘယ်လောက် ပေးမလဲ၊ ခင်ဗျားတို့ကို ကျုပ် ပိုမိုကြီးပွားအောင် လုပ်ပေးနိုင်သည်ဟု ရဲရင့်စွာ တကယ်နည်းလမ်းနှင့် ပြောလျှင် ယုံကြည်လွှဲအပ်ရုံသာမက ကောင်းမွန်းသိလျှင် ဘုရားတစ်ဆူ ဝူတစ်လုံးပင် ကိုးကွယ်၍ထားပေမည်။

လျှောက်လွှာနှင့် အလုပ်လျှောက်သည့်အခါ၌ ပုံသေနည်းများကို လိုက်ကာ လျှောက်လွှာပုံစံအတိုင်း ရေးခြင်းသည် အသက်မပါသော လျှောက်လွှာဖြစ်၍ အကျိုးမများ၊ အဟုတ်တကယ် မိမိနိုင်နင်းက အလုပ်တစ်ခုခုကို လုပ်နိုင်ကြောင်း ကိုယ်တိုင်တွေ့၍ ပြောပြသရို ရိုးရိုးတည့်တည့် ပိုင်နိုင်စွာရေးပြီး ကိုယ်တိုင်တွေ့ဆုံခွင့်ကို တောင်းရမည်။ တွေ့သောအခါ သပ်ရပ်သန့်ရှင်း စုံညားရဲရင့်သောအသွင် ရှိစေဖို့သာ လိုအပ်ပေသည်။

၀

mgyoe.com